www.burmeseclassic.com

BURMESE CLASSIC .com

မိုးသက်နှင်းထက်

# ရင်ဘတ်စောင့်တဲ့နတ်

DESIGN : KHANT MINN HTET

www.burmeseclassic.com

www.burmeseclassic.com

# မိုးသောက်လင်းသောက်

## ရင်ဘတ်စောင့်တဲ့

နုတ်

တော်ဝင်မြို့မစာအုပ်တိုက်

အမှတ်(၈၈)၊ ဒုတိယထပ်၊ ၃၈–လမ်း၊ ကျောက်တံတား။

ဖုန်း – ၃၇၉၄၇၇၊ ၂၄၅၂၈၄

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၁၅၇၈၁၁၀၀၈ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၁၄၂၀၀၀၈ |
| မျက်နှာဖုံးဒီဇိုင်း | - | ခန့်မင်းထက် |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းနိုး (မြ - ၀၃၉၉၀) |
| | | ၇၇/အ ၃၇လမ်း ကျောက်တံတားမြို့နယ်။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဦးလှိုင်ဝင်းနိုး (တော်ဝင်မြို့မပုံနှိပ်တိုက်) |
| | | အမှတ်(၃၀-ခ)၊ သာယာကုန်းလမ်း၊ |
| | | ပုဇွန်တောင်မြို့နယ်။ |
| အတွင်းပလင် | - | ကိုဦးနှင့် ညီများ |
| ထုတ်ဝေခြင်း | - | ပထမအကြိမ် |
| | | ၂၀၀၈ ခုနှစ် နိုဝင်ဘာလ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀၀ ကျပ် |




အရက်သည် သောက်ရင်မူးတတ်မှန်း လူတိုင်းသိသည်။ မူးချင်လို့လည်း သောက်ကြတာများသည်။ တချို့ကတော့ အရက်အရသာကိုကြိုက်၍ သောက်ကြသည်ဟုဆို၏။ ဘယ်လိုအကြောင်းကြောင့်ပဲ သောက်သောက်၊ အရက်သည် သောက်ရင်မူး၏။ ထိုအရက်ကြောင့်ပင် သူမနှင့်ကျွန်တော် စတင်ဆုံတွေ့ခွင့်ရလာခြင်းဖြစ်သည်။

ထိုနေ့က မှတ်မှတ်ရရ မိုးတွေသည်းထန်စွာရွာနေပါသည်။ မကြီးမကျယ်လွန်းသော အလယ်အလတ်တန်းစား ဘီယာဆိုင်လေးအတွင်း ကျွန်တော်တို့ရှိနေကြ၏။ ထိုနေ့က အောင်ဒွေးမွေးနေ့. . ။

လူလည်း တော်တော်စုံသည်။ မှန်ကြောင်၊ ပေါကြီး၊ ဝတုတ်၊ ချစ်တီး အကုန်ရှိကြ၏။ ပေါကြီးနှင့်မှန်ကြောင်က ရေချိန်ကိုက်နေပြီဟု ပြောလို့ရသည်။ စကားဝိုင်းတစ်ခုလုံးတွင် သူတို့နှစ်ယောက်လု ပြောနေတာနှင့် ကျန်တဲ့လူတွေက ငုတ်တုတ်။

"ငါ သူ့ကိုသိပ်ချစ်တာ မင်းတို့မသိပါဘူးကွာ. . . ဒီ. . အော . . ဒီမိန်းမကို. . အား. . ဒီမိန်းမကို သိပ်ချစ်တာ မင်းတို့မသိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



အားလုံးက ပေါကြီးကိုဝိုင်းကြည့်ကြ၏။ အကြောင်းသိတွေဖြစ်နေလို့ ဘယ်မိန်းမလဲဆိုတာတော့ မမေးတော့။ ဒီကောင်ကမှူးရင် ဒီလိုပဲ အသည်းကွဲကွဲသွားတတ်၏။

ဘယ်သူ့ကြောင့်ကွဲမှန်းလဲ မသိ။ မေးကြည့်လည်း အပိုပဲဖြစ်သည်။ ရည်းစားတစ်ယောက်တောင် ဖြစ်ဖြစ်မြောက်မြောက်မရှိတဲ့ ကောင်က ဘယ်လိုအသည်းကွဲမလဲ။ မူးလို့သာကွဲသွားခြင်းဖြစ်သည်။ သူ့ဘာသာသူလည်း ရေရေရာရာသိလှတာမဟုတ်။

တစ်ခါတစ်ရံ သူကြိုက်နေတဲ့ ရုပ်ရှင်မင်းသမီး တစ်ယောက် ရည်းစားရသွားတယ်ကြားရင်လည်း အသည်းကွဲသည်။ ကိုရီးယားမင်းသမီးတွေ ယောကျ်ားယူတယ်ကြားရင်လည်း သူက မူးအောင်သောက်ပြီး ကြားထဲက အသည်းကွဲသွား၏။

ဟိုတစ်လောက သူ သိပ်ချစ်တဲ့ ဟောလိဝုဒ်စတား အင်ဂျလီနာဂျိုလီက ဘရက်ပစ်နဲ့ လက်ထပ်တော့မယ်ကြားလို့ လေးရက် ဆက်တိုက် အသည်းကွဲသွားဖူး၏။

မမူးရင် အကောင်း၊ မူးလို့ကတော့ ကွဲပြီသာမှတ်။ အခုလည်း . .

"မင်းတို့အားလုံး စဉ်းစားကြည့် . . . ဒီမိန်းမဆက်ဆံပုံက ငါ့ အပေါ် စိမ်းကားရက်စက်လွန်းတယ်ကွ . . . အမှန်ဆို ဒီလိုမလုပ်သင့်ဘူး"

အားလုံး ကြောင်တောင်တောင်နဲ့ ဝိုင်းကြည့်နေစဉ်မှာ ကျွန်တော်က . . .

"မင်း ဘယ်သူ့ကိုပြောနေတာလဲ"

ပေါကြီးက ခွက်နှုတ်ခမ်းကို လက်ညှိုးလေးနဲ့ အသာပွတ်ပြီး တွေတွေကြီးဖြစ်နေပြီးမှ . . .

"မင်း မသိပါဘူးကွာ . . . အသာနေစမ်းပါ"





"အင်"

ကျွန်တော်ခေါင်းကုတ်ပြီး အသာငြိမ်နေလိုက်ရတော့သည်။ မှန်ကြောင်က ရှူးကြောင်မူးကြောင်နဲ့ဝင်ပြီး . . . .

"စိတ်လျှော့ပါ ပေါကြီးရာ . . . လောကမှာ အရက်လောက် ဘယ်အရာမှသစ္စာမရှိဘူးကွ . . . အေ့ . . အဲ . . အရက်က ဘာနဲ့ရောရော မူးတယ် . . . မိန်းမဆိုတာ . . ဂေ့ . . အား . . ဘာနဲ့ရောရော မမူးပါဘူးကွာ"

ဆိုင်သလိုလိုရှိသော်လည်း သေချာတွေးကြည့်ရင် ဘာမှတော့ မဆိုင်။ သို့သော် အားလုံးက သူ့ရေချိန်လေးနှင့်သူ အဆင်ပြေနေကြ၍ ထိုကိစ္စကို အပင်ပန်းခံပြီး မငြင်းမိ။

ဒီလိုနှင့် တစ်ယောက် တစ်ပေါက် အရေမရ၊ အဖတ်မရတွေ ပြောရင်း အချိန်တွေကုန်ဆုံးလာ၏။ ပထမဆုံးပြန်ဖို့ သတိရသူက ချစ်တီး . . .

"ဆယ့်တစ်နာရီတောင် ထိုးတော့မယ် . . . ပြန်ကြရအောင်ကွာ"

မှန်ကြောင်က ခေါင်းစိုက်နေရာမှ ဆတ်ခနဲထကြည့်ပြီး . .

"ငါ မပြည့်သေးဘူးကွာ . . အေးဆေးပေါ့"

ဆိုပြီး ခွက်ထဲက လက်ကျန်စုံးလောက်ကို တစ်ခါတည်းမော့၏။ ပြီးတော့ ပုလင်းဆီလက်လှမ်းလိုက်ပြီး . . .

"ဟင် . . ကုန်ပြီလား . . . မြန်လိုက်တာ"

ကျွန်တော် မှန်ကြောင်လက်ကိုဆွဲဖယ်လိုက်ကာ . . . .

"မှန်ကြောင် . . . မင်းမူးနေပြီ တော်တော့"

အရက်သမားတို့ထုံးစံ မူးတယ်ပြောရင် ဘယ်တော့မှလက်မခံချင်ကြ။ လူသာ လေးဘက်ထောက်ပြီး ဆိုင်ထဲကထွက်ချင်ထွက်သွားမည်။ မူးတယ်ပြောရင် ဘယ်တော့မှမရ။



www.burmeseclassic.com

www.burmeseclassic.com



အခုလည်း မှန်ကြောင် ကျွန်တော့်ကို ဆတ်ခနဲလှည့်ကြည့်ကာ . . .

"မင်းနဲ့ငါနဲ့ ဆယ့်ကိုးအလီပြိုင်ဆိုမလား. . . ငါ့အကြောင်း ငါသိတယ်. . . ငါဘာမှမဖြစ်ဘူး"

ပြောရင်းနှင့် နောက်ကိုယိုင်သွား၍ မနည်းထိန်းပေးလိုက်ရ၏။ ဒါကို ဆရာသမားက မမူးသေးဘူးလုပ်နေသေး၏။ ကျော်ဌေးက အခြေအနေအရပ်ရပ်ကို သဘောပေါက်လိုက်၍ အခုမှကိစ္စတစ်ခုကို သတိရသလိုလုပ်ကာ လူစုခွဲဖို့ပြင်လေသည်။

"အခုမှသတိရတယ်. . . ငါ မနက်စောစော အမေ့ကို အလှူတစ်ခုလိုက်ပို့စရာရှိတယ်ကွ. . . ပြန်ရအောင်. . . ညီလေးရေ ရှင်းမယ်"

တစ်လက်စတည်း ကျော်ဌေးက စားပွဲထိုးလေးကိုပါလှမ်းခေါ်လိုက်၏။ ပွဲပြီးခါနီးဆိုတော့ အစာပိတ်ဆိုပြီး ပေါကြီးနှင့်မှန်ကြောင်က တစ်ယောက်တစ်ပက်စီလုပ်လိုက်သေး၏။

ထို့နောက် ကျော်ဌေးကားနဲ့ပဲ သူတို့ပြန်သွားကြလေသည်။ ကျွန်တော့်အိမ်ကတော့ ဆိုင်နဲ့မလှမ်းမကမ်းမှာဆိုတော့ လမ်းလျှောက်ပြန်လို့ရသည်။ အားလုံး ကားပေါ်ရောက်တော့ နှုတ်ဆက်စဉ် ကျော်ဌေးက . . . .

"ငါ့ကားနဲ့ တစ်ခါတည်းလိုက်ခဲ့ပါလား. . မိုးတွေ ဒီလောက်ရွာနေတာ ရွှဲကုန်မှာပေါ့"

ကျွန်တော်က လက်ထဲကထီးကိုထောင်ပြပြီး . . .

"ကြိုသိလို့ယူလာခဲ့တယ်. . . ပြဿနာမရှိဘူး သွားတော့"

ကျော်ဌေးကခေါင်းညိတ်ပြပြီး ကားကိုမောင်းထွက်သွားတော့၏။ မိုးစက် မိုးမှုန်တွေကြားမှာ ကျော်ဌေးကားလေး တရွေ့ရွေ့ပျောက်ကွယ်သွားသည်အထိ ကျွန်တော်ငေးကြည့်နေမိပါသည်။





ပတ်ဝန်းကျင်သည် လျှပ်စီးလက်တာကြောင့် တစ်ချက်တစ်ချက် လင်းထိန်ကာသွား၏။ မိုးလည်း တဖြည်းဖြည်းသည်းလာတာကို သတိထားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



**ဖြတ်** လမ်းကပြန်လျှင် အိမ်ကိုမြန်မြန်ရောက်နိုင်သည်။ သို့သော် ဖြတ်လမ်းက အိမ်နောက်ဖေးလမ်းကြား တွေပါနေ၍ ဒီအချိန်ရေလျှံနေနိုင်၏။ ဒါ့ကြောင့် ကတ္တရာလမ်းမကြီးအတိုင်းပဲ ပြန်ရန်ဆုံးဖြတ်ပြီး ထွက်ခဲ့လိုက်တော့သည်။

လမ်းမကြီးပေါ်မှာ ကားအသွားအလာ တော်တော်ရှင်းနေသည်။ မှတ်တိုင်တစ်ခုအောက်မှာ အိပ်နေတဲ့ခွေးက အိပ်ချင်မူးတူးနှင့် ကျွန်တော့်ကို ထိုးမောင်တာမှလွဲ၍ အရာရာသည် တိတ်ဆိတ်ငြိမ်သက်လျက်. . ။

မိုးစက်တို့သည် မြေပြင်ပေါ်ကြွေကျပြီး တစ်ချက် ထခုန်ကာ ခြေသလုံးသားကို လာစင်၏။ ဘောင်းဘီအတိုဝတ်လာ၍ တော်ပေသေးသည်။ နို့မို့ဆို ခြေသလုံးအောက်ပိုင်း ရွှဲသွားနိုင်၏။

ထို့နောက် လေပြင်းတစ်ချက်ဝှေ့တိုက်သွားသောကြောင့် မျက်နှာမှာ အေးခနဲဖြစ်သွားပြီး မိုးမှုံတို့ လေပြင်းသယ်ရာ ယိမ်းနွဲ့တာလိုက်ပါသွားကြသည်။

ခေါင်းထဲမှာ နည်းနည်းမူးသလိုရှိလာသည်။ ခုနတော့ ဆိုင်





ထဲမှာ စကားပြောလိုက်၊ သောက်လိုက်ဆိုတော့ အာရုံတွေများပြီး မူးတာကို သတိမထားမိသော်လည်း အခုလိုလေလေးတအေးအေး ဆိုတော့ ရိုတ်တိတ်တိတ်ဖြစ်ကာလာသည်။

သို့သော် ဣန္ဒြေပျက်လောက်အောင် မူးသွားခြင်းမဟုတ်သောကြောင့် နေလို့ထိုင်လို့တောင် ကောင်းနေသလိုမျိုး ခံစားရသေး၏။ ဒီလိုနှင့်လျှောက်လာရင်း တစ်နေရာရောက်တော့ သောက်လာတဲ့အရည်မျိုးစုံက စတင်အစွမ်းပြလာတော့သည်။

အပေါ့သွားချင်လာပြီ. . ။

ပထမတော့ အောင့်အည်းပြီး ဆက်လျှောက်နေသော်လည်း မရတော့။ ကိစ္စက ထိပ်ဝရောက်နေပြီ။ ဒါ့ကြောင့် နေရာကောင်းကောင်းတစ်ခုကို အပြင်းအထန်ရှာဖွေလိုက်တော့ ခပ်လှမ်းလှမ်းမှ ခရေပင်တန်းလေးတစ်စုကို တွေ့လိုက်ရ၏။ ခရေပင်တန်းနောက်မှာတော့ ခြံတစ်ခြံရှိ၏။ သို့သော် ကိစ္စမရှိ။ ဒီအချိန် တစ်အိမ်လုံးအိပ်နေလောက်ပြီ။ ပတ်ဝန်းကျင်ကိုကြည့်တော့လည်း လူပြတ်စ။

ကျွန်တော်တွေးမနေတော့။ ခရေပင်တစ်ပင်နောက် အသာကပ်သွားပြီး ခြံစည်းရိုးနားကပ်ပေါက်နေသော ပုဏ္ဏရိက်ပင်လေးတွေကိုပဲ. . ။

အား. . လား. . လား. . .

လူတစ်ကိုယ်လုံး ကြက်သီးထ လောက်အောင် ပေါ့ပါးလန်းဆန်းသွားတော့၏။ လွယ်ထားရသော အန္တရာယ်ကို အထွတ်အထိပ်ရောက်နေချိန်မှာ ဖြေရှင်းလိုက်ရသည့် အရသာသည် ဘာနှင့်မှမလဲနိုင်။ ပြီးတော့ မိုးလေးအေးအေးနှင့်ဆို ဒါမျိုးက အရသာတစ်မျိုး။

တွေးနေစဉ်မှာပဲ အနောက်ဘက်ကခြေသံလိုလိုကြားရ၍ ရင်ထဲ ဒိန်းခနဲဖြစ်သွားကာ လှည့်ကြည့်လိုက်တော့ . . . .

"ဟာ . . ."



www.burmeseclassic.com

www.burmeseclassic.com



"အမေ့"

သူမနှင့်ကျွန်တော် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ရင်း ကြောင်တောင်တောင်ကြီးဖြစ်သွားသည်။ ထို့နောက် ပထမဆုံး သတိဝင်လာသူက ကျွန်တော်ပါ။ သတိရရချင်း ဘောင်းဘီဇစ်ကို အမြန်ဆွဲတင်ပစ်လိုက်တော့ . . . .

"အား"

ကျွန်တော့်အော်သံကြောင့် ကောင်မလေးက ကြောင်ကြည့်နေရာမှ ပိုလန့်သွားဟန်တူ၏။ နောက်ဘက်ကို ဆွေ့ခနဲခုန်ဆုတ်သွားကာ . . .

"ရှင်. . ရှင်. . ဘာဖြစ်. . ဘာဖြစ်တာလဲ"

ကျွန်တော်လည်း လည်ပြန်လှည့်ကြည့်ပြီးမှ . . .

"လက်. . လက်ညှိုး. . ညပ်. . ညပ်သွားလို့"

ကောင်မလေးက ကျွန်တော်အပေါ့သွားနေတာကို အခုထိ သဘောပေါက်သေးဟန်မတူ။ ထွက်မသွားသေးဘဲ မျက်လုံးလေးပြူးပြီး ကြည့်နေသေးသည်။

ကျွန်တော်ကလည်း သူမကို ကျောပေးရပ်နေသောကြောင့် အရာအားလုံးကို သူမမြင်ဟန်မတူပေ။ မြင်ချင်ပါ တယ်ဆိုရင်တောင် မြင်လို့မသင့်တော်တဲ့ဘဝ။

ခေတ်ကာလသားသမီးဖြစ်ပြီး အနေအထားကြည့်၍ မသုံးသပ်တတ်သောကောင်မလေးကို ကျွန်တော်ဒေါသထွက်သွားသည်။ ပြီးတော့ ဇစ်ကိစ္စက ပြဿနာထပ်တက်သည်။

လက်ညှိုးညပ်သွား၍ အောက်ပြန်ချပြီး အပေါ်ပြန်ဆွဲတော့ ဇစ်ကဆွဲလို့မရတော့။ အသာချော့ဆွဲကြည့်သည်။ ဘာနဲ့ထစ်ပြီး တင်းခံနေလဲမသိ။ ကျွန်တော် ငုံ့ကြည့်တော့ သဲသဲကွဲကွဲ သိပ်မမြင်ရ။ အခုမှ ဒုက္ခရောက်ပြီ။





ကိုယ့်အောက်ကိုယ် ငုံ့ကြည့်လိုက်၊ မျက်နှာရှုံ့မဲ့သွားလိုက် လုပ်နေသော ကျွန်တော့်ကို ကောင်မလေး ဘယ်လိုသဘောပေါက်သွားတယ်မသိပေ။ အနောက်က လှစ်ခနဲထွက်ပြေးသွားပြီး ကျွန်တော့်ဘိစ္စရှင်းနေတဲ့ ပုဏ္ဏရိက်တန်းလေးနောက်က ခြံထဲ ပြေးဝင်သွားလေတော့၏။

ခဏကြာတော့ ခြံထဲက လူသံတွေဆူညံစွာကြားလိုက်ရစဉ်မှာ ကျွန်တော်ခေါင်းနပန်းကြီးသွားတော့သည်။ ဒီအချိန် မသက်ာမှု၊ မှောင်ရိပ်ခိုမှု၊ ခြံနား လူကပ်မှု စသည်ဖြင့် တစ်ခုခုနှင့်ဆွဲခံရလျှင်တော့ နာပြီ။ ဒါ့ကြောင့် ဇစ်ကို ဆွဲမနေတော့ဘဲ နောက်ပြန်လှည့် ခလို့ကြဲလိုက်စဉ်မှာပဲ . . . .

"ဟိတ်ကောင်. . ရပ်စမ်း"

ထိုအသံသည် ကျွန်တော့်နားထဲ အမြောက်နှင့်ကပ်ထုလိုက်သလောက် ကျယ်လောင်ထွက်သွားပါတော့သည်။ ဒီအချိန်မှာတော့ ထွက်ပြေးလည်း မလွတ်တော့။ ဒါ့ကြောင့် လာမယ့်ဘေးသာ ပြေးတွေ့လိုက်ပါတော့သည်။

လူတစ်ဦးတစ်ယောက်မှာ ရှူးရှူးပေါက်ဖို့ အခွင့်အရေးရှိသည်ကို သူတို့နားလည်နိုင်ပါစေ။

www.burmeseclassic.com

www.burmeseclassic.com



လူက သုံးယောက်၊ အားလုံး ထောင်ထောင်မောင်းမောင်း ကြီးတွေ။ ဗလတွေကလည်း အယ်လို့ ကာယဗလပြိုင်ပွဲဝင်ဖို့ လေ့ကျင့်ထားလား မသိပေ။ နည်းနည်းတော့ အလိုက်အထိုက်ဆက်ဆံမှပဲ ကျွန်တော်တွေးမိ၏။ ကိုယ့်ဘက်က သူတို့ခြံရှေ့မှာ အပေါ့သွားထားတော့ လူမှုရေးအရ အပြစ်ရှိနေသည်ကတစ်ကြောင်း၊ နောက်တစ်ကြောင်းက ပုံစံတွေက တကယ်လုပ်မယ့်ရုပ်တွေ။ တစ်ယောက် တစ်ယောက်ချင်းဆိုလို့ကတော့ ဘာပြောကောင်းမလဲ။ ဒါလောက်တော့ စိတ်ကူးထဲထည့်မထား။

ထွက်ပြေးရင် လွတ်နိုင်သေးသည်။ သုံးယောက်ဆိုတော့ ပြေးလည်းလွတ်မည် မထင်ပေ။ တွေးနေစဉ်မှာပင် အထွားဆုံးကောင် တစ်ကောင် အနားကပ်လာပြီး

"မင်းနာမည် ဘယ်သူလဲ... ဘယ်ကလဲ"

ကျွန်တော်ကလည်း ခပ်တည်တည်ပင်။

"အာကာ"

"ဘယ်မှာနေလဲ"

"နှစ်ရပ်ကွက်မှာ"





ထိုလူက နောက်ကလူနှစ်ယောက်ကိုလှည့်ကြည့်ပြီး ...

"ဒီကောင့်ကို အိမ်ထဲခေါ်ခဲ့... အခုလောက်ဆို အဖေ ရဲကို ဖုန်းဆက်ပြီးလောက်ပြီ"

"ဟင်"

'ရဲ' ဆိုသည့်အသံကြားရ၍ ကျွန်တော်နောက်ကို တစ်ချက် ယိုင်သွားမိသည်။ အန္တရာယ်မလွှယ်နိုင်လို့ လုပ်လိုက်မိသည့်ကိစ္စသည် 'ရဲ' ကိုခေါ်ရလောက်အောင်အထိ အပြစ်ကြီးသွားမည်ဟု ထင်မထား မိ။

မျက်နှာပျက်သွားသော ကျွန်တော့်ကိုကြည့်၍ သုံးယောက် လုံး အနားသို့ ဆွေ့ခနဲရောက်လာကာ နှစ်ယောက်က ကျွန်တော့် လက်မောင်းတစ်ဖက်တစ်ချက်ကို ဆုပ်ကိုင်လိုက်သည်။

ရုတ်တရက်ဆိုတော့ ရုန်းကြည့်သေး၏။ သို့သော် ကျွန်တော့် ခန္ဓာကိုယ်သည် ဂေါ်ဇီလာလက်ထဲရောက်နေသော ပုရွက်ဆိတ်တစ် ကောင်လို လှုပ်တောင်မရတော့ပေ။

သူများတွေများ သန်လိုက်တာ။ ခန္ဓာကိုယ်က လှုပ်မရသော် လည်း ပါးစပ်က လှုပ်လို့ရသေး၍

"ခင်ဗျားတို့ ဒါဘာလုပ်တာလဲဗျ... ကျုပ် မိကောင်းဖခင် သားသမီးနော်... ရုတ်ရုတ် ရုတ်ရုတ် မလုပ်နဲ့"

"ရုတ်ရုတ် ရုတ်ရုတ် မလုပ်ရမှာ မင်းကွ... ငါတို့ မဟုတ် ဘူး ...မင်း ငါတို့ခြံကို ဘာရည်ရွယ်ချက်နဲ့ ကပ်တာလဲ... လူလစ်ရင် ခြံထဲဝင်ပြီး ပစ္စည်းမ,မလို့ မဟုတ်လား... တော်သေး တာပေါ့ ငါ့ညီမ .. ခရေပန်းထွက်ကောက်တုန်း .. မိလို့"

"ဟင်"

ကျွန်တော် ပါးစပ်ဟောင်းလောင်းဖြစ်ကာသွား၏။ ခုန ကောင်မလှလှလေးက သူတို့ညီမဆိုပဲ။ ဒီကောင်မလေးကလည်း ဒီ



www.burmeseclassic.com

www.burmeseclassic.com



အချိန်ကြီးကျမှ အားအားရားရား ခရေပန်းထွက်ကောက်ရသည်တဲ့။

သူတို့ကရော သူတို့ညီမအပျိုရွယ်လေးကို ဒီအတိုင်းလွှတ်ထားရလား။ ဒါပေမဲ့ တစ်ခုတော့ရှိသည်။ သူတို့ညီမကိုယ်တိုင်က ခိုးထွက်ပြီး ခရေပန်းထွက်ကောက်ရင်တော့ မပြောတတ်။

ကျွန်တော်ဖြစ်နိုင်ချေတွေ လိုက်တွေးကြည့်မိ၏။ ကိုယ့်ကိစ္စကိုယ်ဘယ်လိုဖြေရှင်းရမှန်းမတွေးဘဲ ကောင်မလေး ခရေပန်းကောက်တဲ့ကိစ္စတွေးနေမိ၍ ကိုယ့်ဘာသာကိုယ် ဒေါသဖြစ်ရသေး၏။

ဒါပေမဲ့ ကိုယ့်ကိစ္စကိုယ်တော့ အဲဒီလောက်တော့မပူပါ။ ကိုယ်က အမှားကျူးလွန်ဖို့ရည်ရွယ်ချက်နဲ့ ဒါမျိုးလုပ်တာမဟုတ်၍ ပြဿနာက အချိန်တန်ရင်ပြီးသွားလိမ့်မည်။ နောက်ဆုံး ဟိုကောင်တွေကိုခေါ်ပြီး ရှင်းခိုင်းမည်ဟုတွေးလိုက်၏။

ခြံထဲရောက်တော့ ကားကိုဒေါင်ရှေ့က ဒန်းပေါ်မှာ သူ့ကိုထိုင်ခိုင်းသည်။ ခဏနေတော့ အိမ်ထဲကအသက်ခြောက်ဆယ်နီးပါးလောက်ရှိမည်ဟု ခန့်မှန်းရသောလူကြီးတစ်ယောက် ထွက်လာလေတော့သည်။ ထိုလူကြီးက ကျွန်တော့်ကို ခြေဆုံးခေါင်းဆုံးကြည့်ကာ. .

"မင်း ငါ့ခြံရှေ့ ဘာလာလုပ်လဲ"

"အပေါ့သွားမိတာပါ"

"ဘာကွ"

"အပေါ့. . အပေါ့သွားတာပါ . . . ယုံပါ"

"မင်း ရိုင်းလှချည်လား. . . ငါ့ခြံကို မင်းက အများသုံးအိမ်သာထင်လို့လား"

"မဟုတ်ပါဘူး အန်ကယ်ရယ်. . . အန္တရာယ်က တကယ်မလွယ်နိုင်တာပါ"

အဘိုးကြီးက တစ်ချက်စဉ်းစားဟန်လုပ်ပြီးမှ . .

"ဝေလ. . မင်းညီမကို ခဏခေါ်ခဲ့စမ်း"





ဗလကြီးသုံးယောက်ထဲက ခပ်ညှက်ညှက်တစ်ကောင် ပြေးထွက်သွား၏။ ခဏကြာတော့ ခရေကောက်သူလေးနဲ့အတူ ပြန်ရောက်လာသည်။ ခရေကောက်သူလေးက သူ့ကိုမကြည့်ဘဲ သူ့အဖေနားကိုတန်းသွား၏။ အဘိုးကြီးက သူမကိုလှည့်ကြည့်ကာ . . .

"သမီးနဲ့တွေ့တော့ ဒီကောင် ဘာလုပ်နေလဲ"

ကျွန်တော့်မျက်နှာ ပူခနဲဖြစ်သွားတော့သည်။ အဘိုးကြီးလည်း သူ့စကားသူ လောသွားမှန်းသိသွား၍ . . . .

"အဲ. . ဒီလို. . ဒီကောင်. . ဒီကောင် ဘယ်လိုအနေအထားမျိုးရှိလဲလို့ မေးတာ"

ကောင်မလေးကလည်း ခေါင်းလေးငုံ့သွား၍ လေသံတိုးတိုးလေးနှင့် . . .

"မတ်တပ်ကြီး ဖေဖေ"

"ဟေ"

ဒီတစ်ခါ မျက်လုံးပြူးသွားရသူက အဘိုးကြီးပါ။ ကျွန်တော့်မျက်နှာကတော့ ဘယ်ထားရမှန်းမသိတော့။ အဘိုးကြီးက မျက်နှာပျက်ပျက်နှင့်ပဲ ဆက်မေးသည်။

"ဘယ်နေရာမှာ မတ်တပ်ရပ်နေတာလဲ"

ကောင်မလေးက ခြံဝဘက် လက်ညှိုးထိုးပြရင်း . . .

"ဟိုနားမှာပါ. . . ခြံဘက်ကြည့်ပြီး မတ်တပ်ကြီးရပ်နေတာ"

အဘိုးကြီးက မေးစေ့ကြီးပွတ်ပြီး အခြေအနေအရပ်ရပ်ကို သုံးသပ်ကြည့်သည်။ ဒီကောင့်ကိုကြည့်ရတာ တကယ်အပေါ့သွားနေတာလည်း ဖြစ်နိုင်သည်ဟုတွေးနေပုံရ၏။ သို့သော် မျက်နှာကတော့ သိပ်ကျေနပ်သေးပုံမရ၍ သူ့သမီးဘက်လှည့်ကာ . . .

"သမီးကိုမြင်တော့ ဒီကောင်ဘာလုပ်လဲ"

ပြဿနာကတော့ စပြီဆိုတာ ကျွန်တော်သိလိုက်ပြီ၊ အဘိုး



www.burmeseclassic.com

www.burmeseclassic.com



ကြီးကတော့ မေးသင့်မေးထိုက်တာကိုမေးနေခြင်းဖြစ်၏။ ထိုအချိန်မှာ သက်သေဆိုလို့လည်း ဒီကောင်မလေးတစ်ယောက်ပဲရှိနေ၍ သူမကိုပဲ မေးရတော့သည်။ ကောင်မလေးကလည်း ရိုးသားစွာဖြစ်သမျှကို ဖြေလေတော့သည်။

“သူ. . သူ သမီးကိုတွေ့တော့ အားလို့အော်တယ်”

“ဟေ”

“ဘာ. . ဘာလို့ အော်တာလဲ”

“သမီး မသိဘူး ဖေဖေ . . . အဲဒီလိုအော်ပြီး သူ့ကိုယ်သူ အောက်ငုံ့ကြည့်. . ဟင်. . ရှင်. . ရှင်. . ”

ကောင်မလေးမျက်နှာ ချက်ချင်းပျက်သွားသောကြောင့် အားလုံး ကြောင်တောင်တောင်ဖြစ်သွားသည်။ ကျွန်တော်လည်း ဘာဖြစ်ပါလိမ့်ဆိုပြီး ငေးကြည့်နေစဉ် ကောင်မလေးလက်ညှိုးက ကျွန်တော့်ခါးဆီထိုးပြီး ချာခနဲလှည့်ကာ အိမ်ထဲဝင်သွားသောကြောင့်. .

“ဟေ့ကောင် မင်း. . ငါ့. . ငါ့သမီးကို ဘာလုပ်ပြ. . ဟာ”

အဘိုးကြီးပါ ကြောင်တောင်တောင်ကြီး ကျွန်တော့်ခါးကို ကြည့်နေ၍ ကျွန်တော်လည်း မသင်္ကာတာနှင့် ကိုယ့်ဘာသာကိုယ် ငုံ့ကြည့်မိတော့. . ။

“ဟာ မဟုတ်ဘူး. . မဟုတ်ဘူး. . အဲ. . အဲဒါ စောစောကတည်းက ပြုတ်နေတာ. . တကယ်. . တကယ်ပါ. . . ကျွန်တော် . . ကျွန်တော်. . ဟား. . ကန်တော့ပါ”

“ဘာကွ. . . မင်း တော်တော်မိုက်ရိုင်းတဲ့ကောင်ပဲ”

“ကန်တော့ပါ. . . တကယ်. . ကန်တော့. . . ဒုက္ခပဲ. . . ဘယ်လိုရှင်းရမလဲ. . . ကျွန်တော်. . ကျွန်တော်မေ့သွားလို့. . . အဲဒါ”

“တောက် . . ဒီကောင်ကွာ . . မင်း . . မင်းကွာ . . ငါ့သမီးလေးကို. . တောက်”





“မင်း ငါ့ညီမကို ငါတို့ရှေ့မှာထားပြီးတော့တောင် ပြရဲ . . အဲ. . လုပ်ရဲတယ် ဟုတ်လား”

အထွားဆုံးကောင်ကြီးက ကျွန်တော့်ရင်ဘတ်အင်္ကျီစကိုဆွဲပြီး ထိုးမလို့ရွယ်၏။ ထိုအချိန်မှာ အဘိုးကြီးက အမြန်ဝင်တားလေသည်။

“ဗလ တော်တော့. . . လက်လွန်ခြေလွန်ဖြစ်ရင် သူ့အမှားက ကိုယ့်အမှားဖြစ်မယ်. . . သူပြောသလို အပေါ်သွားနေတာလည်း ဖြစ်နိုင်တယ်. . . ကြည့်ရတာ ဒီကောင် လူမိသွားတော့ ကြောက်လန့်ပြီး ဇစ်ပြန်တပ်ဖို့ မေ့သွားတာလားမှ မသိတာ”

ထိုစကားလေးကြောင့် ကျွန်တော်အသက်ရှူတော်တော် ချောင်သွားသည်။ ပြီးတော့ အဘိုးကြီးကို ထိုင်ရှိခိုးချင်လောက်အောင် ကျေးဇူးတင်သွားမိ၏။

“ကျွန်တော် ဝယ်ဖို့မမေ့ပါဘူး. . . ဒီလိုပါ. . . ဇစ်က ရုတ်တရက်ဆောင့်ဆွဲလိုက်တော့ ပျက်သွားလို့ပါ. . . အဲဒီအချိန်မှာ ဒီကအစ်ကိုတွေထွက်လာတော့ ကျွန်တော်လည်း တပ်ဖို့မေ့သွားတာ”

ထိုသို့ပြောပြီးတော့ အဘိုးကြီးအပါအဝင် လေးယောက်လုံးကို ကျွန်တော်ခေါ်သွားကာ အခင်းဖြစ်ပွားရာနေရာကိုပြသည်။ ကျွန်တော်၏ အပြစ်ကျူးလွန်မှုကိုခံရသော ပုဏ္ဏရိက်ပင်ခြုံလေးပေါ်မှာ တင်ထားသော ဆန်ကာဇန်းသေးသေးလေးကို ကျွန်တော်သွားမြင်မိသည်။ ထိုဆန်ကာဇန်းလေးသည် ကျွန်တော်အန္တရာယ်မလွှယ်နိုင်၍ ကျူးလွန်မိသောနေရာတည့်တည့်။

ဆန်ကာလေးထဲမှာ ခရေပန်းလေးတွေရှိ၏။ ကျွန်တော် ရင်နင့်သွားသည်။ ကောင်မလေး တပင်တပန်းကောက်ထားသော ခရေပန်းလေးတွေဖြစ်မည်။ ပထမတော့ သွေးပူနေ၍ မမြင်မိပေ။ အခုမှ တွေ့လိုက်၍ ဘာမှမတတ်နိုင်တော့။ ခရေပန်းရနံ့သည် အခုတော့ မွှေးကြိုင်နိုင်မည် မထင်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပဲ ခြံထဲက ခပ်ဝဝမိန်းမကြီးတစ်ယောက် ထွက်လာသည်။ ထို့နောက် အဘိုးကြီးကိုကြည့်၍ . . . .

"သမီးလေးက ခရေပန်းထည့်ထားတဲ့ဆန်ကာ ယူခိုင်းလိုက်လို့ပါ"

ပြောရင်း ထို ဆန်ကာကိုပြေးဆွဲ၍ ကျွန်တော် ကမန်းကတန်း ဝင်ကာ . . .

"ဟာ အစ်မ. . အဲဒါ. . အဲဒါ. . လွှတ်ပစ်လိုက်တော့"

ဝတုတ်မကြီးက ကျွန်တော့်ကိုကြောင်တောင်တောင်ပြန်ကြည့်၍ . . .

"ဘာလို့လဲ"

"ဟို. . ဟိုဟာ. . ဟိုဟာတွေပေကုန်. . အဲ. . ရွံကုန်ပြီ. . အဲဒါကြောင့်"

ဝတုတ်မကြီး သဘောမပေါက်ခင် အဘိုးကြီးက သဘောပေါက်သွား၍ . . .

"ကဲ. . မိအေး သွားတော့. . . သမီးကို မရှိတော့ဘူးပြောလိုက်. . . ပြီးတော့ နင်မအိပ်နဲ့ဦး. . . ငါနဲ့တွေ့မယ်. . . နင့်ကိုငါ သမီးအနားမှာနေပါပြောထားတာ. . . သူပန်းကောက်နေတုန်း နင် ဘယ်ရောက်နေလဲ. . . ဘယ်သွားသေနေလဲ"

ဝတုတ်မကြီးက မျက်စိမျက်နှာပျက်ပျက်နှင့် . . . .

"ဘယ်မှမရောက်ပါဘူး လေးလေး. . . အိမ်သာတက်ချင်လို့ ခဏဝင်သွားတာပါ. . . သမီးလေးကို လိုက်ဖို့ခေါ်သေးတယ်. . . သူက မလိုက်ဘူးတဲ့"

အဘိုးကြီးက သူ့သမီးခေါင်းမာတတ်ပုံကိုလည်း သိပုံရသည်။ သို့သော် မျက်နှာကိုတော့ မာထားဆဲ။ မိအေးဆိုသည့်မိန်းမကြီး ထွက်သွားတော့မှ သူ့ဘက်လှည့်ကာ . . .





"ကဲ. . ဒီတစ်ခါတော့ ရှိစေတော့. . . မင်းပြောတာ အမှန်တွေပဲလို့ ငါလက်ခံလိုက်မယ်. . . ငါ ပထမတော့ ရဲခေါ်ဦးမလို့ပဲ . . . ဒါပေမဲ့ မသေချာရင် တာဝန်ထမ်းဆောင်နေတဲ့လူတွေ ဒုက္ခပေးမိမှာစိုးလို့. . . သေချာအောင် စစ်နေတာ. . . မင်းသွားတော့ နောက်တစ်ခါ ငါ့ခြံရှေ့ ရှူးရှူးပေါက်ရင်ဖမ်းမယ်"

"ဟုတ်ကဲ့"

ကျွန်တော်ခေါင်းညိတ်ပြီး တစ်ခါတည်း လစ်ထွက်ခဲ့ပါတော့သည်။ လမ်းတစ်ဝက်ရောက်မှ ကျွန်တော့်ထီးကျန်ခဲ့မှန်း သတိရမိ၏။ သို့သော် ပြန်သွားမယူရဲတော့၍ အိမ်ပဲတန်းပြန်လာခဲ့တော့သည်။

ခရေပန်းကောက်သူလေးက တော်တော်ချစ်စရာကောင်း၏၊ သို့သော်သူကောက်ခဲ့တော့ ပန်းလေးတွေအတွက်တော့ ကျွန်တော် အားနာမိပါတော့သည်။

www.burmeseclassic.com



**ကျွန်**တော်ပြောပြတော့ ချစ်တီးက အားရပါးရရယ်သည်။ ခွက်ထိုးခွက်လန်ရယ်သည်။ ပြီးတော့ မညာမတာပြော၏။

"တစ်ခါတည်း ထောင်ကျသွားရင်ပြီးရောကွာ . . . ငါတို့လည်း မျက်စိနောက်သက်သာတယ်"

ကျွန်တော် ဘာမှပြန်မပြောဘဲ ပြုံးနေလိုက်၏။

"ဟိုကောင်တွေကိုရော. . ဒီကိစ္စပြောပြီးပြီလား"

"မပြောရသေးဘူး. . . တစ်ယောက်မှလည်း မတွေ့သေးဘူး . . . အခုမှ မင်းနဲ့ပထမဆုံးတွေ့တာ"

ချစ်တီးက ခေါင်းညိတ်သည်။ ထို့နောက် ရေနွေးကြမ်းခွက်ကိုကျင်း၍ သွန်လိုက်ပြီး . . . .

"ဒီနေ့ရော. . . အဲဒီအိမ်ရှေ့ မင်းရောက်သေးလား"

"ငါ့အမေကို မနက်စျေးသွားပို့တုန်းကတော့ ဖြတ်မိတယ် . . . ငါက ကားမောင်းနေတော့ ခဏလောက်ပဲလှည့်ကြည့်ဖြစ်တယ် . . . ဒါပေမဲ့ ထူးခြားတာတစ်ခုတော့ တွေ့လိုက်ရတယ်ကွ"





"ဘာလဲ"

"ဆိုင်းဘုတ်"

ချစ်တီးမျက်မှောင်ကြုတ်သွားကာ . . . .

"ဘာဆိုင်းဘုတ်လဲ"

"ခြံရှေ့မှာ အပေါ့ပဲသွားသွား၊ အလေးပဲသွားသွား ဥပဒေအရ အရေးယူမည်. . တဲ့"

စကားလည်းဆုံးရော ချစ်တီးအော်ရယ်သည်။ ကျွန်တော်လည်း ထိုဆိုင်းဘုတ်ကိုဖတ်လိုက်ရစဉ်က တော်တော်ရယ်မိသွား၏။ ဘေးမှာပါလာတဲ့အမေက တစ်ယောက်တည်းရယ်နေတဲ့ကျွန်တော့်ကိုကြည့်ပြီး ရူးနေလားလို့တောင်ပြောသေးသည်။

ဘာပဲဖြစ်ဖြစ် ထိုခြံရှေ့တွင်တော့ 'လူတစ်ဦးတစ်ယောက်မှ ရှူးရှူးပေါက်ဖို့အခွင့်အရေး မရှိတော့ပေ'။

"ကောင်မလေးက လှလား"

ကျွန်တော်က . . .

"တော်တော်ချစ်ဖို့ကောင်းတယ်"

"ခိုက်သွားတယ်ပေါ့"

ကျွန်တော် ဘာမှမပြောသေးဘဲ အဝေးကိုငေးနေမိသည်။

"ဟေ့ကောင်. . ငါပြောနေတယ်လေ"

ကျွန်တော်လှည့်ကြည့်ပြီး . . .

"စဉ်းစားနေတာ"

"ဘာကိုလဲ"

"အဲဒီကောင်မလေးအကြောင်း"

ချစ်တီးက ခေါင်းတညိတ်ညိတ်လုပ်ပြီး ဆေးလိပ်တစ်လိပ်မီးညှိ၏။ ပြီးတော့ အားရပါးရ တစ်ချက်ရှိုက်ကာ အငွေ့တွေကိုမှုတ်ထုတ်လိုက်၍ . . .



www.burmeseclassic.com

www.burmeseclassic.com



"မင်းကြိုက်သွားပါတယ်. . ဟုတ်တယ်မလား"

ကျွန်တော် သက်ပြင်းကိုချသည်။

"တစ်ခါလေးတွေ့ရုံနဲ့ ရင်ခုန်မိတာအမှန်ပဲ. . . ဒါပေမဲ့ ငါ ခုန်ခဲ့တဲ့ရင်က သူ့ကိုကြိုက်လို့လား. . . အပေါ်သွားတုန်း သူတွေ့သွားလို့ရှက်ပြီးခုန်တာလား မပြောတတ်ဘူး"

ချစ်တီးကခေါင်းကိုကုပ်ပြီး . . . .

"မင်းကိစ္စကလည်း ရှင်းမလိုလိုနဲ့ ရှုပ်နေတာပဲကွာ. . . ကြိုက်ရင် ကြိုက်တယ်ပေါ့"

ဒီကောင်က ဘာကိစ္စအတင်းလိုက်ကြိုက်ခိုင်းနေလဲ မပြောတတ်ပေ။ ဟိုနေ့က သူညီမလေးချောတယ်ပြောမိလို့ ထင်သည်။ ကျွန်တော့်မြားဦး သူ့ညီမဘက်လှည့်မှာကြောက်လို့လည်း ဖြစ်နိုင်သည်။

"မသိဘူးကွာ. . . ချစ်စရာကောင်းတာတော့ အမှန်ပဲ. . . ဖူးစာကြုံရင်တော့ ပြန်ဆုံရမှာပေါ့"

ချစ်တီးကရယ်ကာ . . .

"မင်းတို့ဖူးစာဆုံရင်တော့ ရယ်ရမယ်နော်"

"ဘာလို့လဲ"

"ဩော် . . ဖူးစာအစ အပေါ်သွားခြင်းကလို့ တွေးမိလို့"

ကျွန်တော်ရော၊ ချစ်တီးပါ တဟားဟားရယ်မိကြလေသည်။ ထိုအချိန်မှာပဲ ထိုင်နေတဲ့လက်ဖက်ရည်ဆိုင်ထဲ မှန်ကြောင်နှင့် ပေါ်ကြီးရောက်လာသည်။ ထုံးစံအတိုင်း တစ်ယောက်နဲ့တစ်ယောက် စကားများလာပုံရ၏။

"မင်းတို့စဉ်းစားကြည့်ကွာ. . . အဲဒီကိစ္စမှာ ငါမှန်တယ်"

"ငါမှန်တာ၊ မင်းမှားတာ. . ချစ်တီးနဲ့အာကာ မင်းတို့စဉ်းစား ကြည့်လေ. . . ငါမှန်လား၊ သူမှန်လား"

ဒီနှစ်ကောင်ကြောင့်တော့ စိတ်ညစ်သည်။ ချစ်တီးက





ကြောင်တောင်တောင်နှင့် နှစ်ယောက်လုံးကိုကြည့်နေ၏။ ဘာဖြစ်လို့ ဖြစ်လာကြမှန်းလဲ မသိ။

"နေစမ်းပါဦး. . . မင်းတို့က ဘာဖြစ်လာကြတာလဲ"

"မင်းမသိပါဘူးကွာ"

"ဟာ. . ခွီးပဲ. . . မသိလို့မေးပါတယ်ဆိုမှ"

ပေါ်ကြီးက လက်ခါပြရင်း . . .

"မသိချင်စမ်းပါနဲ့ကွာ. . . ဘယ်သူမှန်လဲသာ ပြောစမ်းပါ"

ကျွန်တော်ရော၊ ချစ်တီးပါ သက်ပြင်းကိုချမိတော့သည်။ ဒီအရူးတွေနဲ့ ဘယ်လိုစကားဆက်ပြောရမှန်း မသိတော့။ အကြောင်းအရာမသိဘဲ အမှား၊ အမှန်ခွဲခြားခိုင်းတာ လူသမိုင်းတစ်လျှောက် ဒီ တစ်ခါ ပထမဆုံးအကြိမ်ဖြစ်ဖို့များ၏။

"လာကွာ ချစ်တီး. . . ငါတို့ပြန်ရအောင်"

ချစ်တီးက သိပ်ပြန်ချင်ပုံမရ။ ချက်ချင်း ငေါက်ခနဲထရပ်တော့

"မင်းတို့က ဘာအချိုးလဲကွ. . . အချင်းချင်းတွေကို"

မျက်မှန်လေးကို အပေါ်ပင့်ကာပြောသော မှန်ကြောင်ကို ချစ်တီးတစ်ချက်လှမ်းကြည့်ပြီး . . .

"မသိချင်စမ်းပါနဲ့ကွာ. . . မင်းတို့အပူ မပါပါဘူး"

မှန်ကြောင် မျက်လုံးပြူးသွားသည်။ ပေါ်ကြီးက မော့ကြည့်၏။ ကျွန်တော်တို့နှစ်ယောက် ထထွက်လာခဲ့တော့သည်။

ဆိုင်ပြင်ရောက်တော့ ပေါ်ကြီးနှင့်မှန်ကြောင် ဘာမှန်းမသိတဲ့ပြဿနာတစ်ခုကို ဆက်လက်ငြင်းခုန်နေသံ ကြားလိုက်ရတော့သည်။

ချစ်တီးကခေါင်းကုပ်ပြီး ကျွန်တော့်ဘက်လှည့်ကာ . . .

"ဒီကောင်တွေ အရူးတွေကွ သိလား"



www.burmeseclassic.com

www.burmeseclassic.com



"သိရက်သားနဲ့ မင်းကဘာလို့ပြောနေလဲကွာ"

ချစ်တီးပြုံးသည်။ ပြီးတော့ ကျွန်တော့်ပခုံးကို လှမ်းဖက်လိုက်တာ . . .

"မင်းတွေ့ခဲ့တဲ့ကောင်မလေးကို ငါ့ကိုလိုက်ပြကွာ"

"ဘယ်ကောင်မလေးလဲ"

"ဟို. . အပေါ်အပါးရာဇဝင်လေးလေ"

"မင်းက ဘာလုပ်မလို့လဲ"

"ချောတယ်ဆို"

"ချစ်စရာလေးပါ"

"ငါကြည့်ချင်တယ်ကွာ. . . လိုက်ပြ"

"ဘာလုပ်မလို့လဲလို့. . ငါမေးနေတယ်လေ"

ချစ်တီး စပ်ဖြီးဖြီးနှင့် . . .

"မင်းမကြိုက်ရင် ငါကြိုက်မလို့"

"ဟင်. . မင်းက အတင်းကြီးပါလား. . ဘယ်လိုဖြစ်တာလဲ"

ချစ်တီး အဝေးကိုမျှော်ကြည့်သည်။ ပြီးတော့ သက်ပြင်းကို လေးတွဲ့စွာချကာ . . . .

"ငါရည်းစားလေးတစ်ယောက်လောက် လိုချင်ပြီကွာ"

"ဟာ"

ကျွန်တော့်မှာ ကြောင်တောင်တောင်နှင့် ချစ်တီးကိုပြန်ကြည့်မိတော့၏။ သူ့ဘဝက တော်တော်အခြေအနေဆိုးနေပုံရသည်။ ရည်းစားလက်မဲ့ဖြစ်နေသောဘဝကို တော်တော်သိမ်ငယ်နေပုံလည်း ရပါသည်။

ကျွန်တော့်သူငယ်ချင်းတွေအားလုံး တစ်ယောက်တစ်မျိုး ရှုးနေကြသည့်အတွက်တော့ စိတ်မကောင်း။

ပေါကြီးနှင့်မှန်ကြောင်က ဝမ်းတွင်းရှူး၊ တစ်ခါတစ်ရံ ဒဿန





လိုလို၊ မော်ဒန်လိုလို စကားတွေပြောပြီး တစ်နေ့လုံး အချိန်ကုန်သွားတာမျိုးရှိသည်။ တစ်ခါတစ်ခါ သူတို့ပြောသည့်စကား သူတို့ပြန်နားမလည်၍ ငြင်းရင်းခုန်ရင်း ရန်ဖြစ်ကြသည်။

ချစ်တီးကတော့ သူတို့လိုမဟုတ်။ ဒီကောင်ရှူးတာ မယားတရှူး၊ ရည်းစားထားချင်တယ်သာ ထိုင်အော်နေသည်။ ဘယ်ကောင်မလေးကိုမှ ဖြစ်ဖြစ်မြောက်မြောက်မလိုက်ဖူးပေ။ သတ္တိလည်း အဲဒီလောက်မရှိ။ သူငယ်ချင်းတွေဝိုင်းမြှောက်ပေးလည်း မရ။ အခုလိုတစ်ခါတစ်ရံစိတ်ကူးပေါက်ရင် သူရည်းစားလိုချင်တဲ့အကြောင်းကို ဆွေးမြေ့မြေ့ကြီးပြောပြတတ်၏။ ပြီးတော့လည်း ဘာမှမဟုတ်ပေ။

ကျွန်တော် သူ့ကို ဘာမှပြန်မပြောဘဲ အိမ်ပြန်လာခဲ့တော့သည်။ သူကလည်း ဘာမှဆက်မပြောတော့ဘဲ လမ်းတစ်ဝက်ရောက်တော့ ကားငှားကာပြန်သွား၏။ မျက်နှာကတော့ တော်တော်ညှိုးကျနေသည်။ ဘာတွေစိတ်ဓာတ်ကျပြီး ပြန်သွားမှန်းလဲမသိပေ။ မမြင်ရသေးသည့်ကောင်မလေးကို လွမ်းသွားပြီထင်ပါသည်။

အိမ်ထဲရောက်တော့ အခန်းထဲဝင်ကာ အိပ်ရာပေါ် လှဲနေလိုက်၏။

ကျွန်တော် ညာမပြောပါ။

သူမအရိပ်လေး မြင်ယောင်လာမိပါသည်။

ကောင်မလေးက ကျွန်တော်ပြောတာထက် ပိုချစ်ဖို့ကောင်း၏။

www.burmeseclassic.com

www.burmeseclassic.com



နံပင် ငါးဆယ်ဖိုး၊ ခရမ်းချဉ်သီးက တစ်ဆယ်သား၊ ကြက်သား ငါးဆယ်သား၊ ငရုတ်သီးစိမ်း နှစ်ဆယ်ဖိုး။

ကျွန်တော် စာရင်းစာရွက်တွေကြည့်ပြီး ခေါင်းရှုပ်လာသည်။ ဈေးထဲသွားပြီး ဟင်းစားဝယ်ခြင်းသည် သွင်းကုန်ကုမ္ပဏီ တစ်ခုကိုအုပ်ချုပ်ရသလို မခက်ခဲသော်လည်း ကျွန်တော့်အတွက်တော့ တော်တော်အလုပ်ရှုပ်သွား၏။ ဈေးလာရခြင်းကလည်း ဒီတစ်ခါ ပထမဆုံးအကြိမ်ဖြစ်၍ တော်တော်ခေါင်းစားသည်။

"ဈေးအနောက်ဘက်က ဒေါ်ညို့ဆီက ဝယ်. . . သူက အလေးပြည့်တယ်. . . ကျန်တဲ့ဆိုင်တွေကဆို နင့်ကို အလေးခိုးလွတ်မှာ"

အမေက ထွက်ခါနီးအထိ တဖွဖွမှာသည်။ ဒီနေ့ အမေနေမကောင်း၍ ကျွန်တော်ဈေးလာရခြင်းပါ။ အိမ်ဖော်ကောင်မလေးလည်း မနက်အစောကြီး သူ့အမေဆုံး၍ ရွာပြန်သွား၏။ အဖေကတော့ ဒါမျိုးတွေစိတ်မဝင်စား၊ ဒီနေ့မနက် သူ့သူငယ်ချင်းတွေနဲ့ ဂေါက်သီးရိုက်ဖို့ ချိန်းထား၍ထွက်သွားသည်။ ဒီတော့ မနက်ပိုင်းဈေး





ဝယ်ဖို့ကိစ္စသည် တစ်ဦးတည်းသောသားဖြစ်သော ကျွန်တော့်ခေါင်းပေါ် ရောက်လာ၏။

ဈေးထဲရောက်တော့ ဒေါ်ညို့ဆိုင်ကိုရှာသည်။ ဒေါ်ညိုဆိုတာ ဖြူသလား၊ မည်းသလားတောင်မသိ၍ ဘယ်လိုရှာရမှန်း မသိ။ ထို့ကြောင့် ကြက်သားသည် တစ်ယောက်ကိုသွားမေးရသည်။

"အစ်မကြီး ဒေါ်ညို့ဆိုင် ဘယ်နားမှာလဲဟင်"

ဝဝတုတ်တုတ်နှင့်မိန်းမကြီးက ကျွန်တော့်ကိုမော့ကြည့်၍

"ဘာလုပ်မလို့လဲ"

"ကြက်. . ကြက်သား ဝယ်မလို့ပါ"

"ဒီမှာလည်းလတ်ပါတယ် မောင်လေးရဲ့. . ကြည့်ပါဦး. . . ဘာကြက်စစ်စစ်လေး. . . ဟိုဘက်က အကောင်လေးဆို အစ်မ ပြမယ် ကြည့်"

ကျွန်တော် ဒုက္ခရောက်ရပြီ။ သူက သူ့ကြက်သားကို အတင်းထိုးရောင်းနေပြီ။ ဒေါ်ညို့ဆိုင်ကို သွားစေချင်ပုံ မရ။ ကျွန်တော် သူ့ကိုမကြည့်ဘဲ ဈေးအနောက်ဘက်ကို ဟိုရှာဒီရှာလုပ်၏။ ဒေါ်ညိုဆိုတာ မည်းမည်းဝဝနှင့် ဘီးစပတ်ကြီး အမြဲပတ်ထားတယ်လို့ အမေပြောလိုက်၍ လိုက်ရှာခြင်းပါ။

"မောင်လေး ဘယ်နှဆယ်သားလဲ"

ကျွန်တော် လှည့်ကြည့်တော့ ကြက်သားသည်က ကြက်ကို အလယ်ကခြမ်းဖို့လုပ်နေပြီ။

"ဟာ အစ်မ. . မခုတ်နဲ့. . မခုတ်နဲ့. . . ကျွန်တော့်ကို အိမ်က ဒေါ်ညို့ဆိုင်ကပဲ ဝယ်လို့ပြောလိုက်လို့ပါ"

"နေပါဦး. . . အစ်မကြက် ဘာဖြစ်လို့လဲ"

"အလေး. . အဲ. . ဟိုဟာပါ. . ဟို. . ဒေါ်ညိုနဲ့က သိနေလို့"



www.burmeseclassic.com

www.burmeseclassic.com



အလေးမပြည့်လို့ပါလို့ ပြောမိမလိုတောင်ဖြစ်သွားပြီးမှ မနည်းပြန်ဘရိတ်အုပ်လိုက်ရ၏။ အဲဒီစကားများထွက်သွားလို့ကတော့ ကြက်ကိုခုတ်မည့်ဓားက ကျွန်တော့်အတွက်ဖြစ်သွားနိုင်၏။

ကြက်သားသည်က သက်ပြင်းချရင်း ဓားကို စိတ်မပါလက်မပါလွှတ်ချလိုက်ကာ . . . .

"ကဲ. . ဒီလောက်တောင် ပြောမရရင်လည်း နေတော့"

ဆိုပြီး အနောက်ဘက်တန်းကိုမျှော်ကာ ကြည့်သည်။ ပြီးတော့ တစ်နေရာကိုလက်ညှိုးထိုးပြကာ . . .

"တွေ့လား. . အဲဒီမှာ ဆံပင်ကြိုးလက်သန်းလုံးလောက်နဲ့. . . အဲဒါ ဒေါ်ညို"

သူ့စကားမဆုံးမီ ကျေးဇူးတင်စကားပြောပြီး ကျွန်တော်ပြေးထွက်သွားလိုက်သည်။ ကျေးဇူးရှင် ဒေါ်ညိုကိုတွေ့ပြီ။ လူအုပ်ထဲတိုးဝင်ပြီး ခြင်းတောင်းကို ကြက်သားတွေတင်ထားသည့်ဗန်းပေါ် ကျွန်တော်တင်လိုက်၏။ ဒေါ်ညိုက ကျွန်တော့်အရင်ကြိုရောက်နေသော ဈေးဝယ်နှစ်ယောက်ကို ကြက်သားချိန်ပေးရင်း မော့ကြည့်ကာ . .

"ငါ့တူ အကောင်လိုက်လား. . . ဘယ်လောက်သားလဲ"

ကျွန်တော်လည်း ခေါင်းခါပြရင်း . . .

"ငါးဆယ်သားလောက် ချိန်ပေးပါ. . . ပေါင်နဲ့ရင်အုံပဲ ယေး"

ဒေါ်ညိုက ခေါင်းညိတ်ရင်း ကြက်ကို ကျင်လည်စွာခုတ်ကာ ချိန်ပေး၏။ ထို့နောက် ကျသင့်ငွေရှင်းကာ ကျွန်တော်ထွက်ခဲ့သည်။ ဈေးအပြင်ဘက်တန်းတွင် ကုန်စိမ်းသည်တို့ကို အဝင်တုန်းကတွေ့ခဲ့ရ၍ နံနံပင်၊ ငရုတ်သီးစိမ်း၊ ခရမ်းချဉ်သီးတို့ကိုဝယ်ရန် ထွက်လာခဲ့၏။

အပြင်ရောက်တော့ နံနံပင်သည်ကိုရှာသည်။ မျက်လုံးဝေ့အကြည့်တွင် တစ်နေရာအရောက်၌ ကောင်မလေးတစ်ယောက်တိုးသွားတွေ့၍ ကျွန်တော်အံ့ဩသွားရသည်။ တိုတစ်နေ့က ခရေကောက်





သူလေးပင်ဖြစ်ပါသည်။ တစ်ယောက်တည်းတော့ မဟုတ်။ ဟိုတစ်နေ့က တွေ့လိုက်သည့် ဝဝတုတ်တုတ်မိန်းမကြီးလည်း ပါသည်။ သွားနှုတ်ဆက်ရင် ကောင်းမလားစဉ်းစားလိုက်မိသည်။ ရုတ်တရက်ဆိုတော့ ဟိုတစ်နေ့ကကိစ္စအတွက် ရှက်နေသေး၏။ သို့သော် တောင်းလည်း တောင်းပန်ချင်သည်။

တွေးရင်းနှင့် လမ်းလျှောက်လာရာ သူမအနားသို့ တော်တော်နီးနီးပင်ရောက်လာတော့၏။ ထိုအချိန်မှာပင် သူမကလည်း လှည့်အကြည့်နှင့် မျက်လုံးချင်းဆုံမိကြ၏။ စက္ကန့်ပိုင်းအတွင်းမှာပင် ကျွန်တော့်ကို မှတ်မိသွားမှန်း အမူအရာကိုကြည့်ခြင်းအားဖြင့် သိလိုက်သည်။

ကျွန်တော်က ဦးအောင်ပြုံးပြလိုက်ကာ . . .

"ဈေးလာတာလား"

"ဟုတ်"

သူမက ခေါင်းလေးအသာညိတ်ပြရင်း ဖြေ၏။ ပြီးတော့ ကျွန်တော့်ကို လက်ညှိုးလေးမသိမသာထိုးကာ . . . .

"သူရော"

"ကျွန်တော်လည်း ဈေးလာဝယ်တာ"

သူမက ခပ်ပြုံးပြုံးလေးနေသော်လည်း သူမနောက်က ပါလာသည့် မိန်းမကြီးက မချိုမချဉ်မျက်နှာနှင့် . . .

"ယောကျ်ားလေးတစ်ယောက်အနေနဲ့ ဈေးဝယ်တတ်တယ်ဆိုတော့ ဒီခေတ်ကြီးထဲမှာ တော်တာပေါ့"

ကျွန်တော်ရယ်ပြလိုက်ပြီး . . . .

"အိမ်မှာ အမေကလည်း နေသိပ်မကောင်းဘူး. . . ခိုင်းတဲ့ကောင်မလေးကလည်း ခဏပြန်သွားတယ် . . . အဲဒါကြောင့် ကျွန်တော်ပဲ လာရတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက ထိုမိန်းမကြီးကို ဘာလှည့်ပြောလိုက်လဲ မသိပေ။ ထိုမိန်းမကြီး မျက်နှာပိုးသတ်ကာ ပါးစပ်ပိတ်သွား၏။ ထို့နောက် ကောင်မလေးက ကျွန်တော့်ဘက်ပြန်လှည့်ကာ

"သွားဦးမယ်"

ဟုနှုတ်ဆက်ကာ ထွက်သွားပါတော့သည်။ ထို့နောက် ခဏချင်းပင် လူတွေကြားထဲ၌ ပျောက်ကွယ်သွားလေတော့၏။ ကောင်မလေးကို မတွေ့ရတော့မှ နာမည်လေး မမေးလိုက်မိ၍ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်လိုက်မိသည်။ သို့သော် အခုမှတော့ နောက်ကျသွားပြီ။ နောက်တစ်ခါဆုံဖြစ်ရင်သာ မေးဖြစ်အောင်မေးလိုက်မည်ဟု ရင်မှာဆုံးဖြတ်မိ၏။

ထို့နောက် နံနံပင်ဝယ်ရန် ဈေးတန်းဘက်သို့လျှောက်ခဲ့လိုက်ပါတော့သည်။



"**မင်း** ပြောသလိုဆို ကောင်မလေးက နေ့တိုင်းဈေးလာတဲ့ ပုံပဲကွ"

ကျွန်တော်က မနေ့ကအကြောင်း ပြောပြတော့ အောင်ဌေးက ထိုသို့မှတ်ချက်ချသည်။ ကျွန်တော်လည်း ခေါင်းညိတ်ပြလိုက်ကာ. .

"ငါလည်း အဲဒီလိုထင်တာပဲ"

"ဒါဆို မင်းဘာဆက်လုပ်မလဲ"

"ဘာကိုလဲ"

အောင်ဌေးက အဖြေမပေးဘဲ အမိပွာယ်ပါပါစိုက်ကြည့်နေ၍ . . . .

"ငါနဲ့သူနဲ့က ဘာမှမဟုတ်တာ ဘာဆက်လုပ်ရမှာလဲ. . . ပြီးတော့ တစ်ယောက်အကြောင်းတစ်ယောက်လည်း မသိဘူး"

စကားဆုံးတော့ အောင်ဌေးက တစ်ချက်ရယ်လိုက်သည်။

"အချစ်ဆိုတာ တစ်ယောက်အကြောင်းတစ်ယောက်သိမှ ချစ်လို့ရတာမဟုတ်ပါဘူးကွာ"

ကျွန်တော်က လက်ကာပြလိုက်ကာ . . .



www.burmeseclassic.com

www.burmeseclassic.com



"မင်းပြောတာ အဆင့်တွေကျော်နေသလိုပဲ . . . အခုမှ နှစ်ကြိမ်ပဲတွေ့ရသေးတဲ့ကောင်မလေးကို ငါက ဘယ်လိုခံစားရမှာလဲ"

"မခံစားရရင် မင်းဘာလို့သတိတရပြောနေသေးလဲ . . . အာကာ"

ကျွန်တော်ပြုံးလိုက်မိသည်။ ပြန်ဖြေစရာစကားတော့ ကျွန်တော့်မှာမရှိ။ ကျွန်တော်ပြောတာအမှန်ပဲဖြစ်သည်။ ထိုကောင်မလေး အပေါ် အတိအလင်းကြေငြာရလောက်အောင် ရင်ခုန်မှုမျိုး ကျွန်တော့်မှာမရှိသေး။

သို့သော် ရင်ထဲမှာတစ်စုံတစ်ခု အတိုင်းအတာအထိ သတိရနေတာတော့ အမှန်ပင်ဖြစ်သည်။ ထို့ကြောင့် အောင်ဒွေး စကားသည် တစ်ဝက်မှန်၍ တစ်ဝက်မှားသည်။

ထိုအချိန်မှာပင် ပေါကြီးနှင့်ချစ်တီးတို့ရောက်လာကြသည်။ ချစ်တီးက ကျွန်တော့်ဘေးကခုံမှာဝင်ထိုင်ရင်း . . . .

"မင်းအိမ်ကို ရောက်တယ် . . . အန်တီက အောင်ဒွေးလာခေါ်သွားတယ်ဆိုလို့"

ဟုပြောရင်း လက်ဖက်ရည်တစ်ခွက်မှာသည်။ ပေါကြီးက အအေးမှာရင်း . . . .

"မင်းတို့ကို ကိုသန်းဦးဆိုင်မှာထိုင်နေတယ်ထင်တာ . . . မတွေ့တာနဲ့ ဒီရောက်လာတာ"

ကျွန်တော်က ခေါင်းညိတ်ပြလိုက်ကာ . . . .

"ကိုသန်းဦးဆိုင်က ကက်ဆက်ဖွင့်တယ်ကွ . . . စကား အေးဆေးပြောချင်လို့ ဒီဘက်ထွက်လာတာ"

လမ်းထိပ်မှာ ထိုင်နေကျဆိုင်နှစ်ဆိုင်ရှိသည်။ တစ်ဆိုင်က ကိုသန်းဦးကဖီး၊ နောက်တစ်ဆိုင်က အခုထိုင်နေသည့် ဒေါ်ရွှေကဖီးပင်ဖြစ်သည်။ ကိုသန်းဦးဆိုင်ကတော့ ကက်ဆက်အမြဲဖွင့်ပေးသည်။





ဘောလုံးပွဲလာရင် ပြသည်။ တစ်ခါတစ်ရံ 5-Movie ကလာသည့် ကားတွေပါပြ၍ ကာလသားတော်တော်များများထိုင်၏။ ဒေါ်ရွှေကဖီးကတော့ ဒါတွေမရှိ။

သို့သော် ဗာဒံပင်သုံးလေးပင်အောက်မှာ ခုံလေး တွေကို ခင်းထား၍ အေးချမ်းသည်ဟုဆိုနိုင်သည်။ ညနေဘက်ဆို မုန့်ဟင်းခါး၊ လက်ဖက်သုပ်၊ ချင်းသုပ်ပါရောင်း၍ မိန်းကလေးပရိသတ်နှင့် စုံတွဲလေးတွေ အထိုင်များသည်။

ကျွန်တော်တို့ကတော့ အေးအေး ဆေးဆေးစကားပြောချင်ရင် ဒေါ်ရွှေကဖီးကိုရွေး၏။ စနေ၊ တနင်္ဂနွေ ပရီးမီးယားလိဂ်ပွဲစဉ်တွေအတွက် ကိုသန်းဦးကိုပြေးပါ၏။

"မင်းတို့ အခုဒီဆိုင်မှာ လာထိုင်တယ်ဆိုတော့ . . တစ်ခုခု တိုင်ပင်စရာရှိလို့ ထင်တယ်"

ပေါကြီးက စကားကိုစသည်။ ချစ်တီးက ခေါင်းညိတ်ရင်း ထောက်ခံ၏။ အောင်ဒွေးက ဟုတ်မှန်ကြောင်းပြောကာ ကျွန်တော်နှင့်ကောင်မလေးတွေ့ဆုံပုံကို ကျွန်တော့်ကိုယ်စားပြန်လည်ရှင်းပြတော့သည်။ အောင်ဒွေးစကားဆုံးတော့ ပေါကြီးကမေးစေ့ကိုပွတ်ရင်း

"ကောင်မလေးကိုတွေ့တော့ မင်းက ဘာပြောလိုက်လဲ"

ကျွန်တော်က . . .

"ဈေးလာဝယ်တာလားလို့ မေးလိုက်တယ်"

ပေါကြီးက ခေါင်းတညိတ်ညိတ်လုပ်ကာ . . .

"နာမည်ရော မမေးလိုက်ဘူးလား"

ကျွန်တော်ခေါင်းခါပြတော့ . . . .

"ညံ့လိုက်တာကွာ . . . နောက်တစ်ခါ ဒီလိုမျိုးကြုံဖို့ လွယ်တာမှမဟုတ်တာ"

"မလွယ်တော့ရော ဘာဖြစ်လဲကွာ . . . မသိရုံပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ပေါကြီးက သက်ပြင်းကိုချသည်။

"စကားဆိုတာ အကုန်မပြောရဘူးကွ. . အစားသာ အကုန်စားရတယ်"

ချစ်တီးကလည်း ပေါကြီးစကားကို ထောက်ခံသည်။

"ဟုတ်တယ်. . အခုနေတော့ မသိသာဘူးပေါ့ကွာ. . . နောက်တော့ မင်းချစ်သွားရင် ဘယ်လိုလုပ်မလဲ"

ကျွန်တော်ပြုံးမိသည်။ ဒီကောင်တွေပုံစံက ကြက်တူရွေးက တော်တော်၊ မယ်ဘော်က ကဲနေသည်။ သို့သော် သူငယ်ချင်းတွေရဲ့ စေတနာကို အသိအမှတ်ပြုသောအားဖြင့် ဘာမှတော့ပြန်မပြောမိ။ အားလုံး ခဏတိတ်ဆိတ်သွားစဉ် အောင်ဌေးက ဝင်၍ . . .

"အဲဒီကောင်မလေးအိမ် ငါတို့သွားကြည့်ရအောင်"

ဟု စကားစ၏။

အားလုံးကလည်း အောင်ဌေးစကားကို မကန့်ကွက်ဘဲ ငြိမ်သက်နေကြသည်။ ကျွန်တော်က . . .

"ဘာသွားလုပ်မလို့လဲကွာ"

"ဩော်. . ဘာပဲဖြစ်ဖြစ်ပေါ့ကွာ. . . ဒီမှာထိုင်နေရမယ့်အတူတူ လမ်းလျှောက်ရင်းသွားကြည့်ရအောင်"

ကျွန်တော်က ကောင်းပါ့မလားဆိုပြီး စဉ်းစား၏။ အမှန်အတိုင်းပြောရရင် ကိုယ်ကိုယ်တိုင်ကလည်း သွားချင်နေသည်။ ဒီကောင်တွေပါတော့ အဖော်လည်းရသည်။ ထို့ကြောင့် မငြင်းတော့ဘဲ ခေါင်းညိတ်ပြလိုက်မိ၏။

ဒီကောင်တွေ ဘယ်အချိန်ကတည်းက သွားချင်နေလဲမသိ။ အားလုံး ငေါက်ခနဲထကာ ပိုက်ဆံရှင်းပြီးထွက်ကြ၏။ ကျွန်တော်က သူတို့နောက်ကမီအောင် လိုက်ရသည်။ တော်တော်လေးလမ်းလျှောက်ပြီးတော့မှ ကောင်မလေးရဲ့အိမ်ရှေ့ကိုရောက်သည်။ ခြံဝင်းတံခါး





ပိတ်ထားတာတွေ့ရသည်။ အားလုံး ယောင်လည်လည်နှင့် ခရေပင်ရိပ်အောက်မှာရပ်နေကြရင်း ခြံထဲကိုမသိမသာလေ့လာမိ၏။ ခြံထဲမှာလည်း လူရှိပုံမရ။ တစ်ဝင်းလုံးတိတ်ဆိတ်ကာနေ၏။

ကျွန်တော်က . . .

"လာပါကွာ ပြန်ရအောင်. . . ပတ်ဝန်းကျင်ကမြင်ရင် ငါတို့ကိုတစ်မျိုးထင်နေဦးမယ်"

"မင်းက ကြောက်နေလို့လား"

ပေါကြီးက ဝင်ပြော၏။

"ကြောက်လို့တော့ မဟုတ်ဘူးပေါ့ကွ. . . ဒါပေမဲ့ မကောင်းဘူးလေကွာ. . . တော်ကြာ ငါတို့ကို သူခိုးတွေထင်နေဦးမယ်"

"အေးပေါ့. . . မင်းရုပ်က သူခိုးပုံပေါက်နေတာကိုး ထင်ချင်စရာပဲ"

ကျွန်တော်ခေါင်းကိုကုပ်မိသည်။ ပတ်ဝန်းကျင်ကို အကဲခတ်ရင်းနှင့် ခြံထဲမှာကောင်မလေးကိုရှာမိ၏။ မတွေ့။ အမှန်အတိုင်းပြောရရင် ဒီလုပ်ရပ်က အဓိပ္ပာယ်မရှိမှန်းသိသာသည်။ ကောင်မလေးက အိမ်မှာရှိချင်မှရှိမည်။

အခုတလော ခေတ်စားနေသော အင်တာနက်ကဖီးလို့ဟာမျိုးသွားချင်သွားနေမည်။ တကယ်လို့ အိမ်မှာရှိနေရင်လည်း ကျွန်တော်တို့မြင်အောင် ခြံထဲမှာလမ်းသလားပြနေမည် မဟုတ်။ ကျွန်တော်ကတော့ မြင်ချင်နေတာ အမှန်တကယ်ပင်။

သို့သော် တွေးကြည့်လေ၊ အဖြေက အဓိပ္ပာယ်မရှိလေဖြစ်သည့်အတွက် ပြန်ချင်ပြီ။ သို့သော် ကိုယ်တော်ချောတွေက ဘာတွေအားတက်သရောဖြစ်နေမှန်း မသိပေ။

အောင်ဌေးက ခြံရှေ့မှာ မယောင်မလည်လှုပ်ရင်း ခြံထဲကိုသွားကြည့်၏။ ပေါကြီးက အောင်ဌေးနောက် လာလိုက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဒီကောင်နှစ်ကောင်ကိုကြည့်ရင်း ရင်ခုန်လာသည်။ တော်ကြာ ခြံထဲက ဒီအချိန်တစ်ယောက်ယောက်ကိုတွေ့သွားရင် ပြဿနာ အကြီးအကျယ်တက်သွားနိုင်၏။ ဒါကြောင့် တစ်ခုခုလုပ်ကာ လှစုခွဲဖို့စဉ်းစားလိုက်သည်။

ပထမတော့ ဘာလုပ်လို့လုပ်ရမှန်းမသိဘဲ ဟိုကြည့်ဒီကြည့် လုပ်လိုက်စဉ် ခြံစည်းရိုးတိုင်မှာတပ်ထားသော လူခေါ်ခေါင်းလောင်း တစ်ခုကိုသွားတွေ့၏။ ဒါနဲ့ပဲ ခပ်တည်တည်နှင့် သူတို့မြင်သာအောင် ခေါင်းလောင်းခလုတ်ကို ပြေးနှိပ်လိုက်ပါတော့သည်။

ပထမတော့ ဒီကောင်တွေ ကျွန်တော့်ကိုကြောင်တောင် တောင်နှင့် ကြည့်နေကြရင်းက . . .

"ဟေ့ကောင် . . ဘာလုပ်တာလဲ"

ပေါကြီးက အလန့်တကြားထအော်တော့ . . .

"မင်းတို့ ဒီလောက်စိတ်ဝင်စားနေမှတော့ ဒီလိုသူခိုးကျင့် သူခိုးကြံလုပ်မနေနဲ့တော့ . . . ပေါ်တင်ပဲ လုပ်တော့မယ်"

အောင်ဌေးက မျက်နှာပျက်စွာလက်ကာပြရင်း . . .

"အဲ့ . . အဲဒီလိုတော့ မလုပ် . . လုပ် . . ."

"ဟေ့ကောင်တွေ ပြေး . . ပြေး . . . ဟိုမှာ လူထွက်လာပြီ"

အောင်ဌေးစကားတောင် မဆုံးသေး။ ပေါကြီး၏အလန့် တကြားအော်သံကြောင့် ကျွန်တော်ကစ၍ ထိပ်ဆုံးကထွက်ပြေးမိပါ တော့သည်။ အားလုံးခြေထောက်နှင့်တင်ပါး တစ်သားတည်းဖြစ် အောင် သုတ်ခြေတင်ရင်း တော်တော်ဝေးဝေးရောက်တော့မှ ပုံမှန် လမ်းပြန်လျှောက်ဖြစ်ကြ၏။ ထွက်ပြေးလာသည့်အရှိန်ကြောင့် အား လုံးမောဟိုက်ကာနေ၍ စကားမပြောနိုင်သေး။ အမောပြေလောက် သည့်အချိန်ရောက်တော့မှ ချစ်တီးက . . . .

"မင်းက သက်သက် ငါတို့ကိုရွဲ့တာ . . . မှတ်ထားပေါ့ကွာ"





အောင်ဌေးက ကျွန်တော့်ကိုမျက်စောင်းလှမ်းထိုးပြီး . .

"ငါတို့က မင်းကိုစေတနာနဲ့ကူညီတာကို မင်းက အိုးမည်း သုတ်ဖို့ကြံတာပေါ့ ဟုတ်လား . . ရတယ်လေ . . နောက်မှ အကူအညီ မတောင်းနဲ့ . . မှတ်ထား"

ကျွန်တော် ရယ်၍သာနေမိသည်။ ဒီကောင်တွေ ဘာမှ မပြောဘဲ ဆက်လိုက်လာကြ၏။ တစ်ခါတစ်ရံ ဒီလိုမှမလုပ်ရင် ဒီ ကောင်တွေကို ဘယ်လိုမှထိန်းချုပ်ဖို့မလွယ်မှန်း ကျွန်တော်သိထား၍ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



၄

ထို နေ့မှစ၍ ဒီကောင်တွေနှင့်ကျွန်တော့်အကြား ကောင်မလေးအကြောင်း အပြောအဆိုပြတ်သွားကြသည်။ ကိုယ့်အလုပ်ကိစ္စနှင့် ကိုယ်ရှုပ်နေ၍လည်း သူငယ်ချင်းတွေ သိပ်မတွေ့ဖြစ်ကြတာပါ၏။ အရင်က နေ့တိုင်းလိုလိုတွေ့ဖြစ်ကြသော်လည်း အခုနောက်ပိုင်း တစ်ပတ်တစ်ခါတောင် အနိုင်နိုင်တွေ့ကြရ၏။

ပေါကြီးနှင့် ချစ်တီးက နှစ်ယောက်ပေါင်း၍ စတိုးဆိုင်တစ်ဆိုင်ဖွင့်ဖို့လုပ်နေ၍ အလုပ်ရှုပ်နေကြသည်။ အောင်ဒွေးက နိုင်ငံခြားသွားဖို့လုပ်နေ၍ မအားပြန်။ မှန်ကြောင်တို့၊ ဝတုတ်တို့ကလည်း ဘာတွေလုပ်ပြီး ဘာတွေရှုပ်နေမှန်းမသိ၍ ကျွန်တော်နှင့်မတွေ့ဖြစ်။ အားလုံးထဲမှာအားနေတာဆိုလို့ ကျွန်တော်တစ်ယောက်တည်းသာရှိသည်။

ကျွန်တော့်မှာတော့ အခုလောလောဆယ် လုပ်စရာဘာမှမရှိသေး။ ဘွဲ့ရပြီးကတည်းက အလုပ်တစ်ခုခုလုပ်ရန်စဉ်းစားထားသော်လည်း အခုထိ ဘယ်နေရာမှ အကောင်အထည်မပေါ်သေးပေ။ တချို့အလုပ်တွေကျတော့လည်း စိတ်မဝင်စားတာပါသည်။ အခုလောလောဆယ် ကြိုးစားနေတာတစ်ခုတော့ရှိ၏။ သဘော်လိုက်ဖို့။





တစ်နေ့လုံး အိမ်မှာနေရတာပျင်းလာ၍ အပြင်ထွက်ရန် စဉ်းစားမိ၏။ ထို့ကြောင့် လမ်းထိပ်ဘက်ကိုတစ်ယောက်တည်း ထွက်လာလိုက်သည်။ ကားလမ်းမရောက်တော့ လက်ဖက်ရည်ဆိုင်ထိုင်ဖို့ စဉ်းစားမိသော်လည်း စိတ်ထဲမှာမပါသေး၍ လမ်းဆက်လျှောက်လာလိုက်၏။ အမှန်အတိုင်းဝန်ခံရလျှင် မရည်ရွယ်ပါဘဲနှင့် ခြေလှမ်းများက သူမအိမ်ရှိရာသို့ ဦးလှည့်နေမိ၏။

ကျွန်တော်သည် အချစ်ဆိုသည့်အရာကို နက်နက်နဲနဲ တစ်ခါမှမခံစားဖူးခဲ့ပေ။ သူများယောင်လို့လိုက် ယောင်မိတာလောက်တော့ရှိခဲ့ဖူး၏။ ထို့ကြောင့် လူတစ်ယောက်တွင် အချစ်သည် အသိစိတ်ထဲကဖြစ်ပေါ်လာတာလား၊ မသိစိတ်ထဲက ပေါ်ပေါက်လာတာလား ဆိုတာ ကျွန်တော်မသိ။

ဒီလိုနှင့် အချစ်အကြောင်းကို တောင်မရောက်၊ မြောက်မရောက်တွေးနေရင်း ကျွန်တော်ဆက်လျှောက်လာရင်း သူမအိမ်ရှေ့သို့ရောက်မှန်းမသိ ရောက်လာတော့သည်။

ကားလမ်းမဘက်မှာ နေရောင်ထိုးကျနေသော်လည်း သူမအိမ်ရှေ့လေးကတော့ အေးမြတိတ်ဆိတ်နေသည်။ ခရေပင်လေးတွေက တစ်ပင်နှင့်တစ်ပင်ကြား ခပ်စိပ်စိပ်လေးပေါက်နေသောကြောင့် သူမတို့အိမ်ရှေ့ ပလက်ဖောင်းလေးသည် နေပြောက်ပင်မရှိလောက်အောင် အေးမြလှ၏။ တစ်ချက်တစ်ချက် လေအဝှေ့မှာ ခရေပန်းရနံ့ကို ရှူရှိုက်မိ၏။

ကျွန်တော် ခရေပင်တန်းအရိပ်ကလေးအောက် ရောက်တော့ ရင်ထဲမှာ တစ်ချက်လှုပ်ခတ်တာသွား၏။ ဘာကြောင့် မှန်းလဲ ကိုယ့် ဘာသာကိုယ် မသိပေ။

သို့သော် သူမနှင့်တွေ့ဆုံခဲ့ရသည့်ညလေးကို ရင်ထဲမှသတိရမိသွားတာတော့ အမှန်ပင်။ ထိုသို့ သတိရလိုက်ချိန်မှာပင် ရှက်စိတ်က



www.burmeseclassic.com

www.burmeseclassic.com



ရင်ဘတ်ထဲကိုခုန်တက်ကာလာ၏။ ထိုအချိန်မှာပင် ခရေပင်တစ်ပင်အောက်မှ လူရိပ်တစ်ခုထွက်လာတာတွေ့ရ၍ လှမ်းကြည့်လိုက်ရာ

"ဟင်"

ကျွန်တော့်ရင်ခုန်သံသည် ချက်ချင်း နှစ်ဆမြန်သွားသည်။ ရုတ်တရက် ကောင်မလေးကိုတွေ့လိုက်ရသောကြောင့် မှင်တက်ကာသွား၏။ ကောင်မလေးကလည်း ကျွန်တော့်ကိုကြည့်ရင်း ရုတ်တရက်ကြောင်တောင်တောင်လေးဖြစ်သွားရာမှ မှတ်မိကြောင်း တစ်ချက်ပြုံးပြသည်။ ကျွန်တော်လည်း ပြုံးပြလိုက်ရင်း . . .

"ခရေပန်း ကောက်နေတာလား"

ကောင်မလေးက ခေါင်းညိတ်ပြကာ ခပ်လှမ်းလှမ်းရှိ ကြိမ်ဇန်းလေးထဲသို့ သူမကောက်လာသည့်ခရေပန်းလေးတွေကို သွားထည့်သည်။ ပြီးတော့ ကျွန်တော့်ဆီ ခြေလှမ်းမှန်မှန်ဖြင့်လျှောက်လာကာ . . .

"ဘယ်သွားမလို့လဲ"

ကျွန်တော် ဘာပြန်ဖြေရမှန်းမသိ။ ခြေဦးတည့်ရာ လျှောက်လာတာပါဟု ပြောလို့လည်းမရ၍ . . .

"ဟိုဘက်သွားမလို့ပါ"

ဆိုပြီး မရေမရာပြောလိုက်ရသည်။ ကောင်မလေးက ခပ်ပြုံးပြုံးလေးနှင့် . . . .

"ဒီနားမှာ နေတာလား"

"ဟုတ်ကဲ့. . . ဟိုဘက်လေးလမ်းကျော်မှာနေတာပါ. . . အခုကိစ္စလေးတစ်ခုရှိလို့ ဒီဘက်ထွက်လာရင်းနဲ့ ဒီရှေ့ကဖြတ်မိတာ"

ကောင်မလေးက ခေါင်းညိတ်ပြကာ လေအဝှေ့မှာကြွေကျလာသည့် ခရေပန်း လေး၊ ငါးပွင့်ကို ပြေးကောက်သည်။ ကျွန်တော်လည်း ကောင်မလေးလုပ်တာကိုင်တာတွေကို မှင်တက်စွာငေးကြည့်





နေမိ၏။ ကောင်မလေးက ခရေပန်းတွေကို ကောက်နေရင်းမှ ကျွန်တော့်ကိုမော့ကြည့်ကာ . . .

"ကျွန်မက ခရေပန်းလေးတွေကို အရမ်းကြိုက်တာ"

"မြင်တာနဲ့သိပါတယ်. . . ကိုယ်တိုင် ပန်တာလား"

"အင်း. . ကိုယ်တိုင်သီပြီး ဘုရားတင်တယ်. . . တချို့ကို ပန်တယ်"

ကျွန်တော်ရယ်ပြရင်း ခရေပန်းလေး၊ ငါးပွင့်ကို လိုက်ကောက်ပေးလိုက်သည်။ ကောင်မလေးက အားနာဟန်နှင့် . . .

"နေပါစေ. . အားနာစရာ. . . ကျွန်မဟာ ကျွန်မကောက်ပါ့မယ်"

"ရပါတယ်. . မိတ်ဖြစ်ဆွေဖြစ်ပေါ့"

ကျွန်တော်ပြောရင်း ကြွေကျလာတဲ့ခရေပန်းလေးတွေကို ဆက်ကောက်ပေးနေမိသည်။ ပြီးတော့ ကောက်ပြီးသားခရေပွင့်တွေကို ကြိမ်ဇန်းလေးထဲသွားထည့်ပေး၏။ ထို့နောက် ကောင်မလေးနှင့် စကားတွေဆက်ပြောဖြစ်သည်။

"ညီမလေးက နေ့တိုင်း ခရေကောက်လား"

ကိုယ့်ထက်လည်းငယ်မယ်ထင်၍ ညီမလေးဆိုသော နာမ်စားကို ပထမဦးဆုံးစတင်သုံးမိ၏။ ကောင်မလေးနာမည်ကိုတော့ နောက်မှမေးကြည့်မည်ဟု စိတ်ထဲမှာတေးထားလိုက်သည်။ ကောင်မလေးက

"မှတ်တော့ မထားမိဘူး. . . ဒါပေမဲ့ နေ့တိုင်းလိုလိုတော့ ကောက်ဖြစ်ပါတယ်. . . တချို့ရက်တွေတော့ ကျောင်းစာတွေရှုပ်နေလို့ မကောက်ဖြစ်ဘူး"

ကျောင်းစာတွေရှုပ်နေတယ်ဆိုတော့ ကျောင်းမပြီးသေးဘူးထင်သည်။ ထို့ကြောင့် . . .



www.burmeseclassic.com

www.burmeseclassic.com



"ကျောင်းတက်တုန်းလား"

"Eco. . နောက်ဆုံးနှစ်တက်နေတယ်"

ထို့နောက် ကျွန်တော်တို့စကားစပြတ်သွားကြသည်။ ကျွန်တော်ကလည်း ခရေပန်းတွေကို ဂရုတစိုက် လိုက်ကောက်ပေးနေမိသည်။ ဘာကြောင့်မှန်းမသိပေ။ ကျွန်တော် ပတ်ဝန်းကျင်ကို ခဏမေ့နေမိသည်။ ပြီးတော့ ရင်ထဲမှဆွတ်ပျံ့ကြည်နူးမှုလေးတစ်ခုကို ခံစားနေရ၏။

လေတစ်ချက်အဝှေ့မှာ ကောင်မလေးဆီက မွှေးရနံ့တချို့နှင့် ခရေပန်းရနံ့လေးများကိုရော၍ ရှူရှိုက်မိသည်။ ကျွန်တော့်ဘဝမှာ ဒီလိုရင်ခုန်ခံစားမှုမျိုးကို တစ်ခါမှမခံစားရဖူးပေ။ ကောင်မလေးရင်ထဲမှာရော ဘယ်လိုနေမလဲ ကျွန်တော်မတွေးတတ်။

ကျွန်တော့်မှာတော့ ရင်ခုန်ရလွန်း၍ လူကမောဟိုက်လာသည်။ ထိုအမောမျိုးက အလုပ်ပင်ပန်းလို့မောသလိုမျိုးမဟုတ်ဘဲ ဘာမောကြီးမောနေမှန်း မသိ။

တော်တော်လေးကြာတော့ ကောင်မလေးက ကြိမ်ဇန်းလေးကိုကိုင်ကာ ကျွန်တော့်ရှေ့ရောက်လာပြီး . . .

"ခရေပန်းတွေလည်း အများကြီးရပြီ. . . အစ်ကို့ကို ကျေးဇူးတင်တယ် သိလား"

"ရပါတယ်. . . နောက်လည်း ကြုံရင် ကူကောက်ပေးမယ်လေ"

အမှန်တော့ မကြုံလည်း တကူးတကလာကောက်ပေးဆိုလည်း ကောက်ပေးဖို့အဆင်သင့်ဖြစ်နေလေပြီ။ သို့သော် ဣန္ဒြေလေးဆည်တဲ့အနေနှင့် 'ကြုံရင်'ဆိုသည့်စကားကို လှသွားအောင်ထည့်ပြောလိုက်ခြင်းပင်။ ကောင်မလေးက ပြုံး၍ . . .

"ကျေးဇူးပါပဲ. . . အိမ်ထဲဝင်လိုက်ဦးမယ်နော်"





ဟုဆိုကာ လှည့်ထွက်သွားတော့၏။ ကျွန်တော့်ရင်ထဲမှာ ဟာခနဲဖြစ်ကာ ကျန်ခဲ့၏။ လက်ခုပ်ထဲမှာကောက်လက်စ ခရေပန်းလေးတွေကို အကြောင်းမဲ့ငေးကြည့်ကာနေမိသည်။ ခဏကြာတော့ ကောင်မလေးသည် ခြံတံခါးကိုဖွင့်၍ အထဲဝင်သွားကာ မျက်စိရှေ့မှ ပျောက်ကွယ်သွားတော့သည်။

ကျွန်တော် သက်ပြင်းကို အားရပါးရချမိသည်။

ပန်းခရေနှင့်အတူ လွမ်းသေရတော့မှာလားကွယ်။

ရင်ထဲမှာ တီးတိုးရေရွတ်ရင်း နာမည်လေးတောင် မမေးမိလိုက်၍ ကိုယ့်ကိုယ်ကိုယ်ယူကြုံးမရဖြစ်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



“**မင်းက** အားလုံးထဲမှာ အသည်းခဏခဏကွဲဖူးတဲ့ သူ ဆိုတော့ ငါမေးစရာတစ်ခုရှိတယ်”

ပေါကြီးက ဆေးလိပ်ဖွာနေရင်းမှ ဖွတ်ခနဲတစ်ချက်မော့ကြည့်သည်။ ပြီးတော့ မျက်မှောင်တစ်ချက်ကြုတ်သွား၏။ ကျွန်တော်မေးလာမည့်စကားကို တော်တော်စိတ်ဝင်စားသွားပုံရသည်။

ကျွန်တော်က ဆက်ပြီး . . .

“မင်း အချစ်ဆိုတာကိုခံစားဖူးလား”

ပေါကြီး မျက်လုံးနည်းနည်းပြူးလာသည်။ ပြီးတော့ ဘာမှပြန်မဖြေသေးဘဲ ကြောင်တောင်တောင်နှင့်ကြည့်နေ၏။ ကျွန်တော်ကပင် ဆက်ပြီး . . .

“အသည်းဆိုတာ အချစ်မရှိဘဲနဲ့ ကွဲလို့ရမယ်လို့ ငါမထင်ဘူး. . . အဲဒါကြောင့် မင်းမှာအချစ်ရှိမယ်လို့ ငါယုံကြည်တယ်. . . ပြောစမ်းပါ အချစ်ဆိုတာ ဘာလဲ”

ကျွန်တော့်စကားဆုံးတော့ ပေါကြီးမျက်လွှာကိုချသည်။ ခေါင်းကိုကုပ်သည်။ ပြီးတော့ ငိုင်ကျသွားသည်။ သူစဉ်းစားနေပုံရ





သည်ဟု ကျွန်တော်တွေးပြီး အလိုက်သိစွာငြိမ်နေလိုက်၏။ တော်တော်လေးငိုင်လို့အားရသွားတော့မှ . . .

“အချစ်ဆိုတာ ဘာလဲဆိုတော့. . . အင်း. . ”

သံရှည်ဆွဲပြီး ခဏငြိမ်သွားပြန်၏။ ပြီးတော့မှ ဆက်မြွက်. .

“ဟိုဟာကွာ. . . မင်းနားလည်အောင် ဘယ်လိုပြောရမလဲ . . . ရင်ထဲမှာပေါ်လာတဲ့ စက္ကန့်ပိုင်းအတွင်း သူမတူအောင် ထူးခြားစွာ စိတ်လှုပ်ရှားမှုလေးတစ်ခုကွ. . . အဲဒါက လုပ်ယူလို့မရဘူး. . . သူ့အလိုလိုဖြစ်တာ. . . ငါတို့ ဆယ်တန်းစာမေးပွဲအောင်တုန်းက ပျော်ရွှင်မှုမျိုးနဲ့လည်း မတူဘူး. . . ဘယ်လိုလဲတော့ ငါမပြောတတ်ဘူး. . . ဒါပေမဲ့ တစ်ခါမှမခံစားဖူးတဲ့ စိတ်ခံစားချက်နဲ့ ရင်ခုန်တာတော့ အမှန်ပဲ”

ကျွန်တော်ခေါင်းညိတ်မိသည်။ ပေါကြီးပြောသည့် အချစ်သီအိုရီကိုလည်း ရင်ထဲမှာ လက်ခံသလိုလိုရှိ၏။ အချစ်နှင့်ပတ်သက်ရင် လူသားတိုင်း အမြင်မတူကြတာကိုတော့ ကြားဖူးသည်။ တစ်ဦးနှင့်တစ်ဦး အချစ်နှင့်ပတ်သက်သည့်ခံစားချက်ချင်း မတူညီကြ။ အချစ်ကို တန်ဖိုးထားပုံချင်းလည်း မတူညီနိုင်ပေ။

တူညီတာတစ်ခုတော့ ရှိသည်။

သတ္တဝါတိုင်း အချစ်ရှိခြင်းပင်ဖြစ်သည်။ ပုံသဏ္ဌာန်၊ ဖွံ့ဖြိုးမှု၊ ဦးနှောက်အသိများ ကွဲပြားခြားနားနေသော သတ္တဝါတွေအားလုံးတွင် မိမိတို့စံထားတိုင်းတာထားသော အခြေအနေတစ်ရပ်အထိတော့ အချစ်ရှိကြ၏။

“နေစမ်းပါဦး. . . မင်းက ထူးထူးခြားခြား အချစ်ကိစ္စတွေ ဘာတွေလာမေးနေလို့. . . ဘာဖြစ်တာလဲ”

ကျွန်တော် အတွေးစပြတ်သွားကာ ပေါကြီးကိုခေါင်းခါပြရင်း . . . . .



www.burmeseclassic.com

www.burmeseclassic.com



“ငါသိချင်လို့ပါ”

“ဘာလို့လဲ”

ကျွန်တော် သက်ပြင်းကိုချရင်းက . . .

“မသိချင်ပါနဲ့ဦးကွာ”

စကားဆုံးတော့ ပေါကြီးက ကျွန်တော့်ကိုပြုံးစိစိကြည့်ရင်း

“မင်းကောင်မလေးတစ်ယောက်ယောက်ကို ရင်ခုန်ခဲ့တယ် မဟုတ်လား. . . ငါ့ကို မလိမ်နဲ့”

ကျွန်တော် မညာချင်ပါ။ သို့သော် ညာလိုက်မိသည်။

“မဟုတ်ပါဘူး”

ပေါကြီး ခေါင်းတညိတ်ညိတ်လုပ်ကာ ဆေးလိပ်ကိုဖွာနေ၏။ ဘာမှ ဆက်မမေးတော့သော်လည်း သူ့မျက်နှာကိုကြည့်ခြင်းအားဖြင့် ကျွန်တော့်ကို လုံးလုံးမယုံဘူးဆိုတာ ကျွန်တော်သိသည်။

ကျွန်တော်လည်း သူ့ရှေ့မှာ ကိုယ့်ကိုယ်ကိုယ်မလုံတာတော့ သေချာသည်။ ထို့ကြောင့် အိုးမလုံအုံထပွင့်မည်စိုး၍ ထိုနေရာမှ ထပြန်ခဲ့ပါတော့သည်။

ပေါကြီးကတော့ ကျွန်တော့်ကိုငေး၍ ကျန်ခဲ့တော့သည်။

ဒီနေ့ဖြစ်ပျက်ခဲ့ပုံများကို နေ့မကူးခင် ဟိုကောင်တွေဆီ ဖုန်းဆက်ပြောတော့မည်ကို ကျွန်တော်သိသည်။

အဘယ်ကြောင့်ဆိုသော် ဒီနေ့ ကျွန်တော့်ပုံစံက ထူးခြားနေသည်ကို ကိုယ့်ကိုယ်ကိုယ်လည်း သတိထားမိနေ၍ဖြစ်ပါတော့သည်။



လေ ညှင်းသည် ဝေ့ဝေ့ဝဲဝဲတိုက်ခတ်လျက်ရှိသည်။ လမ်းပေါ်သို့ ကြွေကျနေသောသစ်ရွက်ကလေးများ လှုပ်ခတ်ခုန်ဆွနေကြ၏။ ဒီလမ်းလေးပေါ်မှာ ကျွန်တော်တို့ငယ်စဉ်က ဆော့ကစားခဲ့ကြဖူးသည်။ အရွယ်ရောက်လာတော့ စက်ဘီးတွေအပြိုင်နင်းခဲ့ကြဖူး၏။

အခုလိုအချိန်မှာ ဒီလမ်းကလေးကို ကျွန်တော်ပြန်ရောက်တော့ လွန်ခဲ့တဲ့ဆယ်နှစ် ယောက်ကအတိုင်း ဘာမှပြောင်းလဲမှုသိပ်မရှိ။ လမ်းကလေး ဘေးတစ်ဖက်တစ်ချက်တွင် ကျယ်ဝန်းသော ခြံကြီးဝန်းကျယ်အိမ်များ ရှိသည်။ ထိုလမ်းကလေးကို ကျွန်တော်မရောက်တာကြာပြီ။ ခန့်မှန်းခြေ. . တစ်နှစ်. . ။

“ချစ်တီး”

“ဘာလဲ”

ကျွန်တော်နှင့်အတူ လမ်းလျှောက်နေရင်းမှ ချစ်တီးကလှည့်ကြည့်၏။

“ငါတို့တွေ တော်တော်အသက်ကြီးသွားပြီနော်”



www.burmeseclassic.com

www.burmeseclassic.com



ချစ်တီးက ကျွန်တော့်စကားကို နားမလည်နိုင်စွာဖြင့် ကြည့်တော့ . . . .

"ငါတို့အသက် အခုဘယ်လောက်ရှိပြီလဲ"

"နှစ်ဆယ့်ခုနစ်လေ. . . ဘာဖြစ်လို့လဲ"

"အေးလေ. . အဲဒါပြောတာပေါ့"

ချစ်တီးက ခေါင်းကိုကုပ်ကာ . . .

"မင်းက ဘာကိုပြောချင်တာလဲ"

ကျွန်တော်က ပြုံးလိုက်ကာ . . .

"ငါတို့တွေသာ တစ်နှစ်ထက်တစ်နှစ် အသက်ကြီးလာပြီး ပြောင်းလဲသွားတယ်. . . ဒီလမ်းကလေးကတော့ မပြောင်းလဲဘူးနော်"

ကျွန်တော့်စကားဆုံးတော့ ချစ်တီးငြိမ်ကျသွားသည်။ ပြီးတော့ တစ်ခုခုကို လေးလေးနက်နက်စဉ်းစားသွားပုံရသည်။ ခဏနေတော့မှ . . .

"မင်းပြောတာ ဟုတ်တယ်. . . ဒီလမ်းလေးက အရင်အတိုင်းပဲ. . . ငါတို့ကတော့ ပြောင်းလဲခဲ့ပြီ"

ချစ်တီးကပြောရင်း စကားကိုခဏရပ်ကာ ကျွန်တော့်ကို ကြည့်၍ . . .

"ဒါပေမဲ့ ငါတို့တွေမပြောင်းလဲတာ တစ်ခုရှိတယ်"

"ဘာလဲ"

ချစ်တီးကပြုံးရင်း . . .

"ဘယ်သူမှ ရည်းစားမရှိသေးတာပဲ"

ကျွန်တော်က ရယ်လိုက်ရင်း . . .

"ဒါများကွာ. . . ရေးကြီးခွင်ကျယ်လုပ်ပြီး ပြောနေသေးတယ်"





"ပြောရမှာပေါ့ကွ. . . ဒါ အရေးအကြီးဆုံးအချက်ပဲ"

"ဘာလို့လဲ"

"ဟကောင်ရ. . . ငါတို့အရွယ်တွေက အိမ်ထောင်ပြုသင့်နေပြီလေကွာ. . . အသက်တွေက ပထမအရွယ်ကိုကျော်လာပြီ"

ဒီကောင့်ပါးစပ်က ဘဝနှင့်ပတ်သက်လို့စကားကို ဒီတစ်ခါ ပထမဆုံးအကြိမ်ကြားဖူးခြင်းဖြစ်သည်။ ချစ်တီးက ဆက်ပြော၏။

"မင်းဆို ငါတို့ထက်ပိုအရေးကြီးတယ်. . . ဘာလို့လဲဆိုတော့ တစ်ဦးတည်းသောသားဖြစ်နေလို့ပဲ. . . မင်းသာ အိမ်ထောင်မပြုခဲ့ရင် မင်းတို့ရဲ့မျိုးဆက်က ပြတ်သွားပြီ"

ကျွန်တော်နည်းနည်းတော့ တွေဝေသွားသည်။ ကမ္ဘာ့လူသားများ မျိုးရိုးဂုဏ်ထိန်းသိမ်းရေးစနစ်နှင့် မျိုးပွားမှုစနစ်တို့ကို ပထမဆုံး အကြိမ် တွေးမိလာ၏။ ချစ်တီးပြောတာ ဟုတ်သလိုလိုရှိသည်။ ကျွန်တော်သာ အကယ်၍ မိန်းမ,မယူခဲ့လျှင် ကျွန်တော့်အဖေ၏ မျိုးဆက်သည် ကျွန်တော့်ဆီမှာ ဂိတ်ဆုံးသွားပြီ။

အကယ်၍ မိန်းမယူပြီး ကလေးမရနိုင်ရင်ကော။

ဒါကတော့ ဆေးပညာသဘောတရားနှင့်ဆိုင်၍ ဆက်မတွေးဖြစ်။

ကျွန်တော်ငြိမ်သွားတာကိုကြည့်၍ ချစ်တီးက . . .

"ငါပြောတာ သဘောပေါက်တယ်မဟုတ်လား"

ကျွန်တော်ဘာမှပြန်မပြောဖြစ်။

ချစ်တီးက သက်ပြင်းချကာ . . .

"ငါတို့ရည်းစားတစ်ယောက်လောက်တော့ ရှာမှဖြစ်တော့မယ်"

"နေပါဦး. . . မင်းပြောသလို မျိုးဆက်ပြတ်တဲ့ကိစ္စအတွက် ငါကစိတ်ပူတယ်ဆိုတာ ထားပါဦး. . . မင်းက ဘာလို့စိတ်ပူနေတာ



www.burmeseclassic.com

www.burmeseclassic.com



လဲ. . . မင်းမယူလည်း မင်းညီမတစ်ယောက်လုံးရှိနေတာပဲဟာ"

ချစ်တီးက ကျွန်တော့်ကိုလှည့်ကြည့်၍

"ငါ့ညီမကမွေးရင် ငါ့တူ၊ တူမပဲတော်ရမှာပေါ့ကွ. . . ငါက ငါ့ရဲ့မျိုးဆက်အဖြစ် ငါ့သားသမီးတွေကို ထားခဲ့ချင်တာ"

ကျွန်တော် ဆက်မငြင်းတော့။ မျိုးဆက်ပြန်လည်ထိန်းသိမ်းရေးပြဿနာကို ဒီနေရာမှာပဲရပ်သင့်ပြီဟု ထင်သည်။ ဘာမဆိုင်၊ ညာမဆိုင် ခရေပွင့်လေးကို သတိရမိ၏။

ရင်ထဲမှာ နွေးထွေးသွားပါသည်။



ကျွန်တော် နဖူးပေါ်လက်တင်ပြီး မျက်နှာကြက်ကို ငေးကြည့်နေမိသည်။ ဘာအလုပ်မှမရှိဘဲ အားနေသူ တို့၏ ထုံးစံအတိုင်း ဟိုတွေး ဒီတွေးတွေးနေခြင်းဖြစ်၏။ ထယမအထက်တန်းကျောင်းသားဘဝကို ရောက်သွားသည်။ သူငယ်ချင်းတွေနှင့် ကျောင်းပြေးခဲ့တုန်းက အိမ်ကသိသွား၍ အရိုက်ခံရတာ တို့မှတ်မိနေသည်။

နောက်တော့ တက္ကသိုလ်တက်ခဲ့စဉ်က အကြောင်းတွေကို ရောက်သွားပြန်သည်။ ထိုသို့ဖြင့် အတွေးသည် အတိတ်ကနေ ပစ္စုပ္ပန်နှင့် တဖြည်းဖြည်းရွှေ့လျားနီးကပ်လာချိန်တွင် သူမမျက်နှာလေးကို အာရုံပေါ်လာတော့ ရင်ခုန်နှုန်းသည် ရုတ်တရက် မြန်ကာလာ၏။

သူမ. . .

ကျွန်တော်နာမည်မသိသော ခရေပွင့်လေး။

ကျွန်တော့်အသည်းထဲကို ဘယ်အချိန်ကမှန်းမသိ တိတ်တဆိတ်ဝင်ရောက်နေခဲ့သော ငှက်ဖျားပိုးလေး။

ကျွန်တော် သူမအကြောင်းတွေးရင်း အေးစက်တုန်ရင်လာသည်။ ပူလောင်ခြောက်ကပ်လာသည်။ အေးမြနက်ရှိုင်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ချစ်မိနေပြီလား။

အဖြေသည် ရေရေရာရာထွက်မလာ။

ကောင်မလေးက တော်တော်ချောတာတော့ အမှန်။ ပြီးတော့ ချစ်စရာလေး။ တချို့မိန်းကလေးတွေက ချောသည်။ သို့သော် ချစ်စရာမကောင်း။ တချို့ကျတော့ ရုတ်တရက်ကြည့်လိုက်လျှင် မချောဘူးဟု ထင်ရ၏။ သို့သော် တစ်ဖက်သားကို ဆွဲဆောင်နိုင်သည့် အရာ တစ်ခုခုပိုင်ဆိုင်ထားတတ်ကြသည်။ ဥပမာ နှုတ်ခမ်း၊ မျက်ဝန်းနှင့် မျက်နှာအနေအထားတို့ဖြစ်၏။ တချို့က ပြုံးလိုက်လျှင် တော်တော် ချစ်ဖို့ကောင်းသွားတာမျိုးရှိ၏။

ဒီကောင်မလေးကျတော့ မျက်နှာလေးကလည်းချော၍ ချစ်စရာလေးလည်းကောင်းသည်။ ရှင်းရှင်းပြောရရင် အပြစ်ပြောစရာ မရှိအောင်ပြည့်စုံသည်ဟု ပြောလို့ရသည်။

ကျွန်တော်တွေးနေရင်းနှင့် ရင်ထဲမှာ မိန်းခနဲရှိန်းခနဲဖြစ်လာ၏။ ပြီးတော့ ဆက်တွေးကြည့်မိသည်။ ဒီလောက်လှသည့် ကောင်မလေးမှာ ရည်းစားမရှိဘူး မပြောနိုင်။ ပြီးတော့ ကြိုးစားနေသည့်လူတွေလည်း အများကြီးရှိနေမှာကျိန်းသေသည်။

ကျွန်တော်တွေးရင်း သက်ပြင်းကိုချမိ၏။ ဘာကြောင့်မှန်းမသိ။ ရင်ထဲမှာစိုးရိမ်စိတ်ကလေး ပထမဆုံးအကြိမ် ဖြစ်ပေါ်လာ၏။

ထိုအချိန်မှာပင် အခန်းတံခါးခေါက်သံကြားရ၍ အတွေးပြတ်သွားမိသည်။

"သား. . အိပ်နေလား"

"မအိပ်ပါဘူး"

"ဒါဆို ခဏလာဦး"

ကျွန်တော်ဧည့်ခန်းကိုရောက်တော့ အမေကအထုပ် ကထုပ်ကိုကိုင်ကာ စောင့်နေသည်။ ထို့နောက် . . .





"သား. . ဒီလိပ်စာအတိုင်း သွားပို့ပေးစမ်း. . . ရော့"

ကျွန်တော် အထုပ်ကိုကြည့်ရင်း . . . .

"ဘာတွေလဲ မေမေ"

"မင်းဦးလေးကို လူကြုံပေးမလို့. . . အဲဒါ ဒီလိပ်စာမှာရှိတဲ့လူက သူနဲ့အလုပ်တစ်ခုတည်း လုပ်တာလို့ပြောတယ်. . . ဟိုနေ့က ဖုန်းဆက်ပြီးပေးခိုင်းလို့"

ကျွန်တော်ခေါင်းကုတ်ရင်း အထုပ်ကိုပိုက်ကာ လိပ်စာကို ဖတ်လိုက်သည်။

ကျွန်တော်တို့အိမ်နဲ့ သိပ်မဝေးတာတွေ့ရ၍ လမ်းလျှောက်၍ပဲ ထွက်ခဲ့တော့၏။ ဒီလိုနဲ့ လျှောက်လာရင်းနှင့် ကောင်မလေးအိမ်ဘက်ရောက်မှန်းမသိ ရောက်လာတာကို သတိထားမိသည်။

ကျွန် တော်လိပ်စာကို သေသေချာချာဖတ်ရင်း လာခဲ့သည်။ မသေချာမှာစိုး၍ လမ်းမှာတွေ့တဲ့လူကိုပင် မေးလာခဲ့သေးသည်။ အားလုံးညွှန်ပြချက်က တစ်နေရာတည်းပင်ဖြစ်တော့သည်။

ထိုလိပ်စာပိုင်ရှင် အိမ်ရှေ့ရောက်တော့ ကျွန်တော်ဒူးတွေတုန်လာ၏။ လူခေါ်ခေါင်းလောင်းကိုနှိပ်ဖို့ အရေးကို အနုမြူစနက်တံဖြုတ်ရသလို လန့်နေမိသည်။ လှည့်ပြန်ရင် ကောင်းမလားစဉ်းစား၏။ နောက်မှတစ်ယောက်ယောက်နဲ့ ပေးခိုင်းမည်ဟုတွေးလိုက်သည်။

ထိုအချိန်မှာပဲ အပြင်ကခြင်းတောင်းတစ်လုံးကိုင်ကာဝင်လာသော မိန်းမကြီးတစ်ယောက်နဲ့သွားတွေ့သည်။ ကောင်မလေးအနားနားမှာ အမြဲပါနေသောမိန်းမကြီး။

သူမက ကျွန်တော့်ကိုတွေ့တော့ အူကြောင်ကြောင်နဲ့ကြည့်နေ၏။ ပြီးတော့ မှတ်မိနေပုံလည်းရသည်။

"မင်း မဟုတ်လား"

ကျွန်တော်[illegible] ယောင်ကန်းကန်းနှင့်ခေါင်း[illegible]ညိတ်ကာ . . .



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်တယ်. . . ကျွန်တော်ပါ”

“အိမ်ရှေ့မှာ ဘာလုပ်နေတာလဲ”

“ဟို. . ဟိုဟာ. . . လူကြုံပစ္စည်းလေးတစ်ခု ပေးချင်လို့ပါ”

ကျွန်တော်က အကြောင်းစုံကို အကြမ်းဖျင်းရှင်းကာပြသည်။ မိန်းမကြီးက မျက်မှောင်ကြုတ်ကာနားထောင်ရင်း ကျွန်တော့်ကို တံခါးဖွင့်ကာ အိမ်ထဲခေါ်သွား၏။

ကျွန်တော် သူတို့ခြံထဲကို ဒီတစ်ခါ ဒုတိယအကြိမ်ရောက်ဖူးခြင်းဖြစ်သည်။ သို့သော် ပထမအကြိမ်နဲ့တော့ အကြောင်းအရာချင်းက လုံးလုံးကွဲပြား၏။ ဒီတစ်ခါလာတာက အမိန့်အရလာရောက်ခြင်း။

ဧည့်ခန်းကိုရောက်တော့ မိန်းမကြီးက ကျွန်တော့်ကို ခဏထိုင်ခိုင်းကာ အနောက်ထဲဝင်ကာသွားလေသည်။ ကျွန်တော် နီးစပ်ရာဆိုဖာခုံမှာဝင်ထိုင်ရင်း ဟိုကြည့်ဒီကြည့်စူးစမ်းမိသည်။ အမိက အားဖြင့် သူမကိုလိုက်ရှာနေမိသည်။ ရှာသာရှာရသည်။ တစ်အိမ်လုံးတိတ်ဆိတ်နေ၍ ဘာသံမှမကြားရ။

ကျွန်တော်တစ်ယောက်တည်း တစ်အိမ်လုံးမှာရှိနေသလို ခံစားနေရ၍ ချောက်ချောက်ချားချားတောင် ဖြစ်လာသည်။ တော်ကြာ ဟိုတစ်ခါက ရဲ မခေါ်လိုက်ရ၍ ဒီတစ်ခါ ရဲခေါ်ပြီး ပိုင်နက်ကျူးလွန်မှုနဲ့ ဖမ်းခိုင်းလျှင် ငါးပါးမှောက်ပြီ။

ထိုစဉ်မှာပဲ ချောင်းဟန့်သံတစ်ချက်ကြားရ၍ ကျွန်တော် လှည့်ကြည့်လိုက်တော့ ခရေကောက်သူလေးရဲ့အဖေကို တွေ့ရသည်။ အဘိုးကြီး ကျွန်တော့်ကိုသိနေပုံရသည်။ ဟိုမိန်းမကြီး ကြိုပြောထားတာလည်းဖြစ်နိုင်၏။

အဘိုးကြီးက ကျွန်တော့်ရှေ့မှာဝင်ထိုင်ပြီး . . .

“လူကြုံကိစ္စဆို”





“ဟုတ်ကဲ့”

“ဘာတွေလဲ”

“မသိဘူးခင်ဗျ”

အဘိုးကြီးက ကျွန်တော့်ကို မယုံသင်္ကာနဲ့တစ်ချက်ကြည့်ပြီး

“ကိုယ်ပို့တဲ့ပစ္စည်း ကိုယ့်ဘာသာကိုယ်မသိဘူးလား”

“မဟုတ်ဘူးဗျ. . . ဒီပစ္စည်းက ကျွန်တော့်ဦးလေးဆီကိုပို့တာပါ. . . အဲဒါခုနကမှ အမေက ဒီလိပ်စာအတိုင်းသွားပို့ခိုင်းလို့ ကျွန်တော်လာပို့တာ”

အဘိုးကြီးက အင်းမလုပ်၊ အဲမလုပ်ပဲ ခပ်တည်တည်သာရှိ၏။ ခဏကြာတော့မှ . . .

“ထားခဲ့”

ဟုဆိုကာ ခေါင်းညိတ်ပြပါသည်။ ဧည့်သည်ကို အအေးလေးတစ်ခွက်တောင် ဖျော်မတိုက်တဲ့အတွက် ရင်ထဲမှာတော့ တင်းသွားမိ၏။ အအေးသောက်ချင်လို့တော့ မဟုတ်ပါ။

အချိန်ဆွဲထားပြီး ကောင်မလေးထွက်အလာကို စောင့်မျှော်ချင်၍ဖြစ်ပါသည်။ ယောက္ခမတော်ပြီး လက်စားချေပစ်ဦးမည်ဟု ကျွန်တော်နစ်နစ်နာနာ တွေးလိုက်၏။

အိမ်ထဲကထွက်ပြီး ခြံထဲရောက်တော့ ကားတစ်စင်းဝင်လာတာတွေ့ရ၍ ကျွန်တော်ဘေးကပ်ရှောင်ပေးလိုက်သည်။

ကားထဲကိုကြည့်လိုက်တော့ ကောင်မလေးနှင့်အတူ သူ့အစ်ကိုသုံးယောက်ကိုတွေ့လိုက်ရ၍ ရင်ထဲတစ်ချက်လှုပ်ရှားသွား၏။ သူ့အစ်ကိုများအနက် နှစ်ယောက်က ရှေ့မှာထိုင်ပြီး တစ်ယောက်က နောက်မှာထိုင်လိုက်လာတာတွေ့ရသည်။

ကျွန်တော် အိမ်ထဲကထွက်လာတာမြင်တော့ သူတို့တွေအားလုံး၏မျက်လုံးများမှာ အံ့သြမှုကအထင်းသား။ သူမ၏မျက်ဝန်းလေး



www.burmeseclassic.com

www.burmeseclassic.com



များနှင့် စက္ကန့်ပိုင်းမျှ ခဏဆုံသည်။ သူမအစ်ကိုသုံးယောက်၏ စားမတတ်ဝါးမတတ်အကြည့်တွေကို စက္ကန့်ပိုင်းမျှခံလိုက်ရသည်။

ဘာပဲဖြစ်ဖြစ် ခဏလေးတွေ့ခွင့်ရလိုက်၍ တန်ပါသည်။



မိုး ကုန်၍ ဆောင်းသို့ရောက်တော့မည်ထင်သည်။ ကျွန်တော်တို့ မြန်မာနိုင်ငံရာသီဥတု၏ စက်ဝိုင်းအရ ဆောင်းတွင်းလေးလ၏ ပထမအစဖြစ်သော စက်တင်ဘာလသို့ ချဉ်းနင်း ဝင်ရောက်လာခဲ့ပြီ ဖြစ်သောကြောင့်ဖြစ်၏။

ရန်ကုန်မြို့တွင် နေရာကွက်ကျားမိုးရွာလျက်ရှိသည်။ သို့သော် ခဏတာသာ ရွာခွင့်ရပြီး ပြန်လည်တိတ်သွားတတ်သည်။

စက်တင်ဘာညများသည် ခါတိုင်းရောက်ရှိနေကျ မိုးညများထက် ပိုမိုအေးစက်လာသယောင်ရှိသည်ဟု ကျွန်တော်ခံစားမိ၏။ ကျွန်တော် ဒီနေ့မနက် အစောကြီးနိုးနေသည်။

တစ်ခါတလေ ရည်ရွယ်ချက်မရှိဘဲ ဒီလိုအစောကြီးနိုးနေတတ်၏။ အိပ်ရာထထချင်း ခုတင်ဘေးကတံခါးကိုဆွဲဖွင့်၍ အပြင်ကိုငေးကြည့်မိ၏။

ညက ခဏ တာရွာသွားသော မိုးရေစက်တို့က အပင်တွေကို ခါတိုင်းထက်စိမ်းလန်းစိုပြည်စေတာတွေ့ရသည်။ ပတ်ဝန်းကျင်သည် အရုဏ်တက်နေ ရောင်ခြည်နုနုအောက်တွင် လင်းရှင်းသန့်ပြန့်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



အဝေးကတိုက်ခတ်လာသော (ဘယ်ကမှန်းမသိသော) လေပြည်က ကျွန်တော့်မျက်နှာကိုဝင်တိုက်ခတ်သွားသည်။ အေးစက်သွားသောမျက်နှာကို တစ်ချက်ပွတ်၍ ကောင်းကင်သို့မော့ကြည့်မိသည်။ အပြာရောင်မိုးကောင်းကင်သည် တိမ်ကင်းစင်လျှက်ရှိ၏။

ကျွန်တော့်ရင်ထဲ တစ်ချက်လှုပ်ရှားသွားကာ သူမကို သတိရသွားပါသည်။ အဆက်အစပ်မရှိသော သတိရခြင်းဖြစ်မှန်း ကျွန်တော်နားလည်၏။ သို့သော် ဦးနှောက်သည် အဆက်အစပ်ရှိမှ မှတ်မိစေသော အရာဝတ္ထုမဟုတ်သည့်အတွက်ကြောင့် ကျွန်တော့်မှာ တားပိုင်ခွင့်မရှိ။

ကျွန်တော်သက်ပြင်းကိုချရင်း ခုတင်ပေါ်မှဆင်းလိုက်သည်။ ထို့နောက် မျက်နှာသစ်၊ သွားတိုက်ပြီး အိမ်ရှေ့သို့ထွက်လာခဲ့၏။

အိမ်ရှေ့ရောက်တော့ ဘုရားခန်းမှထွက်လာသော အမေနှင့်တွေ့တော့

"သား အစောကြီးနိုးနေပါလား. . . ညက အိပ်မပျော်ဘူးလား"

"အိပ်ပျော်ပါတယ်. . . အိပ်ရေးဝလို့ နိုးနေတာ"

အမေက ပြုံးလျက် . . .

"မင်းနိုးမယ်မှန်းမသိလို့ ဘာမှတောင်လုပ်မထားရသေးဘူး . . . ထမင်းကြော်လိုက်မယ်လေ. . ခဏစောင့်"

ကျွန်တော် ခေါင်းခါပြလိုက်ရင်း . . .

"ရတယ် မေမေ. . . ဘာမှလုပ်မနေနဲ့တော့. . . လမ်းထိပ်ထွက်ပြီး တစ်ခုခုသွားစားလိုက်မယ်"

"အဲဒါဆိုလည်း သော့တစ်စုံယူသွား"

ကျွန်တော်သော့ယူပြီး လမ်းထိပ်ဘက်ကို ထွက်ခဲ့လိုက်သည်။ လမ်းထိပ်ရောက်တော့ ဆိုင်ကစခင်းရုံသာရှိသေး၏။ ဘာမှစုံစုံလင် မရသေး။ စမူဆာကြော်မည့်ဒယ်အိုးက အခုမှဆီထည့်ရုံရှိသေးသည်။ ပလာတာလုပ်မည့်ဂျုံက အခုမှဒလိမ့်တုံးနှင့်ကြိတ်တုန်း။





ထို့ကြောင့် ခဏနေမှလာထိုင်တော့မည်ဟုတွေးကာ ကောင်မလေးတွေအိမ်ဘက် ထွက်လာခဲ့သည်။ ဒီတစ်ခါထွက်လာတာက ရည်ရွယ်ချက်မဲ့ ခြေဦးတည့်ရာထွက်လာခြင်းမဟုတ်။ အကြောင်းရှိသည်။ ဒီအချိန် ညကရွာထားသောမိုးကြောင့် ခရေပန်းတွေ ကြွေနေလောက်ပြီ။ ကောင်မလေးရှိချင်လည်း ရှိနေမည်။ ဒါမှမဟုတ် ရှိမနေလည်း ကိစ္စမရှိ။ ခရေပန်းလေးတွေကောက်ပြီး ခြံဝကတံခါးလေးမှာ သွားချိတ်ပေးခဲ့မည်ဟု တွေးမိ၏။ ဒီစိတ်ကူးလေးက ကဗျာဆန်၍ ကိုယ့်ကိုယ်ကိုယ် တော်တော်ချီးကျူးမိသည်။

ထို့နောက် လက်ဖက်ရည်ဆိုင်ကိုပြန်သွားသည်။ ကြွပ်ကြွပ်အိတ်အသစ်တစ်လုံး တောင်းလိုက်၏။ ထိုလက်ဖက်ရည်ဆိုင်နှင့် ကျွန်တော်ကသိနေ၍ ဘာအခက်အခဲမှမရှိ။ ပြီးတော့ ကျွန်တော် ကောင်မလေးရဲ့ခြံဘက်ကို ထွက်လာခဲ့တော့၏။

ခရေပင်တန်းလေးက လေအဝှေ့မှာ ယိမ်းနွဲ့လှုပ်ခတ်ကာနေ၏။ ခရေရွက်ချင်းထိသံကို တစ်ချက်တစ်ချက် စည်းချက်ညီစွာကြားနေရသည်။ ပလက်ဖောင်းပေါ် ကြွေကျနေသည့်ခရေပွင့်လေးတွေကို အရင်ဆုံး ကျွန်တော်လိုက်ကောက်သည်။

ဘဝမှာ ပထမဆုံးအကြိမ် ခရေပန်းကောက်ဖူးခြင်းဖြစ်ပြီး ပထမဆုံးအကြိမ် အချစ်အတွက်ကဗျာဆန်ဖူးခြင်းလည်းဖြစ်သည်။ ဒီလိုနှင့် ကြွပ်ကြွပ်အိတ်အသေးတစ်လုံး ပြည့်ခါနီးလောက်တွင် . . .

"အစ်ကိုလည်း ခရေပန်းကောက်တာ ဝါသနာပါလားဟင်"

ရုတ်တရက်ကြားလိုက်ရသောအသံလေးကြောင့် ကျွန်တော်မော့ကြည့်လိုက်တော့ ကောင်မလေးကိုတွေ့ရသည်။ မိန်းကလေးတစ်ယောက်၏အလှကို မနက်မိုးလင်းအိပ်ရာထချိန်တွင် ကြည့်ဖူး



www.burmeseclassic.com

www.burmeseclassic.com



ဆိုသောစကားကို ကြားဖူး၏။ ကျွန်တော် သူမအလှတွင် ရုတ်တရက် မှင်တက်သွားမိသည်။ ပြောင်စင်ရှင်းသန့်နေသောမျက်နှာလေးက နေရောင်ခြည်တွင် လင်းလက်နေသော နှင်းပွင့်လေးနှင့်တူ၏။

ဂျင်းဂျာကင်ပါးပါးလေးနှင့် ဒူးခေါင်းအကျော်လောက်ရှိသည့် ဘောင်းဘီကိုဝတ်ဆင်ထားသည်။ ကျွန်တော် သူမကို စိတ်လွတ်ကိုယ်လွတ်ငေးကြည့်နေရင်းမှ ကိုယ့်ကိုယ်ကိုယ် အမြန်ထိန်းလိုက်ကာ

"ဟို. . အိပ်မပျော်တာနဲ့ထွက်လာရင်း ဒီဘက်ရောက်လာလို့. . . အဲဒါ"

ကောင်မလေးက ပြုံးသည်။ ပြီးနောက် ခေါင်းတစ်ချက်ညိတ်ပြရင်း . . .

"အစ်ကို့အိမ်က ဘယ်နားမှာလဲ"

ကျွန်တော်က အိမ်ရှိရာဘက်မှန်းဆရင်း လက်ညှိုးညွှန်ပြပြီး

"ဟိုဘက်က လမ်းမှာနေတာ"

"ခနေ့က အိမ်ကိုဘာလာလုပ်တာလဲဟင်"

ကျွန်တော် လှူကြေးပစ္စည်းလာပို့သည့်ကိစ္စ ရှင်းပြတော့ . . .

"သြော်. . အစ်ကိုဦးလေးက ကျွန်မဦးလေးနဲ့သူငယ်ချင်းကိုး"

ကျွန်တော်လည်း ခေါင်းညိတ်ပြရင်း ခရေပန်းတွေဆက်ကောက်နေမိသည်။ သူမကလည်း ကျွန်တော်နှင့် မလှမ်းမကမ်းတွင်ထိုင်ကာ ခရေပန်းလေးတွေကို လိုက်ကောက်နေ၏။ ကျွန်တော့်ဆီမှာ ခရေပွင့်တွေ ကြွပ်ကြွပ်အိတ်တစ်လုံးစာလောက်ရပြီးချိန်တွင် သူမဆီလှမ်းသွားလိုက်ကာ . . .

"ရော့"

ကောင်မလေးက ကျွန်တော်ကမ်းပေးသော ကြွတ်ကြွတ်အိတ်ကိုတစ်လှည့်၊ ကျွန်တော့်ကိုတစ်လှည့်ကြည့်ရင်း . .

"ဟင်. . အစ်ကိုကောက်ထားတာလေ. . . အစ်ကို ယူပါ"





"မဟုတ်ဘူး. . . အစောကြီးကတည်းက ညီမလေးအတွက်ရည်ရွယ်ပြီးကောက်နေတာ"

"ရှင်"

ကောင်မလေးက မျက်ဝန်းအဝိုင်းသားလေးနှင့် ကျွန်တော့်ကိုကြည့်၏။ အံ့သြမှုနှင့်အတူ ရှက်သွားသည့်အရိပ်အရောင်လေးပါတွဲဆက်ပြီး သူမမျက်နှာပေါ် ကျွန်တော်ဖတ်လိုက်ရ၏။ကျွန်တော်သူမရှေ့ကခြင်းလေးထဲ ကြွပ်ကြွပ်အိတ်လေးထဲက ခရေပန်းလေးတွေကို အသာသွန်ချပေးလိုက်ကာ မတ်တတ်ရပ်လိုက်ရင်း . .

"ကိုယ့်နာမည်က အာကာလို့ ခေါ်တယ်. . . ညီမလေးနာမည်ကရော"

ကောင်မလေးက ခေါင်းငုံ့သွားကာ မပွင့်တပွင့်အသံလေးနှင့် ဖြေပါသည်။ သူမအသံသည် တိုးတိတ်ညင်သာလွန်းသော်လည်း ကျွန်တော်ကောင်းစွာကြားရသည်။

"ခရေနွယ်"

ကျွန်တော် စက္ကန့်ပေါင်းများစွာ ကောင်မလေးကိုစိုက်ကြည့်နေရာမှ လှည့်ထွက်လာခဲ့ပါတော့သည်။ ခရေပင်သည် နွယ်ပင်အမျိုးအစားမဟုတ်သော်လည်း ကျွန်တော့်နှလုံးသားကို နွယ်တစ်ပင်လိုချစ်ပတ်သွားခဲ့ပြီဆိုတာ သေချာပါသည်။

ကျွန်တော့်နှလုံးသားကို ရစ်ပတ်သွားခဲ့သော ထိုနွယ်ပင်လေးကို ကျွန်တော်က 'အချစ်နွယ်'လို့တောင် နာမည်ပေးလိုက်ချင်သည်။

ကျွန်တော်ပြန်လာရာ လမ်းတစ်လျှောက်ရင်တွေခုန်နေမိ၏။ ချစ်တီးပြောသလို မျိုးဆက်ပြန့်ပွားရေးအတွက် ကျွန်တော်ရင်ခုန်မိတာတော့ မဟုတ်ပါ။ ကမ္ဘာဦးကပျောက်ဆုံးသွားသော နံရိုးလေးတစ်ချောင်း ကျွန်တော်ပြန်လည်ရှာတွေ့သွား၍ ပျော်ရွှင်ရင်ခုန်သွား ခြင်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ပရိ မိုးရာဒက္ခိဏာရိတွေမှာရှိတယ်ကွ. . . ဖူးစာရှင်ဆိုတာ ကမ္ဘာဦးအစက သူတို့ရဲ့ပျောက်ဆုံးသွားတဲ့ ကိုယ်တစ်ခြမ်းတဲ့"

ပေါကြီးပြောသည့်စကားကို ကျွန်တော်နားထောင်နေလိုက်သည်။ ချစ်တီးကတော့ ထိုစကားပုံကို ကြားသိနေပုံရသောကြောင့် သိပ်စိတ်ဝင်စားပုံမရ။ မှန်ကြောင်ကတော့ ထိုစကားဝိုင်းကို လုံးဝစိတ်မဝင်စားပေ။ ဘာကိုမှန်းမသိစဉ်းစားရင်း အဝေးကိုတွေတွေကြီးငေးနေ၏။

"လူတွေက အရင်တုန်းက လက်လေးဖက်၊ ခြေထောက်လေးချောင်းရှိတယ်တဲ့"

"ခွေးတွေလိုပေါ့"

ပေါကြီးက ယောင်ပြီးခေါင်းညိတ်ရာမှ ခေါင်းကိုပြန်ခါရင်း

"သေလိုက်ပါလား. . . လူကတော့ လူပဲပေါ့ကွ. . . ဒါပေမဲ့ လက်လေးဖက်၊ ခြေထောက်လေးချောင်းလေ"

ကျွန်တော် ခေါင်းတညိတ်ညိတ်လုပ်ရင်း ဆက်နားထောင်နေလိုက်သည်။





"စွမ်းအားလည်း အရမ်းရှိတယ်တဲ့"

"အင်း"

"အဲဒါကြောင့် နတ်မင်းကြီးတွေက ကြာရင် လူတွေက သူတို့ကို ရန်ပြုကြမှာစိုးလို့ နှစ်ခြမ်းခွဲပြီး ထားလိုက်ကြတာတဲ့"

ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။

"အဲဒီအချိန်ကစပြီး လူတွေက သူတို့ပျောက်သွားတဲ့ ကိုယ်တစ်ခြမ်းကို လိုက်ရှာကြတယ်တဲ့. . . တွေ့တဲ့အခါ တစ်ဦးနဲ့တစ်ဦး အရမ်းချစ်ပြီး တစ်သက်လုံးပေါင်းလိုက်ကြတာတဲ့"

ကျွန်တော် ငြိမ်နေမိသည်။ ချစ်တီးကဝင်၍ . . .

"အဲဒီကိစ္စက ရုပ်ရှင်တွေ၊ ဝတ္ထုတွေ တော်တော်များများမှာ ပါပါတယ်. . . မင်း အဲဒီကတွေ့လို့ ကျက်ပြီးပြောတာမလား"

ပေါကြီး မျက်နှာနည်းနည်းတော့ တင်းသွားသည်။ ဘာမှပြန်မပြောခင် မှန်ကြောင်ကဝင်၍ . . .

"မင်းတို့အားလုံး မှားတယ်. . . မိန်းမဆိုတာ အမှန်တော့ အာဒံရဲ့အချိုးခံလိုက်ရတဲ့ နံရိုးပဲ"

"ဘယ်သူက ချိုးလိုက်တာလဲ"

"ဘုရားသခင်"

"နာမှာပဲနေ"

"ဘုရားကိုယ်တိုင် ချိုးလိုက်တာဆိုတော့ ဘယ်နာမလဲ"

ဘုရားနဲ့ကိုင်ပေါက်၍ အားလုံးငြိမ်သွားကြသည်။

မှန်ကြောင်က သူ့စကားကို အားတက်စွာဆက်ပြော၏။

"အမှန်တော့ ကမ္ဘာအစမှာ အာဒံတစ်ယောက်တည်းကွ"

"ဒါတော့ ငါတို့လည်းသိပါတယ်ကွာ"

မှန်ကြောင်က ကျွန်တော့်စကားကို အရေးမထားဘဲ ဆက်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူတစ်ယောက်တည်းဆိုတော့ ပျင်းလာလို့. . . ဘုရားသခင်က သူ့နံရိုးတစ်ချောင်းကိုယူပြီး ဧဝကိုဖန်ဆင်းပေးလိုက်တာတဲ့"

ကျွန်တော်တို့အားလုံး သက်ပြင်းချမိကြသည်။ သိနေသည့်အရာကို ဒီကောင် လေကုန်ခံပြီး ဘာလို့ပြောနေမှန်းမသိပေ။

"ပထမတော့ သူတို့နှစ်ယောက် ဘာမှမဖြစ်သေးဘူးကွ. . . နောက်မှ ဧဒင်ဥယျာဉ်ထဲက ပန်းသီးကိုစားပြီးမှဖြစ်တာ"

"လိမ္မော်သီးပါကွာ"

"စတော်ဘယ်ရီသီးလည်း ဖြစ်နိုင်တာပဲ. . . မင်းက သိလို့လား"

"ဟေ့ကောင်. . ရာဇဝင်မှာ ပန်းသီးပဲ"

"ထားပါတော့. . . အဲဒီပန်းသီးကိုစားပြီး ဘာဖြစ်လဲ"

"ဟိုဟာ. . အင်း. . အဲဒါကွာ. . . ဖြစ်တာ"

မှန်ကြောင်ရဲ့ အူကြောင်ကြောင်အမူအရာကိုကြည့်၍ ကျွန်တော်တို့ရယ်မိကြသည်။ အရယ်ရပ်တော့ ချစ်တီးကဝင်၍ . . .

"အင်း . . တကယ်တော့ လူဆိုတာ ပြဿနာကြီးလေးဦးကစ"

"တော်ပါတော့ကွာ. . . ဘယ်က စစ. . စချင်တဲ့နေရာက စ ပါဟေ့. . . ပြောမနေပါနဲ့တော့. . . ငါကိစ္စလေးတိုင်ပင်ပါတယ် . . . ဒီလူဖြစ်စဉ်တွေပဲ ပြောနေတော့မှာလား"

"ဒါဝင်ရဲ့သီအိုရီအရတော့ လူဆိုတာ မျောက်ကဆင်းသက်"

"ပေါက်ကြီး. . မင်းဟာမင်း မျောက်ကပဲ လာလာ၊ ခွေးဘဝကပဲ လာလာ. . . အဲဒါတွေ ထားတော့. . . ငါကိစ္စလေး ဘာဆက်လုပ်ရမလဲ. . . အကြံပေးပါဦး"

ကျွန်တော့်စကားဆုံးတော့ ချစ်တီးက မေးစေ့ကိုပွတ်၍. .

"မင်းကိစ္စက အချစ်နဲ့ပတ်သက်နေတယ်ဆိုတော့ လေးနက်တယ်ကွ"





ချစ်တီးပုံစံကိုကြည့်၍ ကျွန်တော်တော်တော်ခံပြင်းသွားသည်။ ရည်းစားဆိုလို့ မူးလို့တောင် ရှူစရာမရှိတဲ့ကောင်က ဒါမျိုးထပြော၍ အနူလက်သီးနှင့်ထိုးခံရတာထက် နာသည်။ ကျွန်တော်တစ်ခုခု ပြန်ပြောမလို့လုပ်စဉ် . . .

"တကယ်တော့ မိန်းကလေးတစ်ယောက်ရဲ့အချစ်ကို ရဖို့ကြိုးစားတယ်ဆိုတာ. . အနုပညာအလုပ်တစ်ခုကို စလုပ်သူနဲ့တူတယ်ကွ"

ချစ်တီးကို အားလုံးငေးနေကြသည်။ စကားတနည်းနည်းမြင့်လာ၍ ဘာဆက်ပြောမလဲ စောင့်စားနေကြတာလည်းပါသည်။ ချစ်တီးက ကောင်းကင်ကိုမော့ကြည့်ကာ သက်ပြင်းကိုချရင်း . . .

"အနုပညာအလုပ်လုပ်တဲ့လူဆိုတာလည်း ဒီလိုပဲ. . . က၊ ဉာဏ်၊ ဝီရိယ သုံးပါးစလုံးအပြင် စန်းရှိဖို့လည်းလိုတယ်. . . တချို့တွေက ဖြစ်ချင်လွန်းလို့ အရာအားလုံးကိုသိကျွမ်းနားလည်အောင်ကြိုးစားပြီး လုပ်လည်း မအောင်မြင်တာရှိတယ်. . . တချို့ကျတော့ မှန်လေးပဲ အားထုတ်လိုက်ပေမယ့် သူ့ဟာနဲ့သူစပ်ဟပ်ပြီး နာမည်ကြီးသွားတာမျိုးလည်း ရှိတယ်လေ. . ဒီအတိုင်းပဲ မိန်းမတစ်ယောက်ရဲ့အချစ်ကို ရဖို့ဆိုတာ စက္ကန့်ပိုင်းအတွင်း ဖြစ်နိုင်သလို၊ နှစ်ပေါင်းများစွာကြိုးစားလည်း ရချင်မှရနိုင်တာကွ"

ချစ်တီးစကားက ဟုတ်မလိုလိုနှင့် ဟုတ်သလိုလိုတော့ရှိ၏။ အနုပညာသည် နူရွလေးနက်သလို အချစ်ဆိုသည့်အရာသည်လည်း နူရွလေးနက်နိုင်သည်။ မမြင်နိုင်သောအင်အားတွေ အချစ်မှာရှိနေနိုင်သည်။ အရင်နေ့တွေက ကျွန်တော့်ရင်ဘတ်ထဲမှာ စက္ကန့်နှင့်အမျှအလုပ်လုပ်နေသော ကျွန်တော့်နှလုံးသားသည် ဒီနေ့ကစပြီး ပုံမှန်ဟုတ်တော့တာတော့ သေချာသည်။

ရောဂါတစ်ခုဖြစ်နေ၍ နှလုံးခုန်နှုန်းနှေးသွားခြင်းလည်း



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်၊ မြန်လာခြင်းလည်း မဟုတ်၊ ခုန်နှုန်းကတော့ ပုံမှန်ဖြစ်နေလိမ့်မည်။ သို့သော် ယခင်နေ့တွေကလို ဝတ္တရားအရ ခုန်ပေးနေရခြင်း ဟုတ်တော့ဘဲ ထိုရင်ခုန်နှုန်းများထဲတွင် နှုတ်ယှိုလတ်ဆတ်ခြင်းတို့ပါ ကြည်နူးမှုတွေရှိနေသည်။ စိုးရိမ်မှုတွေ ရောထွေးနေလေပြီ။

အဲဒါ အချစ်လားဟု ကျွန်တော့်ကိုယ်ကျွန်တော် ပြန်မမေးဖြစ်တော့။

အချစ်ဆိုသော သီအိုရီကိုသိဖို့ထက် အချစ်ဆိုတာကို ချစ်တတ်ဖို့ပဲလိုသည်ဟု ကျွန်တော်ထင်၏။

ထို့ကြောင့်. . . ။

ကျွန်တော် သူမကို. . ချစ်သည်။



ပန်းအလေးက. . . . .

တယောသံကို နားစွင့်ရင်း

မြစ်ရေစီးကြောင်း သံစဉ်တွေနဲ့ တွဲစပ်မိတယ်၊

ချစ်သူရေ. . . . . .

ပန်းအလေးမိုးကုပ်စက်ဝိုင်းကို မျှော်ကြည့်လိုက်ပါ. .

မင်းအတွက် လင်းလက်တောက်ပတဲ့

ကြယ်တစ်ပွင့်. . . . .

ငါ့ရင်ခွင်မှာ ကွန်းခိုနေတာမြင်ရဲ့လား။

www.burmeseclassic.com

www.burmeseclassic.com



**ကောင်မလေး** တစ်ယောက်ကို ကိုယ်ကချစ်နေပြီ ဆိုတာသိရင် ချစ်တဲ့နေ့ကစပြီး ကြိုးစားရမည်ဟု မှန်ကြောင်က ပြောသည်။

အချစ်ကိုစတင်သိရှိသွားချိန်မှစပြီး အသည်းကွဲ တဲ့ ဒဏ်ကိုလည်း ခံနိုင်အောင် ကြိုးစားထားရမည်ဟု အကြိမ်ကြိမ် (ဘာကြောင့်မှန်း မသိ) အသည်းကွဲဖူးသော ပေါကြီးက အဆိုတင် သွင်း၏။

အချစ်ဆိုသောအရာက အရက်လိုအကြိမ်ကြိမ်သောက်သုံးရန် မသင့်တော်သောအရာဟု ချစ်တီးကပြောပြန်သည်။

ကျွန်တော် စကားဝိုင်း၏အပြင်ဘက်ကပင် ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေရသည်။ တစ်နေ့ကုန် တစ်နေ့ခန်း ပါးစပ်အမြှုပ်ထွက်အောင် ဒီကောင်တွေ ကျွန်တော့်ကို လက်ချာပေးပြီး ညနေစောင်းမှ ပြန်သွား၏။ ပြန်ခါနီးတွင် လိုအပ်သမျှကူညီပေးမယ်ဟုလည်း ကတိပေးသွားကြသည်။

ကျွန်တော့်ရဲ့တိုက်စစ်ကို မနက်ဖြန်ကစဖို့ ကျွန်တော်က ရည်ရွယ်သည်။





အချစ်နဲ့စစ်မှာ လက်ဦးမှုရယူခြင်းက အောင်မြင်မှုလမ်းစကို ဆုပ်ကိုင်ခြင်းပဲဟု ပြောဆို၍ ဒီညနေပဲ ကျွန်တော့်တိုက်စစ်ကိုဖွင့်ဖို့ ဒီကောင်တွေက တိုက်တွန်းကြသည်။

ထိုတိုက်စစ်အဖွင့်တွင် သူတို့ပါဝင်လို့မရသေး၍ ကျွန်တော် တစ်ယောက်တည်း စတင်ရမည်ဖြစ်သည်။

အချိန်က ညနေဆည်းဆာ. . ။

www.burmeseclassic.com

www.burmeseclassic.com



ညီ အစ်ကိုမသိတသိအချိန်မရောက်ခင် တစ်နာရီလောက် အလိုကတည်းက ကျွန်တော်အိမ်ကထွက်လာခဲ့သည်။ အမှန်အတိုင်းပြောရရင် ကြိုတင်ကြံစည်ထားမှု ဘာ မရှိသေး။ မီးစင်ကြည့်ကဖို့သာ ရည်ရွယ်ထားသည်။ အဓိကအချ က ကောင်မလေးနှင့်တွေ့ဖို့ အရေးကြီးသည်။ ဒါမှ စကားပြောခွင့် မည်။ တွေးရင်းနှင့် သူမတို့ခြံ ရှေ့ရောက်လာ၏။

ခရေပင်တန်းလေးနားရောက်တော့ ကျွန်တော် သူမကိုရှ သည်။ အရိပ်အရောင်ပင် မတွေ့။ ကျွန်တော် မတ်တတ်ရပ်ရင် တွေဝေသွားမိသည်။ သူမ ဒီနေ့ခရေပန်းထွက်ကောက်ချင်မှ ကော လိမ့်မည်။ အခုလို ခရေပန်းကောက်သည့်ကိစ္စက ရုံးဆင်းရုံးတက် အချိန်မှန်လုပ်ချင်လုပ်မည်။

တကယ်လို့ သူမသာ ခရေပန်းထွက်မကောက်ဖြစ်ရင် ကျွ တော်ဘာဆက်လုပ်ရမှန်းမသိတော့။ သူများခြံရှေ့ ဒီလိုပဲ ယောင်ေ ယောင်ပေရပ်နေလို့ ဖြစ်သည့်ကိစ္စမဟုတ်။ သို့သော် ခဏလော တော့ စောင့်ကြည့်လိုက်ဦးမည်ဟုတွေးကာ စီးကရက်တစ်လိပ် မီးညှိပြီး ဟိုယောင်ယောင်၊ သည်ယောင်ယောင် လုပ်နေလိုက်၏





ခဏနေတော့ သူမတို့ခြံတံခါးပွင့်သွားသည်ကို တွေ့ရ၏။ သူမထွက်လာမလားဆိုပြီး ကျွန်တော်ရင်ခုန်စွာ လှမ်းကြည့်လိုက်စဉ် ကားတစ်စီးမောင်းထွက်သွားသည်ကို တွေ့လိုက်ရသည်။

မောင်းသူ နေရာတွင်ပါသွားသူက သူမအစ်ကို။ ကားထဲမှာ သူမအဖေနှင့် အစ်ကိုသုံးယောက်လုံး ပါသွားသည်။ ကျွန်တော့်ကိုမြင် သွားလျှင် ပြဿနာတွေ ရှုပ်ထွေးသွားနိုင်သောကြောင့် ခရေပင် တစ်ပင်နောက်သို့ အသာကွယ်နေလိုက်၏။

ကားထွက်သွားပြီး မကြာခင် ခြံတံခါးပြန်ပိတ်လိုက်စဉ် . .

"အန်တီအေး . . . တံခါးမပိတ်နဲ့ဦး . . . သမီး ခရေပန်း ကောက်ဦးမယ်"

ဒီနေ့ ကျွန်တော်အကြားချင်ဆုံးအသံလေးတစ်ခု။ ထိုညနေ ခင်းသည် ကျွန်တော့်အတွက် အရာရာပြည့်စုံသွားလေပြီ။ ကျွန်တော် ခရေပင်နောက်က အမြန်ထွက်လိုက်သည်။ ဆံပင်ကို တစ်ချက်သပ် လိုက်ပြီး အင်္ကျီနှင့်ဘောင်းဘီကို သပ်သပ်ရပ်ရပ်ဖြစ်အောင် တစ်ချက် ပြင်လိုက်၏။

ခဏနေတော့ သူမထွက်လာ၏။ ရုတ်တရက်ဆိုတော့ ကျွန်တော့်ကို မမြင်သေး။ ကျွန်တော် သူမအနားသို့ အသာတိုးကပ် သွားလိုက်တော့မှ ကျွန်တော့်ကိုမော့ကြည့်ကာ အံ့သြသောမျက်နှာ နှင့် . . . .

"ဩော် . . . ဘယ်သူများလဲလို့"

ပြုံးချိုသောမျက်နှာနှင့် သူမက စကားကိုစ၏။ ကျွန်တော် ရယ်ပြလိုက်ကာ . . .

"ကိုယ်က အစောကြီးကတည်းက ရောက်နေတာ"

သူမမျက်မှောင်လေး တစ်ချက်ကြုတ်သွားလျက်။

"ကိစ္စရှိလို့လားဟင်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ခေါင်းညိတ်ပြလိုက်ပြီး . . .

"ရှိတာပေါ့"

"ဘာကိစ္စလဲ အစ်ကို"

"ခရေပန်းကောက်ဖို့လေ"

ပထမတော့ သူမ ကြောင်တောင်တောင်ဖြစ်သွားသည်။ နောက်မှ တဖြည်းဖြည်းပြုံးလာကာ . . .

"အစ်ကိုက ခရေပန်းကို ဘာလုပ်ဖို့လဲ"

ကျွန်တော် ခေါင်းခါပြလိုက်ရင်း . . .

"အစ်ကို့အတွက် မဟုတ်ပါဘူး"

"ဒါဆို"

ကျွန်တော်ပြုံးရင်း သူမကို လက်ညှိုးထိုးပြလိုက်ရင်း . . .

"ခရေပန်းကို ခရေ့အတွက် ကူကောက်ပေးဖို့"

ရုတ်တရက်ဆိုတော့ ကောင်မလေးက ကြောင်တောင်တောင်နှင့် ကျွန်တော့်ကိုကြည့်၏။ နောက်တော့ ခေါင်းလေးငုံ့သွားကာ . .

"ရပါတယ် . . ကျွန်မတစ်ယောက်တည်း ကောက်နေကျပါ"

"နှစ်ယောက်ကောက်တော့ များများရတာပေါ့. . . နောက်ပြီး ခရေက . . ခရေပန်းကို ဘုရားမှာလည်းလှူတယ်ဆိုတော့ ကိုယ်လည်း ကုသိုလ်ရတာပေါ့"

ကောင်မလေးက ဘာမှဆက်မပြောတော့ပေ။ ကျွန်တော် ရှေ့က ညင်သာစွာထွက်သွားပြီး ခရေပန်းလေးတွေလိုက်ကောက်နေတော့သည်။ ကျွန်တော်လည်း လက်လှမ်းမီရာ ခရေပန်းတွေလိုက်ကောက်ပေးရင်း . . .

"ခုန အန်ကယ်တို့ အပြင်ထွက်သွားတာတွေ့လိုက်တယ်"

ကောင်မလေးက ခရေပွင့်တွေကောက်နေရင်းမှ . .





"ဟုတ်တယ်"

"ခရေ့အစ်ကိုတွေလည်း ပါသွားတယ်နော်"

ကောင်မလေးက ခေါင်းညိတ်ပြရင်း . . .

"ဘာလဲ. . . စုံထောက်လုပ်နေတာလား"

"မဟုတ်ပါဘူး. . . ကိုယ်က အဲဒီအချိန်ကတည်းက ခြံရှေ့ရောက်နေတော့ မြင်မိတာပေါ့. . . သူတို့မြင်မှာစိုးလို့တောင် သစ်ပင်နဲ့ကွယ်နေလိုက်သေးတယ်"

ကောင်မလေးက . .

"အစ်ကို. . . ကျွန်မဆီကို အကြောင်းတစ်ခုခုရှိလို့ လာတာဖြစ်မယ်. . . ဘာအကြောင်းမှမရှိဘဲတော့ မဖြစ်နိုင်ဘူး"

အမှန်ဆို ထိုစကားသည် အခွင့်အရေးသုံးတတ်လျှင် အကောင်းဆုံးအသုံးပြုနိုင်သော လက်နက်တစ်ခုဖြစ်သည်။

"သတိရလို့လာတာပါ"ဆိုတာမျိုး။ ဒါမှမဟုတ် "ခရေနဲ့အတူ ခရေပန်းကောက်ရင်း ကိုယ့်ရဲ့ညနေခင်းလေးကို ပြည့်စုံစေချင်လို့ပါ" ဆိုတာမျိုး လုပ်လို့ရသည်။

သို့သော် သူမက ရိုးသားစွာဆိုလာခြင်းဖြစ်၍ ကျွန်တော် အခွင့်အရေးမလိုချင်။ ထို့ကြောင့် ရိုးသားစွာပဲ ကျွန်တော်ပြန်ပြောမိသည်။

"ဘာအကြောင်းမှမရှိတာ အမှန်ပါ. . . ဒါပေမဲ့ ခရေနဲ့တွေ့ချင်တာတော့ တကယ်"

"ဘာလို့လဲ"

"အဲဒါတော့ မပြောတတ်ဘူး"

အမှန်တော့ ကျွန်တော့်စကားက သိပ်တော့အဓိပ္ပာယ်မရှိလှ။ လူဆိုတာ ကိုယ့်ဘာသာကိုယ်တော့ အသိဆုံးဖြစ်သည်။ တွေ့ချင်တယ်လည်း ဆိုသေးတယ်၊ မပြောတတ်ဘူးဆိုတော့ ယုတ္တိမရှိ၊



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ချစ်လို့လာတာပါဆိုပြီးတော့လည်း ပြောလို့မသင့်တော်သေး၍ ထိုစကားသာသုံးလိုက်ရသည်။

ကောင်မလေးက ဘာမှတော့ပြန်မမေးတော့ပေ။ ခရေပန်းတွေသာ လိုက်ကောက်နေလိုက်သည်။ ကျွန်တော့်လည်း ခပ်ဆိတ်ဆိတ်နေ၍ ခရေပန်းလေးတွေကောက်ပြီး သူမရှေ့က ခြင်းကြားလေးထဲ ထည့်ပေးနေလိုက်၏။ လမ်းသွားလမ်းလာတချို့က ကျွန်တော်တို့နှစ်ယောက်ကို ကွက်ကြည့်ကွက်ကြည့်လုပ်သွားကြသည်။ သူတို့စိတ်ထဲမှာ ကျွန်တော်တို့ကို စုံတွဲဟုထင်ရင်ထင်ကြပေလိမ့်မည်။

ထို သို့တွေးမိတော့ ကျွန်တော်ရင်ခုန်သံပိုမြန်လာ၏။ သူမလည်း ရင်ခုန်သံမြန်နေမလား မပြောတတ်။ သွားစမ်းကြည့်လို့လည်း ဖြစ်တဲ့ကိစ္စ မဟုတ်၍ ခန့်မှန်းကြည့်ရုံနှင့်သာ ဖြေသိမ့်လိုက်ရပါသည်။

ခဏကြာတော့ ခြင်းကြားလေးထဲ ခရေပန်းတွေပြည့်သွား၍ သူမက ထရပ်လိုက်ကာ . . .

"တော်ပြီ အစ်ကို. . . ဒီလောက်ဆို ရပြီ. . . တော်ကြာ ဒက်ဒီတို့လည်း ပြန်လာတော့မှာဆိုတော့ ကျွန်မဝင်တော့မယ်. . . အစ်ကို့ကိုတွေ့သွားရင်လည်း မကောင်းဘူးလေ"

ကျွန်တော် လက်နှစ်ဖက်က ဖုန်တွေကိုခါလိုက်ရင်း . .

"ကိုယ် မနက်ဖြန် ဒီအချိန်လောက်လာခဲ့ဦးမယ်လေ. . . ခရေကောက်ဦးမှာလား"

ကောင်မလေးက ခဏစဉ်းစားနေလိုက်ကာ . . .

"အဲဒါတော့ မပြောတတ်သေးဘူး . . . စိတ်ပါရင်တော့ ကောက်ဖြစ်မယ် ထင်တယ်"

"စိတ်ပါလိုက်ပါ. . . ကိုယ်က ခရေကောက်ရတာ ဝါသနာပါလာပြီ. . . နောက်ပြီး မနက်ဖြန် ကိုယ့်ဘာသာကိုယ်ကောက်ထားတဲ့ ခရေပန်းတွေကိုသီပြီး ဘုရားမှာလည်းလှူချင်လို့"





ကောင်မလေးက ပြုံးလိုက်ရင်း . .

"ကျွန်မ မကောက်လည်း အစ်ကို့ဘာသာလာကောက်လို့ရတာလဲဟာ. . . ပြီးတော့ ဒီနေရာက ပြည်သူပိုင်လမ်းလေ အစ်ကိုရဲ့. . . ဘာမှမဖြစ်ပါဘူး"

"အဲဒါတော့ ဟုတ်တာပေါ့. . . ဒါပေမဲ့ ခရေပါရှိနေတော့ အားရှိတာပေါ့"

ကောင်မလေးက တစ်ချက်ရယ်လိုက်ရင်း . . .

"ထားပါတော့. . ထားပါတော့. . . ဒါဆိုလည်း ကျွန်မလိုက်ကောက်ပေးပါ့မယ်"

ကျွန်တော်နှုတ်ဆက်ရင်း လှည့်ပြန်လာခဲ့သည်။ အပြန်လမ်းတစ်လျှောက် ကျွန်တော့်စိတ်ရော ခန္ဓာပါ လေထဲလွင့်လျှက်. .။

www.burmeseclassic.com

www.burmeseclassic.com



“ဒါဆို မင်းအခြေအနေက မဆိုးပါဘူး. . . ကောင်မလေးက သူနဲ့အတူတူ ခရေပန်းကောက်ခွင့်ပေးထားတယ်ဆိုတော့ . . မင်းအပေါ် လိုက်လိုက်လျောလျောတော့ရှိသားပဲ”

“ဒါပေမဲ့ သူက ငါ့အပေါ် ရိုးရိုးသားသားသဘောထားပုံရတယ်ကွ သိလား”

“ဩော် . . မင်းက မရိုးသားဘူးထင်နေလို့လား . . ဟိုကတော့ မင်းကို အစ်ကိုရယ် ချစ်လှပါချည်ရဲ့လို့ပြောမလား”

ချစ်တီးစကားကြောင့် ကျွန်တော်ရယ်လိုက်မိသည်။

“ငါပြောတာ အဲဒီသဘောမဟုတ်ပါဘူးကွာ. . . ခရေက ဖြူစင်တယ်လို့ ဆိုလိုတာပါ”

“ထားလိုက်ပါတော့. . . ဒါနဲ့ မင်း ဒီနေ့သူနဲ့ချိန်းထားသေးတယ် မဟုတ်လား”

“အင်း”

“ကြည့်လည်းသွားဦးနော်. . သူ့အစ်ကိုတွေနဲ့တွေ့လို့ အရိုးတခြား အသားတခြားဖြစ်သွားဦးမယ်”





“ငါလည်း အဲဒါပဲလန့်နေရတာ. . . မနေ့ကတော့ အပြင်ထွက်သွားလို့ အေးအေးဆေးဆေးနေလို့ရတယ်ကွ. . . ဒီနေ့တော့ ဒီကောင်ကြီးတွေ အိမ်မှာရှိနေနိုင်တယ်”

“ဒီကိစ္စက ခရေ့အပေါ် မူတည်ပါတယ်ကွာ. . . သူ သွားမပြောရင် တော်ရုံမသိနိုင်ပါဘူး”

“ထားပါတော့ကွာ. . . ဘီလူးစောင့်တဲ့ပန်းတစ်ပွင့် ဖြစ်နေပါစေ. . . ခရေ့ကို ငါရအောင်ယူမယ် ဟေ့ကောင်”

“ဟကောင်. . တယ်ဆိုတဲ့ စာပါလား”

“ငါ တကယ်ချစ်သွားပြီကွ”

“အေးပါကွာ. . . ကြည့်ရသေးတာပေါ့”

ထို့နောက် စကားနည်းနည်းပါးပါး ဆက်ပြောပြီး ကျွန်တော်တို့ ဖုန်းချလိုက်တော့၏။ ပြီးတော့ အချိန်ကိုကြည့်လိုက်သည်။ ညနေသုံးနာရီကျော်လောက်ရှိနေ၍ ရေချိုးဖို့ပြင်ဆင်လိုက်တော့သည်။

ညနေ ပန်းကောက်ပွဲလေးသို့ ချီတက်ဖို့နီးပြီလေ။

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ သူမက ပိုလှနေသည်ဟုဆိုလျှင် အရင်နေ့တွေက တော့ ပုံမှန်ပဲလှသည်ဟုဆိုလိုရာ ကျနိုင်သည်။ သို့သော် သူမ ဒီနေ့ထူးခြားနေတာတော့ အမှန်ပင်ဖြစ်သည်။ အရင်နေ့တွေက ပုံမှန်အဝတ်အစားလေးနှင့် ထွက်လာတတ်သော သူမသည် အခုတော့ အပြင်အဆင်၊ အခြယ်အသလေးတွေပါလာ တာကို သတိထားမိသည်။

ဒါကတော့ သဘာဝကျပါသည်။ ခါတိုင်းနေ့တွေက ခရေ ပန်းထွက်ကောက်ခြင်းသည် လုပ်နေကျအလုပ်တစ်ခုကို လုပ်ခြင်း ဖြစ်သည်။ သူမအတွက်ပန်းကောက်ဖို့ဆိုသော ရည်ရွယ်ချက်တစ်ခု သာရှိမည်။ ဒီနေ့တော့ ထိုရည်ရွယ်ချက်အပြင် နောက်တစ်ခုကကပ် ပါနေသည်။ . . . ကျွန်တော်နှင့် တွေ့ဖို့. . .။

ယောကျ်ားလေးတွေက သူတို့ကိုစိတ်ဝင်စားနေမှု ရှိ၊ မရှိ အကြမ်းဖျင်းအားဖြင့် ခန့်မှန်းနိုင်မှုနည်းပညာသည် မိန်းကလေးတွေ ၏မွေးရာပါ တတ်ကျွမ်းလာသောပညာဖြစ်သည်။ သူမကို ကျွန်တော် စိတ်ဝင်စားနေတယ်ဆိုတာ သူမရိပ်မိနေလိမ့်မည်။ မရိပ်မိလည်း ဘယ်ခံနိုင်ပါ့မလဲ။ ရွှေစွန်ညိုက မထွေးနားက ခွာမှမခွာတော့တာ





ထိုရွှေစွန်ညိုကြောင့်ပင် ဒီနေ့ သူမ တမူထူးခြားလာသည်။ ဆန့်ကျင်ဘက် သူစိမ်းယောကျ်ားလေးတစ်ဦးနှင့် ချိန်းထားသော မိန်းကလေးတစ်ယောက်၏စရိုက်သည် သူမဆီမှာ အကုန်ပြည့်စုံနေ သည်ဟု ကျွန်တော်ထင်မိသည်။

"အစ်ကိုက ခရေပန်းတွေကိုထည့်ဖို့ ဘာမှယူမလာဘူးလား"

"အဲ"

ကျွန်တော် ရှက်သွားသည်။ အမှန်ဆို ကျွန်တော် ကြွပ် ကြွပ်အိတ်လေးတစ်လုံးတော့ ယူလာခဲ့ဖို့သင့်သည်။ ကျွန်တော်၏ ရှက်သွားသော အမူအရာကြောင့် ကောင်မလေးကရယ်လိုက်ရင်း

"ခစ် ခစ်. . . အဲဒီလောက်လည်း စိုးရိမ်မသွားပါနဲ့ရှင်. . . ဒီလိုဖြစ်လာမယ်ဆိုတာ ကြိုသိလို့ ကျွန်မယူလာပါတယ်"

ဟုဆိုကာ ကြွပ်ကြွပ်အိတ်တစ်လုံး လှမ်းပေး၏။ သူမ၏ စရိုက်မှုအတွက် ကျွန်တော်ရင်ခုန်သွားမိ၏။

ကမ်းပေးသောကြွပ်ကြွပ်အိတ်လေးကို လှမ်းယူလိုက်ကာ

"ကျေးဇူးပဲ ညီမလေးရယ်"

"ရပါတယ်. . . အစ်ကိုက ဘုရားလှူဖို့ ခရေပန်းကို တကူး တကလာကောက်တဲ့သူဆိုတော့ ညီမကကုသိုလ်ယူတာပါ"

ထိုစကားကို သူမရွဲ့ပြောတာလား ဆိုတာ သူမဘာသာ အသိ ဆုံးဖြစ်လိမ့်မည်။ ဘာပဲဖြစ်ဖြစ် ထိုစကားကြောင့် နင်သွားတာတော့ အမှန်ပင်။ ခရေပန်းကို ဘုရားတင်ဖို့ တကူးတကလာကောက်သူက ကြွပ်ကြွပ်အိတ်လေးတောင် ပါမလာတာ တော်တော်သိသာသွားပြီ။

ဘာပဲဖြစ်ဖြစ် လူတွေသိလေ ပိုကောင်းလေဟု သဘောထား လိုက်ကာ ပန်းကောက်ပွဲလေး စတင်လိုက်ပါတော့သည်။ ဖြူလွလွ ခရေပန်းလေးများသည် အပင်ခြေရင်းနှင့် ပလက်ဖောင်းအစွန်း အနားများတွင် ဖွေးဖွေးလှုပ်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

လေအသင့်တွင် ဝေ့ဝဲလာ သော သူမဆီမှ သနပ်ခါးရနံ့နှင့် အတူ ခရေရနံ့ကိုပါရော၍ ကျွန် တော်ရှူရှိုက်မိသည်။ တစ်ခါတစ်ခါ ခရေပန်းကို အာရုံစိုက်ကောက်လိုက်မိ၍ သူမအနားသို့နီးကပ်စွာ ရောက်သွားတာမျိုး ရှိသည်။

ထိုအခါမျိုးတွင် သူမ၏ကိုယ်သင်းရနံ့ သင်းပျံ့ပျံ့လေးကိုပါ ကျွန်တော် ရှူရှိုက်လိုက်ရသည်။ ကမ္ဘာကျော်ရေမွှေးတို့၏ ရနံ့ထက် ကျွန်တော် ပိုမိုရင်ခုန်မိသည်။

ရုပ်ရှင်တွေထဲကလိုတော့ ခရေတစ်ပွင့် ကို ပြိုင်တူကောက်မိကြရင်း လက်ချင်းရုတ်တရက် ကိုင်လိုက်မိတာမျိုးတော့ မကြုံလိုက်ရပါ။



"အစ်ကို"

"ဟင်"

"အစ်ကိုက ခရေပန်းကိုရော သီတတ်လား"

"သီတတ်တာပေါ့"

"ဘယ်လိုသီလဲ"

"အပ်ချည်လုံးကိုအပ်မှာချည်ပြီး ခရေပန်းအလယ်ကအာအပေါက်လေးထဲထိုးလိုက်ရင် ပြီးတာပဲ"

ကောင်မလေးက ပြုံးလိုက်ကာ . . .

"ကျွန်မကတော့ နှီးပြားလေးနောက်မှာ အပ်ချည်ကိုချည်ပြီးမှ သီလိုက်တယ် . . . နှီးပြားကရှည်တော့ တစ်ခါသီရင် လေးငါးပွင့်သီလို့ရတာပေါ့"

ကျွန်တော် ခေါင်းညိတ်ပြလိုက်ရင်း . . .

"ဒါနဲ့ ခရေတို့အိမ်မှာ ဘယ်သူမှမရှိဘူးလား"

"ဒယ်ဒီတော့ ရှိတယ် . . . အစ်ကိုတွေကတော့ အပြင်သွားကြတယ်"

"ခရေ့အစ်ကိုတွေက ခရေ့ကို တော်တော်ချစ်မှာပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



သူမက ညင်သာစွာခေါင်းညိတ်ပြရင်း . . .

"ဒီညီမလေးတစ်ယောက်ပဲရှိတာ ချစ်တာပေါ့"

"ခရေ အခုလို ကိုယ်နဲ့အတူရှိနေတာတွေ့ရင် ဘာပြောလဲ မသိဘူးနော်"

"အစ်ကိုကို သူတို့ကပြဿနာရှာမှာပေါ့ . . . ပြီးတော့ ကျွန်မကိုဆူလိမ့်မယ်"

"အခု အစ်ကိုရောက်နေတာရော သိလား"

"ဒယ်ဒီတို့တော့ မသိဘူး . . . အန်တီအေးတော့ သိတယ် . . . ကိစ္စမရှိဘူး . . . အန်တီအေးက ဒယ်ဒီထွက်လာရင် ကျွန်မကို လာပြောလိမ့်မယ်"

"အန်တီအေးဆိုတာ ဟိုဝဝတုတ်တုတ်အစ်မကြီးလား"

သူမက ပါးစပ်ကမပြောဘဲ ခေါင်းညိတ်ကာပြ၏။ ထို့နောက် ခရေပန်းလေးတွေကို ကျွန်တော်လိုက်ကောက်ရင်း ကြွပ်ကြွပ်အိတ်လေးထဲ ထည့်နေလိုက်သည်။

"ခရေက တက္ကသိုလ်တက်နေတာအပြင် ဘာသင်တန်းတွေ တက်နေသေးလဲ"

သူမက ကျွန်တော့်ကိုလှည့်ကြည့်ရင်း . . .

"ဂျပန်စာတက်နေတယ်"

"ဂျပန်သွားမလို့လား"

သူမ တစ်ချက်စဉ်းစားရင်း

"အဲလိုလည်း မဟုတ်ပါဘူး . . . ဘာသာရပ်တစ်ခုကို လေ့လာနေတဲ့သဘောပါ"

ထို့နောက် ကျွန်တော်တို့ခေတ္တတိတ်ဆိတ်သွားကြသည်။ ကိုယ့်အတွေးနဲ့ကိုယ် ငြိမ်နေရင်း ခရေပန်းလေးတွေဆက်ကောက်နေလိုက်ကြ၏။ ထိုအချိန်မှာပင် . . . . .





"ခရေ အိမ်ထဲဝင်စမ်း"

"အဲ"

ခက်ထန်တင်းမာသော ယောကျ်ားသံတစ်ခုကြောင့် ကျွန်တော်လန့်ကာသွား၏။ ရုတ်တရက်ဆိုတော့ ကျောချမ်းသွားကာ အနောက်လှည့်ကြည့်လိုက်စဉ် . . .

"ဟောကောင် . . မင်း ဟိုတစ်ခါ ငါတို့အိမ်ရှေ့မှာ မဖွယ်မရာလာလုပ်တဲ့ကောင် မဟုတ်လား"

ခရေ့အစ်ကိုသုံးယောက်ဖြစ်သည်။ ဘယ်က ဘယ်လိုရောက်လာမှန်းတော့ ကျွန်တော်မသိပေ။ အကြီးဆုံးဟုထင်ရသူက မေးခြင်းဖြစ်သည်။ ကျွန်တော်မတ်တတ် ထရပ်လိုက်ကာ . . .

"အစ်ကိုတို့နဲ့ ဟိုတစ်ခါဆုံဖူးတဲ့လူတော့ ဟုတ်ပါတယ်ဗျာ . . . ဒါပေမဲ့ မဖွယ်မရာလုပ်သွားတယ်ဆိုတာတော့ မဟုတ်ပါဘူး အစ်ကိုရာ"

"ထားပါတော့ . . . မင်း အခုဘာလာလုပ်တာလဲ"

"ကျွန်တော် . . ကျွန်တော် ဘုရားပန်းလေး ကပ်ချင်လို့ ခရေပန်းလာကောက်တာပါ"

ထိုလူကြီးက ဟက်ခနဲတစ်ချက်ရယ်လိုက်ကာ . . .

"ခရေပန်းဆိုတာ ငါတို့အိမ်ရှေ့တစ်ခုတည်းမှာပဲ ပေါက်တဲ့ပန်းမဟုတ်ဘူးကွ . . . နောက်ပြီး ရှားပါးစာရင်းဝင်ပန်းတစ်မျိုးလည်း မဟုတ်ဘူး . . . ဘယ်မှာဝယ်ဝယ် ရတယ်"

"အဲဒါတော့ ဟုတ်ပါတယ် . . . ဒါပေမဲ့ ကျွန်တော်က ကိုယ်တိုင်ကောက်ပြီးတင်ချင်လို့ပါ"

ကျွန်တော်လည်း လတ်တလောစဉ်းစားထားသမျှတွေ ပြောနေတော့သည်။ အခြေအနေကို အဲဆိုးဘက်ရောက်မသွားအောင် ကျွန်တော်လုပ်ရလိမ့်မည်။ ခရေကတော့ ဘယ်ကတည်းကထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



လဲ မသိတော့ပေ။ ကျွန်တော် မတွေ့ရတော့။ သူလည်း တော်တော် လန့်သွားမှာ သေချာ၏။ ဒီကောင်ကြီးတွေ ဘယ်လိုဖြစ်ပြီး ပြန် ရောက်လာလဲ မစဉ်းစားတတ်ပေ။

ထိုစဉ် သုံးယောက်ထဲက နောက်တစ်ယောက်ကဝင်ပြီး . .

"မင်း. . ငါတို့ညီမကို လာကြောင်တာမဟုတ်လား"

"ဟုတ်ပါဘူး"

"မော့ကောင်. . . ယောကျ်ားအချင်းချင်း လာမလိမ်နဲ့. . . ဒါမျိုးတွေ ရိုးနေပြီကွ. . . ဒီမှာ မင်းမြဲမြဲမှတ်ထားဖို့က ငါတို့ညီမလေး နားမှာ မင်းကိုနောက်တစ်ခါတွေ့ရင် အသေပဲ"

ကျွန်တော် မျက်နှာငယ်လေးလုပ်ကာ ခေါင်းငုံ့နေလိုက် သည်။ ဘာမှ ပြန်မပြောတော့။

သုံးယောက်လုံး ကျွန်တော့်ကိုကြည့်ကာ သက်ပြင်းတွေချကြ သည်။ ထို့နောက် အကြီးဆုံးတစ်ယောက်က . . .

"ကဲ. . မင်းသွားတော့. . . နောက်ဆို ဒါမျိုးမမြင်ချင်ဘူး"

မမြင်ချင်လည်း နေပေါ့. . ဟု စိတ်ထဲကပြောပြီး ကျွန်တော် လှည့်ထွက်လာခဲ့လိုက်သည်။ ပြန်အလှည့်တွင် သံယောဇဉ်က မပြတ် သေး၍ အိမ်ဘက်သို့ ကျွန်တော်မျက်လုံးစွေကြည့်လိုက်၏။

သူမတို့အိမ်အပေါ်ထပ် ဝရန်တာတွင် စိုးရိမ်သောမျက်ဝန်း လေးတစ်စုံနှင့် သူမကို ကျွန်တော်တွေ့လိုက်ရပါသည်။

ကျွန်တော် တော်တော်ပျော်သွားသည်။ ဟိုကောင်ကြီး သုံး ယောက်လုံး ကျွန်တော့်ကိုဝိုင်းထိုးလိုက်ရင်တောင် ထိုနေ့အတွက် ထို မျက်ဝန်းလေးကြောင့် ကျွန်တော်တန်သွားပြီ။



"မင်း ပြောသလိုဆို မလွယ်ပါလား အာကာရယ်"

မနေ့အဖြစ်အပျက်ကို ကျွန်တော်ကပြောပြတော့ မှန်ကြောင်က မှတ်ချက်ချခြင်းဖြစ်သည်။ ချစ်တီး နှင့်ပေါကြီးကတော့ ရှေ့မှာချထားသော ပန်းကန်ထဲကလက်ဖက်သုပ် တွေကို လုစားနေ၍ ကျွန်တော့်ကိစ္စမှာ ဝင်ရောက်ဆွေးနွေးမှု မပြုနိုင် သေး။ မှန်ကြောင်ကပင် ဆက်ပြီး . . .

"ဒါဆို ကောင်မလေးကိုရဖို့ ဒီ—သုံးကောင်ကို အရင် ခေါင်းရမလိုဖြစ်နေပြီပေါ့"

ကျွန်တော်က ခေါင်းခါပြလိုက်ကာ . . .

"ပေါင်းလို့လွယ်မယ့်ပုံ မပေါ်ဘူးကွ. . . ဒီကောင်ကြီးတွေ ကြည့်ရာ ဂွတီးဂွကျနိုင်မယ့်ပုံ. . . ပြီးတော့ ငါ့ကိုလည်း ကြည်တဲ့ပုံ မပေါ်ဘူး"

"ဒါကတော့ကွာ. . . မင်းက သူတို့ညီမကို သွားကြောင်နေ တဲ့ကောင်ဆိုတော့ ဘယ်ကြည်ပါ့မလဲ. . . ဒါကတော့ ထုံးစံပဲလေကွာ . . . ဘယ်အစ်ကိုကမှ ညီမတစ်ယောက်လုံးကို ယူပါ၊ ယူပါဆိုပြီး ထိုး မပေးဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မှန်ကြောင့်စကားကို ထောက်ခံပါသည်။ သို့သော် တခြားအစ်ကိုတွေထက် ဒီကောင်ကြီးတွေက ပိုအဖြစ်သည်းပုံရသည်။ အခုလောက်ဆို ခရေလည်း ကောင်းကောင်းကြီး အဆူခံနေရပြီဆိုတာသိ၏။

ရုပ်ရှင်တွေထဲကလို အိမ်ထဲက အိမ်ပြင်ထွက်ခွင့်တွေ၊ ဘာတွေတောင် ပိတ်ပစ်လိုက်နိုင်၏။ ကျွန်တော်လည်း မနေ့ကမှ ပူပူနွေးနွေးဖြစ်ထားသောဖြစ်ရပ်ကြောင့် ဒီနေ့ သူမတို့အိမ်ဘက်ကို မရောက်ဖြစ်။ ဟိုင်တိကြီးသုံးကောင်ကို ကြောက်လို့မဟုတ်သော်လည်း ကျွန်တော့်ကို ဒီနေ့ထပ်တွေ့သွားရင် ခရေကိုထပ်ပြီး တင်းကျပ်လိုက်မှာစိုး၍ဖြစ်၏။

ထိုအချိန်မှာပဲ လက်ဖက်သုပ်လုစားနေကြသော ချစ်တီးနှင့်ပေါကြီးက စကားဝိုင်းထဲဝင်ပါလာ၏။ လက်ဖက်သုပ်ပန်းကန်လည်း ခွေးလျက်ထားသလို ပြောင်သွားပြီဖြစ်လေသည်။

"ဟဲ..မင်းကိစ္စက ဘာဖြစ်သလဲပြောစမ်းပါဦး"

"ခုနပြောပြီးပြီလေ"

"ငါတို့ သိပ်မကြားလိုက်လို့"

"ဘယ်ကြားမလဲ...ခွေးလို နွားလို အစားငမ်းနေတာကိုး"

"ငါတို့မှာ မအားတဲ့ကြားက မင်းအိမ်ကိုလည်း လာရသေးတယ်...ဒါလေး စားတာကို အပြစ်ပြောနေလိုက်တာ"

ထိုစကားကို အိမ်အနောက်ဘက်မှထွက်လာသော အမေက ကြားသွား၍ ...

"ဟုတ်သားပဲ သားရယ်...ကိုယ့်အိမ်လာလည်တဲ့သူတွေကို ဒီလိုမပြောရဘူးလေ"

"အမေ မသိပါဘူးဗျာ...ဒီကောင်တွေအကြောင်း သားအသိဆုံး"





အမေက ပြုံးပြုံး ပြုံးပြုံးနှင့်ရောက်လာကာ ပန်းကန်ကိုယူလိုက်ပြီး ...

"ကဲ ကဲ..သားတို့စားချင်သေးရင် အန်တီထပ်လုပ်ပေးမယ်"

ဟုပြောပြီး အနောက်ဘက်ဝင်သွား၏။

ချစ်တီးနှင့်ပေါကြီးက တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ မချိုမချဉ်ပြုံးကြသည်။ ပြီးမှ ကျွန်တော့်ဘက်မျက်နှာမူ၍

"ကဲ..မင်းကိစ္စကို ငါတို့နားထောင်ပေးမယ်...ပြီးရင် ဘယ်လိုလုပ်ရမယ်ဆိုတာ အကြံပေးမယ်...ဒါဆို ကျေနပ်ပြီလား"

ကျွန်တော်လည်း စိတ်ပျက်ပျက်နှင့် ခေါင်းကိုကုတ်၍ အစက ပြန်ရှင်းပြရတော့သည်။ ကျွန်တော့်စကားဆုံးတော့ ပေါကြီးက ..

"ဒါဆိုရင်တော့ ဒီကောင်ကြီးတွေကို ငါတို့ထိန်းကွပ်နိုင်အောင် အရင်လုပ်ရမယ်ကွ...သူတို့ကို ထိန်းကွပ်နိုင်ပြီဆိုရင် မင်းအတွက် ခရေ့ကိုချဉ်းကပ်ဖို့လွယ်သွားပြီ"

"ဒါတော့ မင်းပြောမှလား မသာရဲ့...ဘယ်လိုထိန်းကွပ်ရမှန်း မသိလို့ပေါ့"

"ဒါတော့ လွယ်ပါတယ်ကွာ"

ချစ်တီးကဝင်ပြောခြင်းဖြစ်သည်။ စကားကို ခဏနားပြီး ဆက်၏။

"လူတစ်ယောက်ဟာ ဘယ်လောက်ပဲပြည့်စုံနေနေ..အားနည်းချက်တစ်ခုစီတော့ ရှိကြတာပဲကွ...အဲဒီငတိကြီးတွေမှာလည်း သူတို့အားနည်းချက်ကိုသိအောင် ကြိုးစားလိုက်ရင် ရပြီ"

"ဒါမှမဟုတ်..သူတို့မဟုတ်တာ တစ်ခုခုလုပ်ထားတာကို ကိုယ်ကသိလိုက်ရပြီး အပိုင်ကိုင်ထားနိုင်ရင်လည်း ရမယ်"

ထိုအချိန်မှာ အမေက လက်ဖက်သုပ်ပန်းကန်ကို လာချ



www.burmeseclassic.com

www.burmeseclassic.com



၍ စကားခဏပြတ်သွားသည်။ အမေအိမ်နောက်ဖေးအခန်းထဲ ပြန်ဝင်သွားတော့မှ ချစ်တီးက စကားကိုဆက်၏။

"ငါတို့ အခုပြောနေတဲ့ကိစ္စတွေက စကားအဖြစ်သာ လွယ်ရင်လွယ်မယ်. . . လက်တွေ့မှာတော့ အခက်အခဲတွေရှိနိုင်တယ်"

ပြောပြီး လက်ဖက်သုပ်တစ်ဇွန်းယူစား၏။ ထို့နောက် ပုဇွန်ခြောက်တစ်ကောင်ကို လက်နဲ့ယူပြီး ပါးစပ်ထဲပစ်ထည့်လိုက်ကာ အရသာခံဝါးစားလိုက်ပြီးမှ . . .

"ကောင်းတယ်ကွာ"

"ဘာလဲ"

"ပုစွန်ခြောက်"

"သေလိုက်. . သောက်ငတ်"

ချစ်တီးက ဘာကိုမှ အရေးမစိုက်ဘဲ ခေါင်းတစ်ချက်ခါပြီး

"ဒီကိစ္စမှာ ဦးနှောက်ကို ကောင်းကောင်းအသုံးချဖို့လိုတယ်"

"ဆိုစမ်းပါဦး"

"ဥပမာ. . တစ်ခုအနေနဲ့ပြောရရင်. . . အဟမ်း"

ချောင်းဟန့်ပြီး ခဏငြိမ်သွားသည်။ ပြီးတော့ လက်ဖက်သုပ်ပန်းကန်ကို လက်လှမ်းလိုက်တာတွေ့လိုက်၍ မှန်ကြောင်က ပန်းကန်ကို ဆတ်ခနဲဆွဲယူပြီး သူ့အနောက်မှာယူထားလိုက်၏။

"ချစ်တီး မင်းလွန်ပြီ. . . လက်ဖက်သုပ်ကို ထမင်းလွတ် စားနေတာလား. . . စကားပြောမှာဖြင့် ဆက်ပြော. . . ပြီးမှ ကျွေးမယ်"

ချစ်တီးက 'အေးပါကွာ'ဟုပြောပြီး သူ့စကားသူ ဆက်လိုက်သည်။

"ငါ ခုနပြောတာ ဘယ်ရောက်သွားပြီလဲ"

"ဥပမာကွာ. . ဆိုတဲ့နေရာ ရောက်ပြီ"

"ဪ. . အေး. . . မင်းတို့ ကိုသာအေးကို သိလား"





"မသိဘူး"

"ဘယ်သိမလဲ. . . သူက ငါနဲ့ပဲသိတာ"

"ထားပါတော့. . အဲဒီကိုသာအေးက ဘာဖြစ်လဲ"

"သူ့မိန်းမကို လူပျိုဘဝတုန်းက တော်တော်လေးကြိုးစားယူလိုက်ရတာကွာ. . . မင်းလိုပဲ သူ့မိန်းမမှာလည်း အစ်ကိုတွေရှိတယ် . . . အားလုံး မိုက်တိမိုက်ကန်းတွေပဲ. . . နှမထိ ဓားကြည့်ဆိုတဲ့ လူမျိုးတွေပေါ့ကွာ"

"အင်း. . ပြောစမ်းပါဦး. . . နောက်တော့ ဘယ်လိုရသွားလဲ"

ကျွန်တော့်အဖြစ်နှင့် သွားတူနေ၍ ကိုသာအေး မိန်းမရသွားသည့်ကိစ္စကို စိတ်ဝင်စားမိ၏။

"သူ့အစ်ကိုတွေရဲ့အားနည်းချက်ကို ကိုသာအေးက ကိုင်လိုက်နိုင်တော့တာပေါ့ကွာ"

"ဘာအားနည်းချက်လဲ"

"ငါလည်း အဲဒါတော့မသိဘူးကွ"

"မင်းက သိသလိုလိုနဲ့ . . . . ပြောနေတဲ့ပုံစံက"

ချစ်တီးက ပြုံးစိစိနှင့်ဆက်ပြောသည်။

"အဲဒါ ကိုသာအေးကိစ္စလေ. . . သူ့ယောက်ဖတွေရဲ့ အားနည်းချက်ကို သူသိရင်ပြီးတာပဲ. . . မင်းသိဖို့မှ မလိုတာ. . . မင်းသိရ မှာက မင်းယောက်ဖတွေရဲ့အားနည်းချက်"

ကျွန်တော် ချစ်တီးပြောသည့်ရည်ရွယ်ချက်ကို သဘောပေါက်သွား၍ ခေါင်းတညိတ်ညိတ်လုပ်နေမိ၏။ ပေါကြီးကလည်း လက်ဖျောက်တီး၍ ထောက်ခံသည်။ မှန်ကြောင်ကတော့ သူသိမ်းထားသော လက်ဖက်ပန်းကန်ထဲက ပုစွန်ခြောက်တစ်ကောင်ကို ခိုးစားရင်း ခေါင်းညိတ်ကာပြ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကိစ္စမှာ မင်းတို့အကူအညီလိုတယ်နော်"

သုံးယောက်လုံးပြိုင်တူ ကျွန်တော့်ကိုကြည့်၍ . . .

"ဘာလို့လဲ"

"ဒီငတိတွေက ငါ့ကိုသိနေတယ်လေ . . . ငါက သူတို့ အကြောင်းကိုလိုက်စုံစမ်းရင် ငါ့ကိုသိနေတော့ ဘယ်လိုလုပ်ခြေရာခံလို့ ရမှာလဲ. . . ငါ့ကိုတွေ့တာနဲ့ ပြဿနာတက်သွားမှာပေါ့"

"အဲဒီတော့"

"မင်းတို့ကပဲ သူတို့နောက်လိုက်ပြီး စုံစမ်းပေး"

"ဟာ. . မင်းကိစ္စကငါတို့ကိုလာဒုက္ခပေးနေပြီ"

"မင်းတို့ပဲပြောတော့ ကူညီမယ်ဆို"

သုံးယောက်လုံး ငြိမ်သွားကြသည်။ ခဏနေတော့မှ

"ကဲ. . ဟုတ်ပါပြီကွာ. . . ဘာမှ အပန်းကြီးတာမဟုတ်ပါဘူး. . . အခုလောလောဆယ်တော့ လက်ဖက်သုပ်စားမယ် ပေး"

မှန်ကြောင်က သူဖွက်ထားသော လက်ဖက်သုပ်ပန်းကန်ကို ရွှေ့ချပေးသည်။

"ဟင်. . ပုစွန်ခြောက်တွေရော"

မှန်ကြောင်က ပြုံးဖြဲဖြဲလုပ်ပြ၏။

"မင်း ခိုးစားလိုက်တာလား"

မှန်ကြောင်က ခေါင်းခါပြသည်။

"မင်းမခိုးစားရင် ဘယ်သူစားမှာလဲ. . . ပန်းကန်က မင်းဆီမှာလေ"

"ငါ ခိုးမစားဘူး ပေါ်တင်စားတာ. . . မင်းတို့ စကားများနေလို့မမြင်တာလေ"

ချစ်တီးက မှန်ကြောင်ကို ခေါင်းတညိတ်ညိတ်လုပ်ကာကြည့်ရင်း ကျွန်တော့်ဘက်လှည့်ကြည့်၍ . . .





"အာကာ"

"ဘာလဲ"

"မင်းယောက်ဖလောင်းသုံးယောက်ထဲမှာ အကြမ်းအရမ်းဆုံး ဘယ်သူဖြစ်မယ်ထင်လဲ"

ကျွန်တော် တစ်ချက်စဉ်းစားလိုက်ပြီး . . .

"အကြီးဆုံးငတိကြီးကတော့ တော်တော်ကြမ်းမယ့်ပုံကွ. . . နည်းနည်းစွာပုံရတယ်"

ကျွန်တော့်စကားဆုံးတော့ ချစ်တီးကမှန်ကြောင့်ဘက်လှည့်ကြည့်ကာ . . .

"အဲဒီကောင်ကြီးကို မင်းလိုက်"

"ဟေ"

မှန်ကြောင် မျက်လုံးပြူးကာ ချစ်တီးကိုကြည့်၏။ ချစ်တီးက

"အဲဒါ ပုစွန်ခြောက်ခိုးစားလို့ ပေးတဲ့အပြစ်ဒဏ်ပဲ. . . အဲဒီငတိကို မင်းလိုက်"

အားလုံးက လှိုက်လှိုက်လှဲလှဲထောက်ခံကြသည်။ မှန်ကြောင်သည်း အများနှင့်တစ်ယောက်ဆိုတော့ ငြိမ်နေရတော့၏။ ကျွန်တော် ဝိုင်းမှခဏထပြီး မီးဖိုချောင်ထဲက ပုစွန်ခြောက်ပုလင်းကိုယူ၍ ချပေးလိုက်တော့သည်။

"ကဲ. . အောင်မြင်မှုအတွက် ဆုတောင်းရင်း စားလိုက်ကြစို့ကွာ"

"OK"

ငှဲ့ထားသော ရေနွေးခွက်တွေကို တိုက်လိုက်ကြပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာ ကြီးဆုံးဝေတီကြီးနာမည်က အောင်ဗလဟုသိရ၏။ ကံအားလျော်စွာ အောင်ဒွေးအစ်ကိုဝမ်းကွဲတစ်ယောက်နှင့် ကုမ္ပဏီတစ်ခုတည်း အလုပ်လုပ်နေသူဖြစ်၍ ထိုဝေတီကြီး၏ အကြောင်းကို ခြေရာခံမိသည်။ အောင်ဒွေးက သူ့အစ်ကိုနှင့် ကျွန်တော်တို့ကို ဆိုင်တစ်ဆိုင်တွင်ချိန်း၍ မိတ်ဆက်ပေးသည်။

"ဒီကောင်ကြီးက နိုင်ငံ့လက်ရွေးစင် ကရာတေးချန်ပီယံဖြစ်အောင် ကြိုးစားနေတဲ့ကောင်ကွ. . . လက်သံလည်း တော်တော်ပြောင်တယ် ကြားတယ်"

ထိုစကားကို စကြားရတော့ မှန်ကြောင့်မျက်နှာ ဆီးရွက်လောက်ဖြစ်သွားတာ တွေ့လိုက်ရသည်။ မှန်ကြောင်က အသံတုန်တုန်နှင့် . . .

"သေ. . သေချာလို့လား အစ်ကိုရယ်"

"သိပ်သေချာတာပေါ့ ငါ့ညီရာ. . . ဟိုတလောကတောင် သူနဲ့အတူ လေ့ကျင့်တဲ့ကောင် သွားနှစ်ချောင်းကျွတ်သွားသေးတယ် ကြားတယ်"





"ဂျာ"

မှန်ကြောင် စကားတောင်မပီတော့ပေ။ အောင်ဒွေးအစ်ကိုက . .

"သိပ်လည်း စိတ်မပူပါနဲ့ကွာ. . . သူ့ကို ရန်သွားမစရင် ဘာမှမလုပ်ပါဘူး"

အောင်ဒွေးက ကြိုတင်ရှင်းပြထား၍ အောင်ဒွေးအစ်ကိုလည်း ကျွန်တော်တို့အကြောင်းကို သိနေပြီးဖြစ်သည်။ ထို့ကြောင့် သူ သိထားသမျှကို အကုန်ပြောပြ၏။

"ဒါနဲ့. . သူက အစ်ကိုနဲ့ရောခင်လား"

ဟု ကျွန်တော်ကမေးတော့ . . .

"တစ်ရုံးတည်းသားချင်းတွေဆိုတော့ တစ်ယောက်နဲ့တစ်ယောက် သိနေကြတာပေါ့ကွာ. . . ဒါပေမဲ့ အရမ်းကြီးခင်မင်တယ် ရယ်လို့တော့ မဟုတ်ပါဘူး. . . ဒီလိုပါပဲ"

"သူ့ညီတွေအကြောင်းရော သိလား"

အောင်ဒွေးအစ်ကိုက တစ်ချက်မျှစဉ်းစားပြီး . . .

"သိပ်အသိကြီးတော့ မဟုတ်ဘူးကွ. . . ဒါပေမဲ့ သူတို့ညီအစ်ကိုတွေအကုန်လုံး အားကစားလိုက်စားကြတယ်. . . အလတ်ကောင်က မောင်ဗမာပြိုင်ပွဲမှာ တိုင်းအဆင့်ထိ ဆုတွေရဖူးတယ်လို့ ကြားဖူးတာပဲ. . . အငယ်ကောင်ကတော့ လက်ဝှေ့ဆိုလား ဘာလားပဲ"

ကြားရတာတော့ နားဝမှာမချမ်းသာစရာတွေပဲ ဖြစ်သည်။ ချစ်တီးနှင့်ပေါက်ကြီးက ပြိုင်တူသက်ပြင်းချကြသည်။ ကျွန်တော်လည်း စိတ်ထဲမှာ တော်တော်လေးသွား၏။ ကိုယ်တော်ရမည့် ယောက်ဖလောင်းတွေက အကြမ်းအရမ်းကြီးတွေဖြစ်၍ အသက်ကို ဘာနဲ့ထုပ်ထားရမလဲစဉ်းစားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အောင်ဒွေးအစ်ကိုနှင့်လမ်းခွဲ၍ ကျွန်တော်တို့ ပြန်လာခဲ့ကြသည်။ လမ်းတွင် မှန်ကြောင်က ကျွန်တော့်ကို . . .

"လက်လျှော့လိုက်ပါတော့ သူငယ်ချင်းရာ. . နော်"

"ဘာလို့လဲ"

"ငါ. . ငါ. . အဲဒီငတိကြီးနောက်မလိုက်ရဲတော့ဘူး"

"မင်းက ယောက်ျားမဟုတ်ဘူးလား"

"ယောက်ျားလည်း ထိုးခံရရင် နာတာပဲကွ. . . ငါ မိန်းမ မရ ခင် လူစဉ်မမီဖြစ်သွားမှာစိုးလို့ပါကွာ"

ပေါက်ကြီးက မှန်ကြောင့်ဘက်လှည့်ပြီး . . .

"မင်းမှာ ယူစရာမိန်းမရော ရှိလို့လား"

မှန်ကြောင် ခေါင်းကိုကုပ်သည်။ မျက်မှန်ကိုချွတ်ပြီး အင်္ကျီနှင့်သုတ်၏။ ပြီးတော့ ပြန်တပ်လိုက်ကာ ဘာမှဆက်မပြောတော့ဘဲ ငြိမ်သွားတော့သည်။

"ငါတို့ ငတိကြီးတွေအကြောင်း စုံစမ်းဖို့ ဘယ်တော့စမလဲ"

ချစ်တီးကမေးလိုက်တော့ ပေါက်ကြီးက

"မနက်ဖြန်လောက် စလိုက်ကြမယ်လေ"

"အာကာ"

ကျွန်တော်က လှည့်ကြည့်တော့ . . .

"မင်းလည်း ဒီကြားထဲ ကောင်မလေးကိုရအောင် ကြိုးစားထား. . . ငါတို့တွေ အဲဒါမှလုပ်ရကျိုးနပ်မှာ"

"အေးပါကွာ. . . ငါသိပါတယ်"

"ဒါနဲ့ မနက်ဖြန် ဘယ်သူစမလဲ"

"ကြီးစဉ်ငယ်လိုက်ပဲ စီလိုက်ကြတာပေါ့ သူငယ်ချင်းတို့ရာ"

ကျွန်တော့်စကားဆုံးတော့ မှန်ကြောင်က အားလုံးကို မျက်နှာငယ်လေးနှင့်ကြည့်ကာ . . .





"လုပ်ရက်တယ်ကွာ"

ဟု ညည်းငယ်စွာဆိုလိုက်ပါတော့သည်။

ကျွန်တော်တို့ မှန်ကြောင်ကိုကြည့်၍ ရယ်လိုက်ကြ၏။ ပွဲကတော့ ဘာတွေဖြစ်မယ်ဆိုတာ ကြိုမသိနိုင်သေးပေ။

www.burmeseclassic.com

www.burmeseclassic.com



## မနက်

ရှစ်နာရီမှာ မှန်ကြောင် အိမ်ကိုရောက်လာသည်။ ကျွန်တော့်အိမ်မှာပင် မနက်စာစား၏။ ထို့နောက် အိမ်မှ ထွက်လာခဲ့လိုက်သည်။ ဒီနေ့မှန်ကြောင်က သူ့အိမ်ကကားကို ယူလာခဲ့သည်။ လမ်းရောက်တော့ ဒီကောင်က ကျွန်တော့်ကိုကား မောင်းရင်းလှည့်ကြည့်၍ . . .

"ငါ အခု ဘာစလုပ်ရမလဲ"

ကျွန်တော် ခေါင်းကိုကုပ်လိုက်၏။ ရုတ်တရက် အဖြေပြန်မပေးနိုင်သေး၍ဖြစ်သည်။ ညကလည်း အဲဒီကိစ္စစဉ်းစားရင်း အိပ်လို့မပျော်။ ဘာစလုပ်လို့ လုပ်ရမှန်းမသိသောကြောင့်ဖြစ်သည်။

"မီးစင်ကြည့်ကတာပေါ့ကွာ"

"ဘယ်လို မီးစင်ကြည့်ကမှာလဲ"

ကျွန်တော်ငြိမ်ပြီး ခေတ္တမျှစဉ်းစားလိုက်ကာ . . .

"အခုလောလောဆယ်တော့ သူရှိတဲ့နေရာကို အရင်သွားမယ်"

"ဘယ်ကိုလဲ"





"အောင်ဌေးအစ်ကိုရဲ့ ကုမ္ပဏီပေါ့"

"ဘလိုင်းကြီးဖြစ်ပါ့မလား"

"ဖြစ်ပါတယ် . . . သူ့ဆီကိုသွားတာမှ မဟုတ်တာ . . . အောင်ဌေးအစ်ကိုဆီကို သွားတာပဲ . . . ရပါတယ်"

"ကဲပါ ထားပါတော့ . . . ဟိုရောက်ရင် ငါက ဘာလုပ်ရမှာလဲ"

"ငါစဉ်းစားထားတာလေးတော့ ရှိတယ်"

"ပြောစမ်းပါဦး"

"မင်း သူနဲ့ကရာတေးသင်တန်း အတူတူသွားတက်ရင်း ရင်းနှီးအောင် လုပ်ယူပါလား"

မှန်ကြောင့်မျက်လုံး ချက်ချင်းပြူးတက်လာသည်။

"ဟာ . . ဒါတော့ မဖြစ်ဘူး . . . ငါက ငယ်ငယ်ကတည်းက လက်သီးတောင် ဖြောင့်အောင်ထိုးတတ်တာ မဟုတ်ဘူးကွ"

"ဩော် . . အလုပ်သဘောအရ သွားသင်တာပဲကွာ . . . ခဏပေါ့ . . . သူနဲ့ရင်းနှီးသွားပြီး သူ့အကြောင်းစုံစမ်းပြီးသွားရင် ပြီးတာပဲ"

မှန်ကြောင် ခေါင်းကိုခါကာ ငြင်းမလို့ကြံသည်။ ကျွန်တော်က မှန်ကြောင့်ပခုံးကို လှမ်းဖက်လိုက်ကာ . . .

"ကူညီပါ သူငယ်ချင်းရာ . . နော်"

ကျွန်တော့်ကို မှန်ကြောင်လှည့်ကြည့်သည်။ ငယ်ပေါင်းကြီးဖော်တွေဆိုတော့ ငြင်းရခက်နေပုံရ၏။ ကျွန်တော် ထပ်ပြီးချူဆီထည့်လိုက်ရင် ရပြီဆိုတာ သဘောပေါက်လိုက်၍ . . .

"မင်း အခုလို ငါ့ကိုကူညီတဲ့အတွက် မင်းမှာကုသိုလ်ရပါတယ်ကွာ . . . မင်း အကူအညီလိုတဲ့အချိန် ငါ့ကိုပြော . . . ငါ့ဘက်က အဆင်သင့်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



မှန်ကြောင် သက်ပြင်းကို မသက်မသာချ၍ ခေါင်းညိတ်ပြလိုက်တာ တွေ့လိုက်ရတော့သည်။

ကျွန်တော် ပျော်သွားကာ . . .

"ကဲ. . အဲဒါဆို မင်းက အခုအောင်ဌေးအစ်ကိုဆီသွားပြီး ဒီငတိကြီးရဲ့ ကရာတေးသင်တန်းကို စုံစမ်းခဲ့"

"ငါကသွားပြီ ထားပါတော့. . . မင်းက ဘယ်မှာနေခဲ့မှာလဲ"

"ငါ့ကို သူတို့အိမ်ရှေ့နားမှာ ချပေးခဲ့. . . ငါက အရိပ်အခြေကြည့်ပြီး ကောင်မလေးထွက်လာတာကို စောင့်ရဦးမယ်"

မှန်ကြောင် ကျွန်တော့်ကို ဘာမှဆက်မပြောတော့ဘဲ ကောင်မလေးတို့အိမ်နှင့် ခပ်လှမ်းလှမ်းတွင် ကားရပ်ကာချပေးသွားတော့သည်။

ကားပေါ်ကဆင်းခါနီး ညနေပြန်ဆုံရန် ကျွန်တော်မှာခဲ့လိုက်တော့၏။

မှန်ကြောင်ခေါင်းညိတ်ကာ ကားကိုမောင်းပြီး ထွက်သွားပါတော့သည်။

ကျွန်တော် သူမတို့အိမ်ရှေ့ လှမ်းကြည့်လိုက်တော့ ခရေပင်လေးတွေက ယိမ်းနွဲ့လှုပ်ခတ်လျက်. . .။

✿ ✿ ✿



ကျွန်တော့်အတွက် ကောင်မလေးထွက်လာအောင် စောင့်နေဖို့နေရာသည် သူမတို့အိမ်ပတ်ဝန်းကျင်တွင် ရှိမနေတာ တော်တော်အခက်အခဲရှိသည်။

ဥပမာ . . လက်ဖက်ရည်ဆိုင်လိုဟာမျိုး။

သူမတို့အိမ်က မိန်းလမ်းမကြီးနံဘေးတွင်ရှိနေ၍ ဘာဆိုင်မှမရှိ။ ပြီးတော့ ခြံတွေဝန်းတွေနှင့်ချည်းဖြစ်၍ ပလက်ဖောင်းပေါ်မှ လမ်းသွားလမ်းလာတွေကလွဲ၍ လူတော်တော်ရှင်းသည်။ ကားမှတ်တိုင်နှင့်လည်း ဝေး၍ မှတ်တိုင်မှာကားစောင့်သလိုလိုလုပ်ပြီး ယောင်တောင်တောင်လုပ်နေလို့လည်း မရ။

ထို့ကြောင့် ကျွန်တော် ဘာလုပ်ရမှန်းမသိဘဲ ပလက်ဖောင်းပေါ်တွင်သာ ငုတ်တုတ်ထိုင်နေရသည်။

ထို့နောက် ကျွန်တော်ပတ်ဝန်းကျင်ကို လေ့လာမိသည်။ သူမတို့အိမ်၏ပတ်ဝန်းကျင်သည် ဆူညံနေမှုမရှိဘဲ တိတ်ဆိတ်ငြိမ်သက်နေသော ပတ်ဝန်းကျင်တစ်ခုဖြစ်နေတာ သတိထားမိ၏။

တစ်နည်းအားဖြင့်ဆိုလျှင် ဆိတ်ငြိမ်ရပ်ကွက်တစ်ခုဖြစ်သည်။ ထို့ကြောင့် မိန်းလမ်းမကြီးမှ ကားသွားကားလာများမှလွဲ၍ တခြားအချိန်များတွင် တိတ်ဆိတ်နေတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ထိုသို့တွေးရင်း ကျွန်တော်နှင့်ခပ်လှမ်းလှမ်း တစ်နေရာ သစ်ပင်ရိပ်တစ်ခုအောက်တွင် ဗယာကြော်သည်တစ်ယောက် ရောက်လာ၏။ အကြော်သည်ကြီးက ကုလားကြီးတစ်ယောက်ဖြစ်သည်။ သူ့လုပ်ပုံကိုင်ပုံတွေကို ဘာရယ်မဟုတ်ဘဲ ကျွန်တော်ထိုင်ကြည့်နေမိသည်။

ထိုကုလားကြီးသည် ဗယာကြော်စင်လေးကိုချကာ မီးမွှေးနေသည်။ မီးမွှေးသည့်နေရာမှာ ထင်းရှူးချောင်းလေးတွေကို အသုံးပြုတာ ကျွန်တော်တွေ့မိ၏။ တစ်ခါတစ်ခါ အိမ်ကဂက်စ်မီးဖို ဂက်စ်ကုန်သွားလျှင် အမေက မီးသွေးမီးဖိုကို ထိုထင်းရှူးချောင်းလေးတွေနှင့် မွှေးတာမြင်ဖူး၏။

ခဏကြာတော့ မီးတောက်သွားချိန်တွင် မီးသွေးအချို့ကို ထည့်ကာ ဆီအိုးကိုတည်၏။ အတော်လေးကြာတော့ ဆီကျက်သွားချိန်တွင် ဗယာကြော်အလုံးလေးတွေကိုထည့်ကာ ကြော်နေပါတော့သည်။

ကျွန်တော် သူလုပ်တာကိုင်တာကိုကြည့်နေရင်း ဗယာကြော် စားချင်လာ၏။ ပြီးတော့ ဒီလိုတစ်ယောက်တည်းထိုင်နေမည့်အတူတူ သူကြော်သည့် ဗယာကြော်ကိုဝယ်စားရင်း မိတ်ဖွဲ့စကားပြောနေလျှင် ပိုကောင်းမည်ဟု တွေးမိလိုက်သောကြောင့်ဖြစ်ပါသည်။

ထို့နောက် ထိုင်ရာမှထကာ သူ့ဆီကျွန်တော်လှမ်းသွားလိုက်ပါတော့သည်။

သူ့ရှေ့ရောက်တော့ ကျွန်တော့်ကို သူကမော့ကြည့်ပြီး . .

"ခဏတော့ စောင့်ရဦးမယ်. . အခုမှ ဆီဆူလို့ထည့်ထားတာ"

ကျွန်တော် ခေါင်းညိတ်ပြလိုက်ရင်း သူ့ဘေးမှာထိုင်လိုက်ကာ

"ရပါတယ် အေးဆေးပေါ့ ဦးလေးရဲ့. . . ကျွန်တော်လည်း သွားရင်းလာရင်း ဗိုက်ဆာလာလို့ပါ"





ကုလားအဘိုးကြီးက ကျွန်တော့်ကိုပြုံးပြရင်း ဗယာကြော်လုံးလေးတွေကို လှည့်ကာပေးနေသည်။

"ဒါနဲ့ ဦးလေးက ဒီမှာအမြဲရောင်းလား"

အဘိုးကြီးက ပထမတော့ ကြားပုံမပေါ်။ နောက်တစ်ခွန်း ထပ်ပြောလိုက်မှ ခေါင်းညိတ်ပြရင်း . .

"အေး . . နေ့တိုင်းမဟုတ်ပေမယ့် နေ့တိုင်းလိုလိုတော့ ရောင်းဖြစ်ပါတယ်. . . ဘာလို့လဲ"

"ဘာမှမဟုတ်ပါဘူး. . ကျွန်တော်က မေးကြည့်တာပါ. . . အရင်နေ့တွေက မတွေ့မိလို့"

ထိုသို့ပြောလိုက်ခြင်းအားဖြင့် ဒီကို မကြာခဏ ကျွန်တော်လာတတ်ကြောင်း သူရိပ်မိပုံရသည်။ ထို့ကြောင့် . . . .

"မင်းက ဒီမှာနေတာလား"

"ဒီမှာတော့ မဟုတ်ဘူး. . . ဟိုဘက်လမ်းမှာနေတာ. . . ဒါကြောင့် ဒီနေရာကို ခဏခဏဖြတ်သွားဖြတ်လာရောက်ဖြစ်တယ်"

"ဩော်"

ကျွန်တော့်စကားကို ခေါင်းညိတ်ထောက်ခံရင်း ဗယာကြော်လုံးလေးတွေကိုဆယ်ရင်း ခြင်းကြားလေးထဲထည့်နေ၏။

ကျွန်တော်လည်း သူ့ကိုကြည့်ရင်း အကြံတစ်ခုရမိ၍ . .

"ဒါနဲ့. . ဦးလေးက ဒီနေရာမှာ အမြဲရောင်းနေတာဆိုတော့ . . . ဟိုအိမ်က ကောင်မလေးကို သိလား"

အဘိုးကြီးက ကြောင်တောင်တောင်နှင့် ကျွန်တော့်ကိုကြည့်ကာ . . . . .

"ဘာလဲ"

ရုတ်တရက်ဆိုတာ သူမကြားလိုက်၍ နောက်တစ်ခေါက် ကျွန်တော်ထပ်ပြောရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးက ဒီမှာအမြဲရောင်းနေတာဆိုတော့ ဟိုအိမ်က ကောင်မလေးကိုသိလားလို့ မေးတာ"

ကျွန်တော်ညွှန်ပြသည့်အိမ်ကို သူတစ်ချက်လှမ်းကြည့်ရင်း "သိတယ် . . . ဟို ခပ်ချောချောကောင်မလေးလား"

ကျွန်တော် သူ့စကားကြောင့် အားတက်သွားကာ "ဟုတ်တယ် . . ဟုတ်တယ် . . . သူက ဦးလေးဆီမှာ အမြဲဝယ်စားလား"

"အင်း . . ခရေပန်းကောက်တဲ့နေ့ဆိုရင်တော့ လာဝယ်စားတယ် . . . ဒါနဲ့ မင်းက သူနဲ့ . . ."

သူ့စကားမဆုံးခင် ကျွန်တော်ရယ်ပြလိုက်သည်။ ကျွန်တော့်မျက်နှာကို သူကြည့်ပြီး ခပ်ပြုံးပြုံးလေးလုပ်ကာ ခေါင်းတညိတ်ညိတ်နှင့် ယယ

"သဘောပေါက်ပြီ . . သဘောပေါက်ပြီ . . . ဒါကြောင့် မင်းက ဒီမှာလာစောင့်နေတာကိုး"

ကျွန်တော် လက်ကာပြလိုက်ရင်း . .

"အရမ်းတော့ အထင်မကြီးနဲ့ဦး ဦးလေးရ . . . ကျွန်တော်က ကြိုးစားတုန်းပဲရှိသေးတာ"

အဘိုးကြီးက ဗယာကြော်အလုံးလေးတွေကို ဆယ်နေရင်းနှင့် . . .

"အစဆိုတော့ ဒီလိုပဲပေါ့ ငါ့တူရာ . . . ကိုယ်က ယောကျ်ားလေးပဲ . . . ကြိုးစားရင် ရမှာပေါ့"

"ဟား . . ဦးလေးက ဒါတွေခံစားတတ်ပါလား"

"ဟဲ ဟဲ . . ငါတို့လည်း ငယ်ရာကကြီးလာတာပါကွာ . . . ဒါတွေမသိဘဲနေပါ့မလား"

အဘိုးကြီးကြည့်ရတာ ပျော်ပျော်နေတတ်ပုံရသည်။ ပြီး





တော့ လူငယ်တွေ၏အလေ့အထကိုလည်း ရင်းနှီးကျွမ်းဝင်ပုံရှိ၏။

"ဒါနဲ့ . . သူ အခုထိထွက်မလာသေးဘူးနော်"

အဘိုးကြီးက တစ်ချက်စဉ်းစားကာ . .

"ခါတိုင်းဆိုရင်တော့ ထွက်ထွက်လာတာပဲ . . . ဒီနေ့တော့ မပြောတတ်ဘူး"

ထိုသို့ပြောနေရင်းနှင့် ကျွန်တော့်နောက်ကိုကြည့်ပြီး အဘိုးကြီး၏မျက်နှာအမူအရာ တစ်မျိုးပြောင်းသွားကာ . .

"ပြောရင်းဆိုရင်း ဟိုမှာလာနေပါပြီကွာ . . . မင်းရဲ့ ကောင်မလေး"

ထိုစကားကြောင့် ကျွန်တော့်ရင်ထဲ ရှိန်းခနဲဖြစ်ကာသွား၏။ ထို့နောက် အနောက်ဘက်ကိုလှည့်ကြည့်လိုက်စဉ် ဂျင်းဘောင်းဘီ အပြာရောင်ကလေးနှင့် တီရှပ်အနီလေးဝတ်ထားသောသူမကို တွေ့လိုက်ရပါတော့သည်။

ကျွန်တော် ထိုင်နေရာမှ မတ်တတ်ရပ်လိုက်ကာ သူမကို ပြုံးပြရင်း . .

"ပန်းထွက်ကောက်တာလား"

သူမက ခေါင်းခါပြကာ . .

"မဟုတ်ဘူး . . . ဘယာကြော် ထွက်ဝယ်တာ"

"ဟင် . . အဲဒါဆို ပန်းမကောက်ဘူးပေါ့"

"ဟုတ်တယ် အစ်ကို . . . ဒီနေ့တော့သင်တန်းရှိလို့ မကောက်ဖြစ်ဘူး"

ကျွန်တော့်ရင်ထဲမှာ ဆွေးသွားသည်။ မျက်နှာက ချက်ချင်းပျက်သွားတာသိသာနိုင်၏။ သို့သော် အချိန်မီ ကျွန်တော်ဟန်မဆောင်လိုက်နိုင်ပေ။ ပျက်သွားသော ကျွန်တော့်မျက်နှာကို ကြည့်၍ ကောင်မလေးက . .



www.burmeseclassic.com

"ဘာလဲ . . အစ်ကိုက ပန်းကောက်မလို့လား"

ကျွန်တော် ခေါင်းညိတ်ပြရင်း . .

"ဟုတ်တယ် . . . ပန်းလာကောက်တာ . . . ဒါပေမဲ့ အဖော်မရှိတော့ မကောက်တော့ပါဘူး . . . ပြန်တော့မယ်"

သူမက သက်ပြင်းချရင်း . . .

"အစ်ကိုတစ်ယောက်တည်း ကောက်လို့ရပါတယ် . . ကျွန်မရှိနေမှသာ အစ်ကို့အတွက်"

ကောင်မလေးကပြောနေရင်းနှင့် စကားကိုဖြတ်ထား၍ ကျွန်တော်က . .

"အစ်ကို့အတွက် ဘာဖြစ်လဲဟင်"

ကောင်မလေးက သက်ပြင်းကို နောက်တစ်ချက်ချကာ ခေါင်းခါလိုက်၍ . . .

"ဘာမှမဟုတ်တော့ပါဘူး အစ်ကိုရယ်"

ဟုပြောကာ ဘယာကြော်နှစ်ရာဖိုးဝယ်၍ ထွက်သွားလေတော့သည်။

ကျွန်တော်လည်း ကြောင်တောင်တောင်ကြီးဖြစ်ကာ ကျန်ခဲ့၏။ သူမပြောသွားသော နောက်ဆုံးစကားကို ကျွန်တော်နားမလည်နိုင်ပေ။

ထို့နောက် ဘယာကြော်အဘိုးကြီးဘေးတွင် ပြန်ထိုင်ကာ ငေါင်စင်းစင်းကြီးဖြစ်သွားရတော့သည်။

အဘိုးကြီးက ကျွန်တော့်ကိုကြည့်၍ . . .

"ဘာလဲ . . ကောင်မလေးနဲ့ ပန်းမကောက်ရလို့ စိတ်ညစ်သွားပြီလား . . . ရော့ . . ဘယာကြော်စားလိုက် . . . ညစ်နေတာတွေ လစ်သွားမယ်"





ကျွန်တော်လည်း သူပေးသည့်ဘယာကြော်တစ်လုံးကို ပါးစပ်ထဲကောက်ထည့်လိုက်ရင်း . . .

"ကျွန်တော်က ဒီနေ့ သူနဲ့တွေ့ရမယ်ထင်ပြီး မျှော်နေတာဗျ . . . အခုတော့ သွားပြီ"

"ဒီနေ့ မတွေ့ရလည်း နောက်နေ့ပေါ့ကွာ . . . ဒါမျိုးဆိုတာ မှန်းတိုင်းလည်း ဖြစ်မလာဘူးကွ . . . မထင်ထားပေမယ့်လည်း ဖြစ်ချင်ဖြစ်သွားတတ်တာ"

ကျွန်တော် ဘာမှဆက်ပြောမနေတော့ဘဲ ဘယာကြော်နှစ်ရာဖိုးဝယ်၍ ပြန်လာခဲ့သည်။ ပြန်ခါနီး . . .

"နောက်နေ့တွေ ဦးလေးကြီးဆီလာခဲ့ဦးမယ်"

အဘိုးကြီးက ခေါင်းညိတ်ပြရင်း . . .

"ဒီနေရာက ငါပိုင်တာမှမဟုတ်တာကွာ . . . ကြိုက်တဲ့လူလာလို့ရပါတယ် . . . အဲ . . ဒါပေမဲ့ မင်းကတော့ ငါ့ဆီလာတာ အကြောင်းရှိတယ်ဆိုတာ ငါသိပါတယ်"

ကျွန်တော်ရယ်ပြရင်း လှည့်ထွက်ခဲ့လိုက်သည်။

ကောင်းကင်သည် ပြာမှိုင်း၍ ကျွန်တော့်ရင်မှာ အုံ့မှိုင်းနေသည်။ အဘိုးကြီး ညယာကြော်ကကောင်းသော်လည်း ကျွန်တော့်အတွက် မချိုမြိန်တာတော့ မတတ်နိုင်ပေ။

www.burmeseclassic.com

www.burmeseclassic.com



**ကျွန်**တော်တစ်ညလုံး အိပ်လို့မရပေ။ လူက တလူးလူး၊ တလိမ့်လိမ့်နှင့် မျက်စိကြောင်နေမိသည်။ အမှန်အတိုင်းပြောရရင် ရည်းစားပူမိနေခြင်းပင်။

ကောင်မလေးကို ဖော်တော်သတိရနေမိ၏။ ဘာကြောင့်မှန်းမသိဘဲ လွမ်းလွမ်းဆွေးဆွေးကြီး ခံစားနေမိသည်။ ကျွန်တော်သူမကို တော်တော်ချစ်မိနေပြီဆိုတာ သေချာပြီ။ မရရင် မနေနိုင်လောက်အောင် ခံစားနေရလေပြီ။

ယခု အသက်အရွယ်အထိ ဒါမျိုး တစ်ခါမှ မခံစားဖူးတာသေချာ၏။ အချစ်ကို အသက် (၂၇) နှစ်အရွယ်ရောက်မှ နဖူးတွေ့ဒူးတွေ့ ခံစားဖူးခြင်းပင်ဖြစ်သည်။ တစ် ကြိမ်တစ်ခါမှ မချစ်ခဲ့ဖူး၍ အစိမ်းသက်သက်ဖြစ်နေသောကြောင့် ဒီလိုအရူးအမူးဖြစ်သွားခြင်းလား မသိပေ။

ညနေက ကောင်မလေးမျက်နှာ သိပ်မသာယာတာ သတိထားမိသည်။ ဟိုနေ့ကကိစ္စ အိမ်နဲ့များပြဿနာတစ်ခုခုတက်လားမသိပေ။ ကျွန်တော်နှင့်ကောင်မလေးမှာ တွေ့ဖို့ သည်အချိန်လေးပဲရှိသည်။





အကယ်၍ ကျွန်တော်ထင်သလို သူမအိမ်ကပန်းထွက်ကောက်ခွင့် ပါမစ်ပိတ်သွားရင်တော့ လွမ်းပြီ။

ကျွန်တော်တွေးရင်း တော်တော်စိတ်ညစ်သွား၏။ ရင်ထဲမှာပူလောင်လာ၍ ရေတစ်ခွက် ထသောက်မိသည်။ သို့သော် ထိုအပူကကျမသွားပေ။ ကျွန်တော် စိတ်ညစ်ညစ်နှင့် ဝရန်တာထွက်လာခဲ့သည်။ အိမ်အပြင်ဘက်မှာ ကောင်းကင်က လမင်းက ဇာစ်ခြမ်းသာလျက်ရှိသည်။ တိမ်ကင်းစင်လျက်ရှိ၍ လအလင်းရောင်သည် တစ်လောကလုံးကို လင်းပစ္စာခြုံလွှမ်းထား၏။

ကျွန်တော် သက်ပြင်းရှည်ကြီးကိုချ၍ သူမတို့အိမ်ရှိရာသို့လှမ်းမျှော်ကြည့်မိသည်။

သူမ ဒီအချိန် ဘာလုပ်နေမလဲ။

ကျွန်တော့်လိုပဲ အိပ်မပျော်ဘဲဖြစ်နေပြီလား။

ကျွန်တော့်လိုပဲ အိမ်ရှေ့ဝရန်တာလေးမှာထွက်ရပ်ရင်း ကျွန်တော့်အကြောင်းတွေ တွေးနေပြီလား။

သို့သော် ထိုအတွေးတွေက ဖြစ်နိုင်ချေအလွန်နည်းသည်ကို ကျွန်တော်သိသည်။ သူမက မိန်းကလေးဖြစ်၍ ကျွန်တော့်လိုတော့ ဖြစ်နေမှာမဟုတ်ပေ။ နယူတန်၏ပုံသေနည်းအရ တုံ့ပြန်မှုတိုင်းမှာ တန်ပြန်သက်ရောက်မှုရှိသည်ဆိုလျှင် သူမလည်း အနည်းငယ်တော့ ကျွန်တော့်အကြောင်း တွေးနေနိုင်၏။

ဥပမာ။ ။ခရေပန်းလေး တွေအကြောင်း စဉ်းစားရင်း ကျွန်တော့်အကြောင်းလေးပါ ရောပါလာနိုင်သည်။

ဖြစ်နိုင်ရင် ကျွန်တော်ခန္ဓာကိုယ်မှာ အတောင်ပံတစ်စုံ ရုတ်တရက်ပေါက်လာပြီး သူမရှိရာ ချက်ချင်းပျံသန်းသွားလိုက်ချင်၏။ ပြီး လျှင် သူမကို ဘယ်လောက်ချစ်တယ်ဆိုသည့်အကြောင်း အချိန်မှီသရွေ့ ထိုင်ပြောချင်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဒုတိယမြောက်သက်ပြင်းကို ထပ်ချမိသည်။ ကျွန်တော် သူမကိုဖွင့်ပြောချင်နေပြီ။ သို့သော် အချိန်ကာလအတိုင်းအတာက တိုတောင်းနေသေး၍ ကြိတ်မှိတ်မျိုသိပ်ထားရသည်။

တော်ကြာ ကောင်မလေးက သူ့ကိုအထင်သေး၍ အချိန်တိုတိုလေးအတွင်း ဖွင့်ပြောလာတယ်ထင်ရင် ခက်ပြီ။ အချစ်သည် အချိန်ကာလ အတိုင်းအတာနှင့် မဆိုင်သော်လည်း သိက္ခာတရားနှင့်ကန္တေကတော့ သက်ဆိုင်နေ၍ နည်းနည်းတော့ အချိန်စောင့်ဖို့လိုသည်ဟု ကျွန်တော်ထင်၏။

ဒီလိုနှင့် တောင်မရောက်၊ မြောက်မရောက်တွေ တွေးရင်း ကျွန်တော် အိမ်ထဲပြန်ဝင်လာခဲ့သည်။ မနက်ဖြန် မှန်ကြောင့်ဆီက ဘာသတင်းကြားရဦးမည်လဲ မသိပေ။

အရာရာကောင်းပါစေဟုသာ အိပ်ရာဝင် ဘုရားရှိခိုးရင်း ဆုတောင်းမိလိုက်ပါတော့သည်။

နှလုံးသားနှင့်ပတ်သက်၍ ပထမဆုံးအကြိမ်ဆုတောင်းခြင်းပါ။



“သိပ် တော့လွယ်မယ် မထင်ဘူး အာကာ. . . ငါ ထပ်ပြီး စုံစမ်းလာသမျှတော့ ဒီငတိကြီးက တော်တော်ဝွကျတယ်ကွ”

ကျွန်တော်ခေါင်းကိုညိတ်ကာ မှန်ကြောင့်စကားကို ထောက်ခံမိသည်။

“ဒါကတော့ အစောကြီးကတည်းက ငါသိသားပဲ”

“အဲဒီတော့ ဒီငတိကြီးနဲ့ ခင်မင်အောင် ဘယ်လိုပေါင်းမလဲ”

“ဒါကတော့ မင်းအရည်အချင်းရှိရင် ရပါတယ်ကွာ”

မှန်ကြောင် သက်ပြင်းကိုချသည်။

“ငါ သူတက်နေတဲ့ကရာတေးသင်တန်းကို စုံစမ်းခဲ့တယ်”

“ရလား”

“ရတယ်. . . သူက သူ့သူငယ်ချင်းနဲ့ပေါင်းပြီး အဲဒီသင်တန်းကိုဖွင့်ထားတာကွ”

“အဲဒါဆို အဲဒီသင်တန်းကို မင်းသွားတက်လိုက်ပေါ့”

မှန်ကြောင် ခေါင်းညိတ်ပြကာ . . .

“ငါ တော်တော်ကြာသွားမလို့”



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မှန်ကြောင့်ပခုံးကိုကိုင်လိုက်ရင်း . . .

"ကျေးဇူးတင်ပါတယ် သူငယ်ချင်းရာ"

ထိုအချိန်မှာပဲ ချစ်တီးနဲ့ပေါကြီးရောက်လာ၏။ ကျွန်တော်နှင့်မှန်ကြောင်က လက်ဖက်ရည်ဆိုင်မှာ ထိုင်နေခြင်းဖြစ်သည်။ ချစ်တီးက . . .

"မင်းတို့ ဒီကိုရောက်နေတာ ကြာပြီလား"

"အခုမှ ရောက်တာပါ"

"အေး. . ငါတို့လည်း မင်းကိုပြောစရာရှိလို့ ထွက်လာတာ"

"ပြောလေ"

"ငါတို့ ဟိုကောင်ကြီးတွေရဲ့အကြောင်းကို စုံစမ်းပြီးပြီ"

"ပြောစမ်းပါဦး"

"သိပ်တော့ လွယ်မယ့်ပုံမပေါ်ဘူးကွ . . . ဒီငတိကြီး နှစ်ယောက်က ဘာသင်တန်းမှလည်း မတက်ဘူး"

"ဟင်. . အောင်ဒွေးအစ်ကိုပြောတော့ တစ်ယောက်က မောင်ဗမာ. . . နောက်တစ်ယောက်က လက်ဝှေ့သမားဆို"

"အဲဒါတော့ ဟုတ်တယ်. . . ဒါပေမဲ့ အခု သူတို့က အဲဒီအလုပ်တွေမလုပ်တော့ဘူးကွ. . . အဲ. . ဒါပေမဲ့ သူတို့အစ်ကိုကြီးရဲ့သင်တန်းမှာတော့ အုပ်ချုပ်ရေးအပိုင်းလုပ်ပေးနေတယ် ကြားတယ်"

ကျွန်တော်နည်းနည်းတော့ စိတ်အေးသွားရ၏။

"ဒါဆို အတော်ပဲပေါ့. . . မင်းတို့နှစ်ယောက်ပါ အဲဒီ သင်တန်းသွားတက်လိုက်ရင် ရပြီပဲ. . . ဒီမှာ ဒီကောင်တစ်ယောက်တည်းဖြစ်နေတာ. . . အခုတော့ အဆင်ပြေသွားတာပေါ့"

မှန်ကြောင်လည်း တော်တော်ပျော်သွားပုံရ၏။ သူတစ်ယောက်တည်း သွားရမည့်အစား အခုလိုအဖော်ရသွားတော့ အားရှိသွားပုံရသည်။ ပေါကြီးကဝင်၍ . . .





"မင်းပါလိုက်တက်လိုက်ပါလား"

ကျွန်တော်ခေါင်းခါပြရင်း . . .

"မဖြစ်ဘူး ထင်တယ်. . . သူတို့က ငါ့ကိုသိနေတယ်ကွ"

"သိသိပေါ့ကွ. . . ဘာဖြစ်လဲ. . . မင်းကိုသိတာနဲ့ပဲ သူတို့သင်တန်းတက်လို့မရတော့ဘူးလား"

"ပေါကြီးအပြောကို ကျနော်တဲ့နှစ်ယောက်က ပါဝင်၍ . .

"အေးလေ. . . မင်းပါ လိုက်တက်လိုက်ပြီး သူတို့နဲ့ခင်သွားတော့ ပိုကောင်းတာပေါ့"

"ဒီလိုလုပ်ပါလား. . . မင်းက သင်တန်းမှာ ငါတို့နဲ့မသိတဲ့ပုံစံနေလိုက်. . . မင်းဘာသာမင်း လာတက်တဲ့ပုံစံလုပ်လိုက်. . . အဲဒါဆို ငါတို့ဘက်ကလည်း သူတို့နဲ့ခင်အောင် လုပ်လို့ရသလို. . . မင်းတစ်ယောက်တည်းကလည်း သူတို့နဲ့ခင်အောင် ကြိုးစားလို့ရတယ်"

ကျွန်တော် နည်းနည်းတွေဝေသွားသည်။ ဒီကောင်တွေ အကြံက မဆိုး. . ။ ဒီအတိုင်း ကောင်မလေးကိုကြိုးစားနေမည့်အစား သူ့ အစ်ကိုတွေနဲ့ပါ ခင်မင်ခွင့်ရလျှင် ကျွန်တော့်ဘက်က ပိုအဆင်ပြေနိုင်သည်။

ကျွန်တော့်အကြောင်းကို သူတို့အစ်ကိုတွေသိပြီးနောက်ပိုင်း လက်ခံလျှင် လက်ခံလာနိုင်သည်ဟုတွေးမိ၏။

ထို့ကြောင့် . . .

"အင်း . . ဆိုးတော့ မဆိုးဘူး. . . ဒါပေမဲ့ လန့်တော့လန့်စရာပဲ"

"ဘာမှ လန့်မနေနဲ့. . . လုပ်စရာရှိတာ ရဲရဲသာလုပ်. . . အရင်းနဲ့ အမြတ်ပဲရှိတယ်. . . အရှုံးတော့မရှိနိုင်ဘူး"

ကျွန်တော် ခေါင်းညိတ်လက်ခံလိုက်သည်။

"ဒါဆို မနက်ဖြန်သွားမယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဟိုကောင်တွေအားလုံး ခေါင်းညိတ်ပြ၏။ ထို့နောက် ထွေရာလေးပါးဆက်ပြောပြီး ကျွန်တော်တို့ထပြန်ခဲ့လေတော့သည်။

မနက်ဖြန်အတွက် ကျွန်တော်ရင်ခုန်နေမိပါသည်။



အကြီးဆုံး ငတေကြီးက သူ့ရှေ့မှာ ငုတ်တုတ်ထိုင်နေသည့် ကျွန်တော့်ကို မမြင်ဖူးသောသတ္တဝါတစ်ကောင်လို ကြောင်တောင်တောင်ကြီးကြည့်နေသည်။ ကျွန်တော်က ပြုံးပြလိုက်ပြီး . . .

"အစ်ကို. . ကျွန်တော့်ကို မှတ်မိလား"

ထိုအချိန်ထိ ငတေကြီး သတိပြန်လည်မလာသေးပေ။ ပါးစပ်ကြီးအဟောင်းသားနှင့် ဆက်ကြည့်နေ၍ . . .

"အစ်ကို. . . တော်တော် အံ့သြသွားလို့လား"

ကျွန်တော့်စကားပြီးတော့မှ . .

"မင်း. . မင်း ဒီကိုဘာလာလုပ်တာလဲ"

"ကျွန်တော် သင်တန်းလာတက်တာလေ"

"ဘာ"

"အစ်ကိုတို့ဆီမှာ သင်တန်းလာတက်တာလို့ပြောတာ"

"ဟေ့ကောင်. . . ဒါ နောက်စရာမဟုတ်ဘူး. . . မင်းရှုပ်ရှုပ်ရှုပ်ရှုပ် လာမလုပ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကလဲဗျာ. . . ကျွန်တော့်ဆို ရန်သူလိုဆက်ဆံနေတာပဲ. . . ကျွန်တော်နဲ့အစ်ကိုကြားမှာ ဘာရန်ငြိုးရန်စရှိလို့လဲ"

ဝတီကြီးက ခေါင်းကိုခါလိုက်ကာ . . .

"ဘာရန်ငြိုးမှမရှိပေမယ့် မင်းနဲ့တွေ့လိုက်တဲ့အချိန်တိုင်း တစ်ခုမဟုတ်တစ်ခုဖြစ်နေတာပဲလေ"

"ကျွန်တော်နဲ့အစ်ကိုတို့က တစ်ခါလေးပဲ ပြဿနာတက်ဖူးတာပါဗျာ. . နောက်ပြီး အဲဒီပြဿနာကလည်း မအောင်နိုင်လို့ဖြစ်တဲ့"

"ဟေ့ကောင်. . . တော်ပြီ ဆက်မပြောနဲ့တော့"

သူက ဆက်မပြောနဲ့ဆိုတော့လည်း ကျွန်တော်ငြိမ်နေလိုက်သည်။ ကျွန်တော်ငြိမ်သွားတာကိုကြည့်ပြီး ဝတီကြီးက . . .

"ငါတို့လို ကိုယ်ခံပညာသင်တန်းတွေ ရန်ကုန်မြို့မှာ အများကြီးပါ. . . မင်းက ဘာလို့ ငါ့သင်တန်းကိုမှ လာတက်ချင်ရတာလဲ"

"အဲဒါတော့ သိတာပေါ့ အစ်ကိုရ . . . ဒါပေမဲ့ အစ်ကို့သင်တန်းက သူများသင်တန်းတွေထက် နာမည်ပိုကြီးလို့ပေါ့. . အစ်ကိုတို့က စည်းကမ်းလည်းကြီးတယ်. . . ပညာလည်း တော်တယ် . . . ပြီးတော့ သင်တန်းသားတွေကို ညီရင်းအစ်ကိုလိုဆက်ဆံတယ်ဆိုတာ နာမည်ကြီးနေလို့လာခဲ့ရတာပေါ့"

ကျွန်တော် သူတို့သင်တန်းအကြောင်း ဘာတစ်ခုမှမသိဘဲ ကျွန်တော့်ပါးစပ်ထဲရှိရာတွေ လျှောက်ပြောလိုက်ခြင်းပါ။

ကျွန်တော်၏ မြှောက်ထိုးပင့်ကော်စကားများကြောင့် ဝတီကြီး တော်တော်ဘဝင်ကျသွားပုံရသည်။ ကြွေးဆည်သည့်အနေဖြင့် ခန္ဓာကိုယ်ကို တစ်ချက်ပြန်ပြင်ထိုင်ရင်း . .

"အေးပေါ့လေ. . . ငါတို့က ဒီကိုလာတက်တဲ့ သင်တန်းသားတွေကို တကယ်တတ်စေချင်တဲ့ စေတနာထားတာဆိုတော့လည်း . . . ဒီလိုပဲ နာမည်ထွက်ရမှာပေါ့"





လေသံက ချက်ချင်းပြောင်းသွား၏။ ထိုတစ်ချက်တည်းနှင့် သူ့ရဲ့အားနည်းချက်တစ်ခုကို ကျွန်တော်သိလိုက်ပြီ။ ဒီကောင်ကြီး အမြှောက်ကြိုက်၏။

ထို့နောက် ကျွန်တော့်နာမည်ကို မေး၏။ ကျွန်တော်က . .

"အာကာပါ"

"နေရပ်လိပ်စာ ပြော"

ကျွန်တော်နေတဲ့နေရာကို ပြောလိုက်၏။ ထို့နောက် ဖြည့်သင့်ဖြည့်ထိုက်တာများကို ပုံစံဖောင်တွင်ဖြည့်၍ ကျွန်တော်ထွက်လာခဲ့လိုက်တော့သည်။ သင်တန်းရက်ကိုတော့ မနက်ဖြန်မှလာရန် သူက ပြော၏။ ကျွန်တော်လည်း ခေါင်းညိတ်လက်ခံလိုက်သည်။

သင်တန်းခန်းမမှ အပြန်တံခါးဝတွင် ဟိုကောင်တွေ သုံးကောင်နှင့် သွားတွေ့သည်။

ကျွန်တော် မျက်စိမှိတ်ပြလိုက်ပြီး မသိမသာ လက်မထောင်ပြခဲ့လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**သင်**တန်းမသွားခင် ကောင်မလေးအိမ်ရှေ့မှာ ကြောင်ချောင်းကျားချောင်း သွားချောင်းနေလိုက်သည်။

ဒီအချိန် သူ့အစ်ကိုတွေ သင်တန်းမှာပဲရှိလိမ့်မည်ဆိုတာ ကျွန်တော်သိ၏။ မနက်က သင်တန်းချိန်ထက် တစ်နာရီလောက်စောပြီး ကျွန်တော်ထွက်လာခဲ့ခြင်းဖြစ်၏။

ခဏနေတော့ ကောင်မလေးထွက်လာတာတွေ့လိုက်ရ၍ ကျွန်တော်ချောင်းနေရာမှ အသာထွက်ရပ်လိုက်ကာ . . .

"ခရေ"

"ရှင်"

ကောင်မလေးက ရုတ်တရက်ဆိုတော့ အလန့်တကြားလှည့်ထူးသည်။ ကျွန်တော့်ကိုတွေ့တော့ . . .

"ဩော် . . ဘယ်သူလဲလို့"

"ခရေ့ကိုပြောစရာရှိလို့ လာခဲ့တာ"

"ဘာများလဲဟင်"

ကျွန်တော်ကပြုံးလိုက်ရင်း . . .

"ကိုယ် အခု ခရေ့အစ်ကိုတွေရဲ့သင်တန်းမှာ သွားတက်နေတယ် သိလား"





"ဘယ်လို"

"ခရေ့အစ်ကိုတွေရဲ့သင်တန်းကို သွားတက်နေတယ်လို့ပြောတာ"

ကောင်မလေးက သူ့ခေါင်းသူ တစ်ချက်ပွတ်လိုက်ရင်း . .

"ဘယ်လိုဖြစ်ပြီး သွားတက်ဖြစ်တာလဲ . . . ပြီးတော့ အစ်ကိုတို့ကရော လက်ခံလား"

ကျွန်တော်ကပြုံး၍ ခေါင်းညိတ်ပြလိုက်ကာ . .

"သူတို့လက်ခံလို့ပေါ့ . . . ဒါပေမဲ့ အဲဒီကိစ္စကို ခရေမသိချင်ယောင်ဆောင်နေနော်"

"ဘာလို့လဲ"

"အကြောင်းရှိလို့ပေါ့"

ကောင်မလေးငြိမ်ကျသွားကာ တစ်ခုခုကိုတွေးတောသွားပုံရသည်။ ကျွန်တော် ကောင်မလေးနားကိုကပ်လိုက်၍ . . .

"ခရေ"

ကောင်မလေးလှည့်ကြည့်တော့ . . .

"ခရေ့ကို ကျွန်တော်ချစ်တယ်"

". . . . . ."

". . . . . ."

". . . . . ."

ကောင်မလေးက မျက်လုံးလေးပြူးကြောင်ကြောင်နှင့် ကျွန်တော့်ကို ကြောင်တောင်တောင်ကြည့်နေ၏။

ကျွန်တော် သူမ ဘာမှပြန်မပြောခင်မှာပဲ လှည့်ထွက်လာခဲ့သည်။

ဘယ်အရပ်က တိုက်ခတ်လာမှန်းမသိသော လေညှင်းတကျွန်တော့်ကို မထိတထိတိုးဝှေ့သွားပါတော့သည်။

www.burmeseclassic.com



**အောင်** ဗလဆိုသော ဝေတိကြီးက သင်တန်းသားတွေ ရှေ့မှာ ဟိုဘက်ဒီဘက်လျှောက်ရင်း ခေါင်း တညိတ်ညိတ်လုပ်နေ၏။ ထို့နောက် အားလုံး ရှေ့မျက်နှာမူလိုက်ကာ . . .

"ကိုယ်ခံပညာဆိုတဲ့သဘောကို မင်းတို့နားလည်လား"

အရှေ့ဘက်တန်းရှိ သင်တန်းသားဟောင်းတွေကတော့ ဘာမှမပြောကြပေ။ ကျွန်တော်တို့လို သင်တန်းသားသစ်တွေကတော့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိကြသည်။ ထိုအချိန်မှာ မှန်ကြောင်က . . .

"ကိုယ်ပဲ ခံရတဲ့ပညာပါ"

ဆိုပြီး ယောင်ကန်းကန်းနှင့် ထဖြေ၏။

ဝေတိကြီးက မှန်ကြောင့်ကို မျက်လုံးပြူး၍စိုက်ကြည့်ကာ

"ကိုယ်ပဲခံနေရမှတော့. . . ဒီပညာကို ဘယ်သူက လာသင်မှာလဲ"

မှန်ကြောင် စပ်ဖြဲဖြဲနှင့် . . .

"သိဘူးလေ. . . အစ်ကိုက ကိုယ်ခံပညာလို့မေးတော့ ကျွန်တော်က ကိုယ်ပဲခံရတယ်ထင်လို့"





ဝေတိကြီးက သက်ပြင်းကိုချသည်။ ပြီးမှ အားလုံးကိုဝေ့ကြည့်လိုက်ပြီး . . .

"ကိုယ်ခံပညာဆိုတာ ကိုယ့်ကိုရန်မူလာရင် ပြန်လည်ခုခံဖို့ တတ်ထားသင့်တဲ့ပညာပဲကွ. . . ဒီပညာက လူမျိုးတိုင်းမှာရှိတယ် . . . ရှေးယခင်ကတည်းက ရှိတယ်. . . အရင်တုန်းက စစ်ပွဲတွေမှာ အခုလိုနည်းပညာတွေ မတိုးတက်သေးတော့ သေနတ်တွေ ဘာတွေ မသုံးနိုင်သေးဘူး. . . အဲဒီတော့ အခုလိုကိုယ်ခံပညာတွေပဲ အသုံးပြုကြပြီး တစ်ဖက်နဲ့တစ်ဖက်တိုက်ခိုက်ကြရတယ်"

အားလုံး ငြိမ်နေကြသည်။ ဝေတိကြီးက အားလုံးကို တစ်ချက်ဝေ့ကာကြည့်သည်။ သူ့စကားကို စိတ်ဝင်တစားနားထောင်နေတာတွေ့၍ ခေါင်းတစ်ချက်ညိတ်ကာ ကျေနပ်သွားပြီး . . .

"နောက်တော့ ဒီကိစ္စတွေ မင်းတို့နားလည်လာမှာပါ. . . အခုတော့ အခြေခံသဘောတရားကို နားလည်ထားရင်ရပြီ. . . ကဲ ဒီနေ့တော့ ဒီလောက်ပဲ. . . သင်တန်းသားသစ်တွေလည်း ရှိသေးတော့ အုပ်စုနှစ်စုခွဲမယ်. . . တစ်စုက ဒီနေ့မှစမယ့်အဖွဲ့. . . ကျန်တစ်စုကတော့ ထုံးစံအတိုင်းပေါ့"

ထို့နောက် တန်းဖြုတ်လိုက်သည်။ ကျွန်တော်တို့လို ဒီနေ့မှစတက်သည့်လူတွေကို အဖွဲ့တစ်ခုဖွဲ့ကာ အလတ်ကောင်ကြီးက ဦးဆောင်၍သင်ပေးသည်။

ပထမလေ့ကျင့်ခန်းက အကြောလျှော့ခြင်းပင်။

ထိုအကြောလျှော့ခြင်း လေ့ကျင့်ခန်းတွင် ကျွန်တော်တို့ အလူးအလဲခံရလေသည်။

ကျွန်တော်တို့လို တစ်သက်လုံး ခြေမကြောတောင် မလျှော့ဖူးသောသူတွေအတွက် တစ်ကိုယ်လုံး အကြောတွေက သံချောင်းလို မာကာနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အား"

ထိုအချိန်မှာပဲ ငယ်သံပါအောင်အော်လိုက်သော ချစ်တီး အသံကိုကြားလိုက်ရသည်။

ကျွန်တော်လှည့်ကြည့်လိုက်တော့ ချွေးဒီးဒီးကျနေသော ချစ်တီးကိုမြင်ရ၏။ အလတ်ကောင်ကြီးက သူ့ခြေထောက်နှစ်ချောင်း နှင့် ချစ်တီးပေါင်နှစ်ချောင်းကိုတွန်းကာ အတင်းဖြဲနေသည်။ ချစ်တီး လက်ကလေးနှစ်ဖက်ကို နောက်သို့ထောက်၍ မျက်လုံးမျက်ဆံပြူးကာ

"သေပြီ အမေရဲ့. . . အမလေးဗျ"

"တောင့်ထားစမ်းပါ. . . ဘာလို့ ဒီလောက်အော်နေရတာလဲ . . . မင်းက ယောကျ်ားမဟုတ်ဘူးလား"

"ယောကျ်ားလည်း အတင်းဖြဲရင်နာတာပဲဗျ"

ချစ်တီးကိုကြည့်ကာ ကျွန်တော်ရယ်မိသည်။ မှန်ကြောင်နှင့် ပေါကြီးဘက်လှည့်ကြည့်တော့လည်း အခြေအနေမကောင်း။ မြော မြော့သာကျန်တော့သည်။ ဒီတော့ ကျွန်တော်ကရော

ကျွန်တော့်ဘဝ ကျွန်တော်တွေးနေရင်း အငယ်ကောင် ကျွန် တော့်ရှေ့ရောက်လာသည်။

"ညီလေး"

"ဗျာ"

"မင်း အခုခြေထောက်နှစ်ချောင်းကို ဒီလောက်လေးဖြဲထား ရုံနဲ့ မလုံလောက်ဘူးကွ"

"ဘာ. . ဘာလို့လဲ အစ်ကို"

"ဟာ. . . ဒီလောက်နဲ့ မင်းခြေထောက်တွေ ဘာတွေဘယ် လိုမြှောက်ပြီး ကန်မလဲ"

"အဲဒီတော့ ကျွန်တော်ဘယ်လိုလုပ်ရမလဲ"

"ဟိုအုတ်နံရံမှာ မင်းကျောကိုကပ်လိုက်"





သူပြတဲ့အုတ်နံရံမှာ သူခိုင်းသလို ကျွန်တော်လုပ်လိုက်သည်။ လုပ်ပြီးတော့ ငတိကြီးက ကျွန်တော်နှင့်မျက်နှာချင်းဆိုင်ဝင်ထိုင်ကာ တံကောက်ခွက်လောက်မှာ သူ့ခြေထောက်တွေကို နေရာယူကာ တွန်း ထည့်လိုက်ချိန်တွင် . . .

"အမလေး. . ဗျ"

ကျွန်တော့်မျက်လုံးထဲ ကြယ်တွေစုံသွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



*

**သင်**တန်းကပြန်တော့ ကျွန်တော်တို့အားလုံး လမ်းကို ကောင်းကောင်းလျှောက်မရပေ။ ခြေတစ်လှမ်းလှမ်း လိုက်တိုင်း ပေါင်ရင်းက အောင့်ခနဲ အောင့်ခနဲဖြစ် ကာသွားသည်။

ချစ်တီးက ထော့နဲ့ထော့နဲ့နှင့် ကျွန်တော့်နားကပ်လာကာ

"အာကာ"

"ဘာလဲ"

"ငါတော့ နောက်ရက်တွေသင်တန်းတက်နိုင်မယ် မထင်တော့ဘူး"

"ဘာလို့လဲ"

ချစ်တီးမျက်နှာက ချက်ချင်းရှုံ့မဲ့သွားပြီး

"မင်းမြင်တဲ့အတိုင်းပဲလေ. . . ကြာရင် သေလိမ့်မယ်"

ကျွန်တော်ရယ်လိုက်ကာ

"မင်းကလဲကွာ. . . အားတင်းထားစမ်းပါ. . . ဒီလောက်လေးနဲ့ ဘာမှမဖြစ်ပါဘူး"

"သေတော့မယ်ကွ"





ကျွန်တော် ဘာမှဆက်မပြောဘဲ ကိုယ့်ခြေထောက်ကိုယ် တော်တော်လေးကြိုးစားလှမ်းကာ ဆက်လျှောက်သည်။ ကျွန်တော်က ကာယကံရှင်ဖြစ်၍ အားလုံးရှေ့မှာ ဟန်မပျက်အောင်ကြိုးစားနေရပေမယ့် တော်တော်တော့ခံစားနေရသည်။ လူမှာရှိသောအကြောပေါင်းတစ်ထောင် ပြတ်ထွက်ကုန်ပြီလားပင် မသိပေ။

ထို့နောက် ကျွန်တော့်အိမ်ရောက်တော့ အားလုံးခြေပစ်လက်ပစ်ဖြစ်ကုန်ကြသည်။ အမေက ကျွန်တော်တို့ကိုကြည့်၍ ပြုံးကာ

"ဘယ်လိုလဲ သိုင်းသမားကြီးတွေ. . . အခြေအနေမကောင်းပါလား"

ပေါက်ကြီးက အမေ့ကိုမော့ကြည့်ကာ . . .

"အကြောတွေပြတ်ထွက်ကုန်ပြီ အန်တီ"

"ဒါဆိုလည်း မင်းတို့က ဘာလို့သွားတက်နေသေးလဲ"

အမေ့စကားဆုံးတော့ အားလုံးက ကျွန်တော့်ကို ဘုကြည့်လှည့်ကြည့်သည်။ ကျွန်တော် စပ်ဖြဲဖြဲလုပ်ပြရင်း . . .

"ငါ့ဆီမှာ ဒဏ်ကြေဆေးကောင်းကောင်းရှိပါတယ် သူငယ်ချင်းတို့ရာ. . . မင်းတို့တွေ ရေချိုးပြီးဆေးလိမ်းလိုက်ပေါ့. . ကောင်းသွားမှာပါ"

ဒီကောင်တွေ ဘာမှဆက်မပြောဘဲ ကျွန်တော့်အခန်းထဲဝင်သွားသည်။ ထို့နောက် ရေချိုးသည်။ ပါလာသောအဝတ်အစားတွေကိုလဲကာ ဒဏ်ကြေဆေးကိုလိမ်းကြသည်။ ပြီးတော့ တစ်ရေးတစ်မော အိပ်ပျော်သွားကြ၏။

ကျွန်တော်ကတော့ သူတို့အိပ်ပျော်သွားချိန်မှ ရေချိုးကာ ဒဏ်ကြေဆေးလိမ်းပြီး အိမ်ကထွက်ခဲ့လိုက်သည်။ ကျွန်တော့်မှာ သူတို့လို အေးအေးဆေးဆေးမအိပ်နိုင်ပေ။ အိပ်လျှင်လည်း အိပ်ပျော်မည်မဟုတ်။ ကျွန်တော့်စိတ်က ကောင်မလေးဆီမှာရောက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်တစ်ခါတော့ ကောင်မလေးဆီအသွားကို လမ်းမလျှောက်နိုင်တော့၍ အိမ်ကကားကိုယူ၍ထွက်လာခဲ့၏။ ကျွန်တော်ကားသော့သွားယူတော့ အမေကကြည့်၍ . . .

"ဟဲ့ . . ဘယ်သွားမလို့လဲ . . နားလေ"

"ဒီနား ခဏပါ . . . ဟိုကောင်တွေနိုးလာရင် စားဖို့ တစ်ခုခုသွားဝယ်မလို့"

ပြောပြီး ကျွန်တော်ထွက်လာခဲ့၏။

ကောင်မလေးအိမ်ရှေ့ရောက်တော့ ခပ်လှမ်းလှမ်းမှာ ကားကိုရပ်သည်။ အိမ်ရှေ့ရောက်တော့ ဘယာကြော်သည်အဘိုးကြီးကိုတွေ့ရသည်။ အဘိုးကြီးက ကျွန်တော့်ကိုတွေ့တော့ ချက်ချင်းမှတ်မိသည်။

"ငါ့တူ ရောက်လာပြန်ပြီကိုး"

"သမိုင်းပေးတာဝန်အရ လာရဦးမှာပေါ့ဗျာ . . . ဒီနေ့ရောရောင်းကောင်းလား"

"ဒီလိုပါပဲ ငါ့တူရာ . . . စားနိုင်ရုံလေးတော့ ရနေတာပေါ့"

ကျွန်တော် ဘယာကြော်တစ်ထုပ်လှမ်းယူကာ စားရင်းအဘိုးကြီးဘေးက ခုံပုလေးမှာထိုင်နေလိုက်၏။

"မင်းကောင်မလေးတော့ ထွက်လာတာမတွေ့သေးဘူး"

"ကျွန်တော့်ကောင်မလေး မဟုတ်သေးပါဘူး . . . ပေးတဲ့ဆုနဲ့ ပြည့်ပါစေ ဦးလေးရာ"

ထိုအချိန်မှာပင် ဝယ်သူတစ်ယောက်ရောက်လာ၍ စကားစပြတ်သွားကြ၏။ ထိုဝယ်သူထွက်သွားတော့ အဘိုးကြီးက . . .

"စပ်စုတယ်လို့ မထင်နဲ့နော် . . . ဦးလေး ငါ့တူကြီးကို မေးစရာရှိလို့"

ကျွန်တော်က . . .





"မေးလေ"

"ငါ့တူကြီးက မိန်းကလေးကို ဖွင့်ပြောပြီးပြီလား"

"ဟုတ်တဲ့"

"ထင်တော့ထင်သားပဲ . . . ခုခေတ်ကလေးတွေ ဒီလောက်တော့ မညံ့ပါဘူးလို့"

ကျွန်တော် ပြုံးရုံသာပြုံးနေလိုက်သည်။ အဘိုးကြီးက ဘယာကြော်လေးတွေကို ကတော့လေးထဲထည့်ရင်း . . .

"မိန်းကလေးဘက်ကရော ဘာပြောလဲ"

"သူက မိန်းကလေးဆိုတော့ စဉ်းစားဦးမှာပေါ့"

အဘိုးကြီးက ခေါင်းတညိတ်ညိတ်လုပ်ကာနေ၏။ ထိုအချိန်မှာပဲ ကောင်မလေးက အိမ်ရှေ့ထွက်လာတာ တွေ့ရသည်။

ကျွန်တော့်ကိုတွေ့သွားတော့ ရုတ်တရက် ခြေလှမ်းတုန့်သွားတာတွေ့လိုက်ရသည်။ ပြီးတော့ ခေါင်းတစ်ချက်ငုံ့သွား၏။

အဘိုးကြီးက ကောင်လေးကို မျက်စပစ်ပြကာ မေးငေါ့ပြ၏။ သွားလေဆိုသည့် သဘော။

သူမသွားခိုင်းလည်း ကျွန်တော်က သည်ကိစ္စနှင့်လာတာဖြစ်၍ သူမပြောခင်ကတည်းက ထိုင်ရာမှထပြီးနေပြီ။

ကောင်မလေးက ကျွန်တော်ထလာတာတွေ့တော့ ယောင်ပေပေနှင့် အိမ်ထဲပဲဝင်ရတော့မလိုလို၊ သည်အတိုင်းပဲ မတ်တတ်ရပ်နေရတော့မလိုလိုဖြစ်နေသည်။

ကျွန်တော် ကောင်မလေးနားကို အမြန်သွားလိုက်သည်။ တော်ကြာ ရှက်ပြီး အိမ်ထဲပြေးဝင်သွားလျှင် ခက်မည်။

အနားရောက်တော့ . . .

"ဘယာကြော် ထွက်ဝယ်တာလား . . . ခရေထွက်ကောက်တာလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက မျက်ဝန်းတောက်တောက်လေးတွေနှင့် ကျွန်တော့်ကို မော့ကြည့်သည်။

"ပန်းထွက်ကောက်တာပါ"

"ကိုယ်ပါ ကူကောက်ပေးမယ်နော်"

ကောင်မလေး တစ်ချက်တွေဝေသွားပြီး . . . .

"ဟိုလေ အစ်ကို့ကိုတွေ့သွားရင် ပြဿနာတက်နေဦးမယ်"

"စိတ်ချ . . သူတို့ ညနေမှရောက်မှာ . . . ကိုယ်က ခုနကမှ သင်တန်းကပြန်လာတာ . . . ဒီနေ့ သင်တန်းမှာ အစည်းအဝေးရှိတယ် ပြောတယ်"

"ဘာအစည်းအဝေးလဲ"

"အဲဒါတော့ အတိအကျမသိဘူး . . . ကိုယ်တို့က သင်တန်းသားအသစ်တွေဆိုတော့ ပြန်လွှတ်လိုက်တယ်"

ကောင်မလေးက ဘာမှဆက်မပြောတော့ပေ။

ထို့နောက် ကျွန်တော်တို့ထုံးစံအတိုင်း ခရေကောက်ကြသည်။ ပန်းကောက်နေရင်းနှင့် ကျွန်တော်က . . .

"ခရေ"

"ရှင်"

"ဟိုဟာလေ . . ဟို . . လောတယ်လို့တော့ မထင်ပါနဲ့နော်"

"ဘာကိုလဲ"

"ကိုယ့်ကို ဘယ်တော့အဖြေပေးမှာလဲ သိချင်လို့ပါ"

ကောင်မလေးကရှက်ပြုံးလေးနှင့် ခေါင်းငုံ့သွားသည်။ ခဏနေတော့မှ . . .

"ဖြည်းဖြည်းပေါ့ . . . စဉ်းစားပါရစေဦး"

"အမှန်အတိုင်းပြောရရင် ကျွန်တော်က အခုရရင်တောင် ယူချင်တာ"





"အို"

ကောင်မလေးက တအံ့တသြမော့ကြည့်၍ ကျွန်တော့်စကားလောသွားပြီဆိုတာ ကျွန်တော်နားလည်လိုက်သည်။

"ဟို . . တစ်မျိုးမထင်ပါနဲ့ . . . အဖြေကို လိုချင်တယ်လို့ ပြောတာပါ . . . ဟုတ်တယ်လေ . . . ကျွန်တော်က ချစ်ရတဲ့သူဆိုတော့ . . . တော်ကြာ . . သူများတွေဦးသွားရင် ဘယ်လိုလုပ်မလဲ"

ကောင်မလေးက တစ်ချက်ရယ်၍ . . .

"သူများတွေလည်း မရှိပါဘူး . . . ခရေက အိမ်မှာအငယ်ဆုံးဆိုတော့ အိမ်နဲ့ကျောင်းကိုသွားရင်တောင် တစ်ယောက်မဟုတ်တစ်ယောက် လိုက်ပို့တာလေ . . . နောက်ပြီး အစ်ကိုတွေအကြောင်းလည်း သိတဲ့အတိုင်း . . . သူတို့ညီမကိုထိရင် မရဘူး"

ကျွန်တော်ပြုံးလိုက်ကာ . . .

"ဒါဆို ခရေက ရည်းစားတစ်ခါမှမထားဖူးဘူးပေါ့"

ကောင်မလေးက ခေါင်းညိတ်ပြသည်။ ကျွန်တော့်ရင်ထဲမှာ ဘာကြောင့်မှန်းမသိ။ နွေးခနဲဖြစ်သွား၏။

ကျွန်တော် စကားတစ်ခုကြားဖူးသည်။

မိန်းမတွေက ယောကျာ်းတွေရဲ့ အချစ်ဦးမဖြစ်ရင်နေ၊ အချစ်ဆုံးတော့ဖြစ်ချင်ကြသည်တဲ့။

ယောကျာ်းတွေကတော့ မိန်းမတွေ၏အချစ်ဦးပဲဖြစ်ချင်ကြသည်ဆိုပဲ။

ထိုစကားအတိုင်းဆို ကျွန်တော်သည် ခရေနှင့်ချစ်သူတွေဖြစ်လျှင် ကောင်မလေး၏အချစ်ဦးဖြစ်ခွင့်ရမည်ဖြစ်သည်။

ကျွန်တော့်နှလုံးသားသည် ပုံမှန်ခုန်နေရာမှ လီဗာဆောင့်နင်း ခံလိုက်ရသော ပြိုင်ကားတစ်စီးလို ချက်ချင်း ဟုန်းခနဲ မြန်ကာ ထွက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကျွန်တော်ပျော်ရွှင်စွာ ပြန်လာခဲ့သည်။ အိမ်ရောက်တော့မှ ဗယာကြော်အဘိုးကြီးကို ဗယာကြော်ဖိုး မပေးခဲ့မိမှန်း သတိရမိ၏။

ဘိုကောင်တွေအားလုံးကတော့ အိပ်ကောင်းတုန်း။



**နောက်** ရက်တွေမှာ ကျွန်တော်တို့ သင်တန်းကိုမှန်မှန်တက်ကြသည်။ တဖြည်းဖြည်း အသားကျလာတော့ပထမနေ့ကလို မနာတော့ပေ၊ သင်တန်းမှာလည်း တဖြည်းဖြည်းပျော်လာသည်။ ကောင်မလေး၏အစ်ကို သုံးယောက်နှင့်လည်း စကားပြောရဆိုရတာ အဆင်ပြေလာ၏။

သို့သော် တစ်ခုတော့ရှိသည်။ ထို ညီအစ်ကိုသုံးယောက်လုံး သူတို့ညီမကို အတော်ချစ်ကြသည်။ သူတို့နှင့်ခင်မင်နေသော သင်တန်းသားဟောင်းများက တစ်ခါတစ်ရံ သူတို့ ညီမနှင့်ပတ်သက်၍ မထိတထိစလျှင် လုံးဝမကြိုက်ပေ။

တစ်ရက် ပေါကြီးက ဘုမသိဘမသိနှင့်သွားပြီးတော့ . .

"အစ်ကိုတို့ညီမလေးကိုရော ကရာတေးသင်မပေးဘူးလား"

ဟုသွားမေး၍ ပြဿနာတက်ဖူးသည်။

ဤနောက်ပိုင်း ကျွန်တော်တို့ သူတို့ညီမနှင့်ပတ်သက်၍ ဘာမှမနောက်မိအောင် ကြိုးစားသည်။

အခုလည်း ကျွန်တော် ခုံတန်းလျားလေးပေါ် နားနေချိန်တွင် အစ်ကိုအကြီးဆုံးရောက်လာ၍ . . .



www.burmeseclassic.com

www.burmeseclassic.com



"အာကာ"

"ဗျာ"

"မင်း ဟိုနေ့က ငါတို့အိမ်ရှေ့ ဘာလာလုပ်တာလဲ"

"ဘယ်နေ့ကလဲ အစ်ကို"

အမှန်တကယ် ကျွန်တော်မသိ၍ မေးလိုက်ခြင်းပါ။ ကျွန်တော်က သူတို့အိမ်ရှေ့ နေ့တိုင်းလိုလိုရောက်နေ၍ ဘယ်နေ့ သွားတာကို မြင်သွားလဲ မသိပေ။

ငတိကြီးက မေးစေ့ကိုလက်ညှိုးနှင့် ထောက်ကာထောက် ကာ လုပ်၍စဉ်းစားကာ .....

"တစ်နေ့ကကွာ. . တစ်နေ့က. . . သင်တန်းပိတ်တဲ့နေ့"

ကျွန်တော် တစ်ချက်စဉ်းစားလိုက်တော့ မှတ်မိသွားသည်။ ထိုနေ့က ကောင်မလေးနှင့်မတွေ့ဖြစ်ခဲ့။ ကျွန်တော်ကလည်း သူ့ အစ်ကိုတွေ အိမ်မှာရှိနေသည့်နေ့လေးတွေကိုတောင်မရှောင် သွား ဖြစ်၍ ကိုယ့်ကိုယ်ကိုယ် တော်တော်အပြစ်တင်မိ၏။

အခုတော့ ကျွန်တော်သွားတာကို သူတို့မြင်သွားခဲ့လေပြီ။ ကျွန်တော်လည်း ပါးစပ်ထဲရှိရာလျှောက်ပြောဖို့ အပြေးအလွှား စဉ်း စားရင်း တစ်ခုသတိရ၍ . . .

"ကျွန်တော် ဘယာကြော်လာဝယ်တာ"

ငတိကြီး မျက်လုံးပြူးသွား၏။

"ဘယ်က ဘယာကြော်က ပါလာတာလဲ"

"အစ်ကိုတို့အိမ်ရှေ့နားမှာ အဘိုးကြီးတစ်ယောက် လာပြီး ရောင်းတဲ့ ဗယာကြော်လေ"

ငတိကြီးက ခေါင်းခါပြ၍ ....

"မင်းက ဗယာကြော်ကို ငါတို့အိမ်ရှေ့အထိရောက်အောင်





လာဝယ်စားရအောင်. . . မင်းတို့ရပ်ကွက်ထဲမှာ ဗယာကြော်သည် အဲဒီလောက်ရှားလား"

ကျွန်တော်က ဣန္ဒြေမပျက် ခပ်တည်တည်ပင်။

"အဲဒီဗယာကြော်က ပိုကောင်းလို့ပါ"

ငတိကြီးက ယုံပုံမရ။ ကျွန်တော့်ကို ခပ်တည်တည်ကြီးစိုက် ကြည့်၍ ယယယ

"မင်း ငါတို့နဲ့ပတ်သက်ရင် ကောင်းတာတွေများနေပြီနော်"

"ဗျာ"

"ဒီလိုပါ. . . မင်းက ငါတို့သင်တန်းကိုဆိုလည်း တခြားသင် တန်းတွေထက် ပိုကောင်းတယ်လို့ပြောတယ်. . . ဒါကတော့ ထားပါ တော့. . . အခု ငါတို့အိမ်ရှေ့က ဗယာကြော်ကမှ ကောင်းတယ်လုပ် လာပြန်ပြီ. . . နောက် ဘာကောင်းတာရှိလာဦးမလဲ"

"ခင်ဗျားညီမ"

ဆိုပြီးပြောလိုက်လို့ကတော့ သွားသုံးဆယ့်နှစ်ချောင်း အစ ပျောက်သွားနိုင်သည်။ ထို့ကြောင့် ဘာမှပြန်မပြောဘဲ ပြုံးဖြီးဖြီးသာ နေလိုက်တော့သည်။

ငတိကြီးက ကျွန်တော့်ကိုမျက်စောင်းထိုး၍ လှည့်ထွက်သွား ၏။ သူ့ဘက်က လက်ပူးလက်ကြပ်မမိ၍သာ ကျွန်တော့်ကို ဘာမှ ပြောမသွားဘူးဆိုတာ ကျွန်တော်သိသည်။

သို့သော် အရိပ်အမြွက်လောက်တော့ သတိပေးသွားခြင်းပါ။

"မင်း ငါ့ညီမနဲ့ကင်းအောင်နေ"

ဆိုတာမျိုး။

www.burmeseclassic.com

www.burmeseclassic.com



ထိုကိစ္စကို ဟိုကောင်တွေကိုပြောပြတော့ . . . .

"မင်းကလည်း ကဲကိုကဲလွန်းတာကိုး . . . အမေးခံရတာ နည်းတောင်နည်းသေးတယ်"

"အေးလေ . . . သင်တန်းနားရက်တွေတော့ ဒီဇတ်ကြီးတွေရှိနေတယ်ဆိုတာ သိရဲ့သားနဲ့ . . . နည်းနည်းတော့ ဆင်ခြင်ဖို့ကောင်းတာပေါ့"

ကျွန်တော် ဘာမှပြန်မပြောဘဲ ခေါင်းကိုပွတ်၍သာနေမိသည်။ ခဏကြာတော့ မှန်ကြောင်ကဝင်၍ . . .

"ဒါနဲ့ . . မင်းနဲ့ အဲဒီကောင်မလေးက အခြေအနေရောဘယ် လိုရှိလဲ"

"အဖြေတော့ မပေးရသေးဘူးပေါ့ကွာ . . . ဒါပေမဲ့ ကောင်းမယ့်ပုံပါ"

မှန်ကြောင်က ခေါင်းကိုညိတ်သည်။ ချစ်တီးက . . .

"မင်းတို့ အပြင်မှာတော့ တစ်ခါမှမဆုံရသေးဘူးလား"

"ဆုံတယ်လေ . . . သူ ပန်းကောက်တဲ့အချိန်တွေဆို ဆုံဖြစ်တယ်"





ချစ်တီးက ခေါင်းကိုခါလိုက်ကာ . . .

"ငါပြောတာ အဲဒါကိုပြောတာမဟုတ်ဘူး . . . ဥပမာ . . ကော်ဖီဆိုင်လိုဟာမျိုးလေးမှာ နှစ်ယောက်တည်းတွေ့ပြီး စကားလေးဘာလေး အေးအေးဆေးဆေးပြောပြီးပြီလားလို့မေးတာ"

ကျွန်တော် ခေါင်းကိုခါပြလိုက်သည်။

"မပြောဖူးသေးဘူး"

"မပြောဖူးသေးရင် ကြိုးစားလေ . . . အဲလိုမျိုး အပြင်မှာလွတ်လွတ်လပ်လပ်တွေ့ဖူးမှ မင်းတို့တစ်ယောက်အကြောင်း တစ်ယောက်သိမှာပေါ့"

"ဟ . . ဖြစ်မလားကွ . . သူနဲ့ငါနဲ့က ရည်းစားမှမဟုတ်သေးတာ"

ချစ်တီးစိတ်ပျက်စွာ စုတ်သပ်ပြီး တစ်ဖက်သို့ချာခနဲလှည့်သွား၏။ ပြီးမှ ကျွန်တော့်ဘက်ပြန်လှည့်ကာ . . . .

"ဒါဆို ရည်းစားမဖြစ်သေးတဲ့အတွဲတွေ အပြင်မှာတွေ့ခွင့်မရှိတော့ဘူးလား . . . ပြီးတော့ မင်းကသာ သူ့ကိုချစ်တယ်ပြောနေတာ . . . မင်း သူ့အကြောင်း ဘာတွေသိထားလဲ"

ချစ်တီးပြောသောအဓိပ္ပာယ်ကို ကျွန်တော်သဘောပေါက်သည်။ ကျွန်တော် ကောင်မလေးအကြောင်းကို ယခု ကျွန်တော်သိထားတာထက်ပိုပြီး ဘာမှသိမထားဘူး။

တကယ်တော့ ကောင်မလေးအကြောင်းကို ကျွန်တော် ဒီထက်ပိုသိသင့်၏။ ဥပမာ - သူကြိုက်တတ်သော အရာလေးတွေ၊သူ ရွံမုန်းသောကိစ္စတွေ။

"ဒါဆို ငါက ကော်ဖီဆိုင်ခေါ်သွားဖို့ ကောင်မလေးကို ဘယ်လိုလုပ်ရမလဲ"

ကျွန်တော့်စကားဆုံးတော့ ပေါကြီးကဝင်၍ . . . .



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ ရှင်းပါတယ်. . . သူတက်နေတဲ့ကျောင်းကို လိုက်သွားပေါ့"

"ဒါတော့ ဖြစ်မယ်မထင်ဘူး. . . သူက အဝေးသင်တက်နေတာ"

"ဒါဆို တခြားသင်တန်းဘာရှိလဲ"

ပေါက်ကြီး၏စကားဆုံးတော့ ကျွန်တော်လက်ဖျောက်တစ်ချက်တီးလိုက်မိ၏။

"OK ငါသိပြီ. . . သူ ဂျပန်စာသင်တန်းတက်နေတယ် . . . ငါ သူ့သင်တန်းကိုစုံစမ်းပြီး လိုက်သွားမယ်"



သူမ များ သမီးရည်းစားတွေ လိုက်တုန်းက ဘယ်ဆိုင်လိုဟာမျိုးတွေမှာ သွားထိုင်လဲတော့မသိပေ။

ကျွန်တော့်မှာ သူမကိုခေါ်သွားဖို့အတွက် ဆိုင်တွေလျှောက်စဉ်းစားတာ တစ်ဆိုင်မှခေါင်းထဲပေါ်မလာပေ။

ကောင်မလေးတစ်ယောက်ကို ရည်းစားမဖြစ်ခင်ခေါ်သွားဖို့အတွက် ဆိုင်သည် လူသိပ်ရှင်းနေလို့လည်းမဖြစ်သေးပေ။ တော်ကြာသူမက လူသိပ်ရှင်းသည့်ဆိုင်မျိုးခေါ်လာလျှင် အခွင့်အရေးယူချင်လို့ဟု ထင်သွားလျှင်မကောင်း။

နောက်တစ်ခုက လူသိပ်ရှုပ်လွန်းလျှင်လည်း မသင့်တော်။ စကား အေးအေးဆေးဆေးပြောလို့မကောင်း။

အဲဒီတော့ ဘယ်လိုဆိုင်မျိုးလဲ. . .။

လူကလည်း အသင့်အတင့်ရှိရမည်။ ပတ်ဝန်းကျင် ပသာဒလည်း လှပရမည်။ ဆိုင်ကလေးက ကဗျာလည်းဆန်ရမည်။

ကျွန်တော့်စိတ်ထဲမှာ အတွေးပေါင်းစုံနှင့် ချာလပတ်ရမ်းကာ နေ၏။ ထို့နောက် ကန်တော်ကြီးထဲကဆိုင်လေးတွေကို ကျွန်တော်သွားသတိရလိုက်သည်။

တော်ဝင်မြို့မ စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ထိုအထဲကဆိုင်လေးတွေဆို မဆိုး။ လူလည်း သိပ်မများ။ ပြီးတော့ လာရောက်စားသောက်သည့်လူတွေက မိသားစုတွေနှင့် စုံတွဲ တွေများ၍ အေးအေးဆေးဆေးရှိ၏။ ပြီးတော့ ပတ်ဝန်းကျင်က လည်း အေးချမ်းသာယာသည်။

ထိုသို့တွေးပြီး ကျွန်တော့်ကိုယ်ကျွန်တော် ရယ်ချင်သွားသည်။ ကျွန်တော်က မုန့်ဆီကြော်က ဘယ်နေမှန်းမသိဘဲ နှုတ်ခမ်းနာကို စိုးရိမ်နေသလိုဖြစ်နေသည်။

ကျွန်တော်ခေါ်သည့်နောက်ကိုပဲ သူမက အတိအကျလိုက်တော့မလိုမျိုး။ ကျွန်တော် ထိုအဖြစ်အပျက်ကိုတွေးရင်း ပြုံးလိုက်ကာ အိပ်ရာပေါ်သို့ ခြေပစ်လက်ပစ်လှဲချလိုက်တော့၏။

စားပွဲမှာတင်ထားသည့်နာရီကို ကြည့်လိုက်တော့ ညတစ်နာရီ ခွဲလေပြီ။ သူမသင်တန်းက မနက်ကိုးနာရီစတက်ရ၍ ဒီအချိန် အိပ်မှသင့်တော်တော့မည်ဟုတွေးကာ အားလုံးကိုစိတ်လျှော့၍ ကျွန်တော် အိပ်လိုက်ပါတော့သည်။

တကယ်အိပ်တော့ အိပ်မပျော်။ မနက်ဖြန် သွားဖို့လာဖို့ကိစ္စအတွက် ရင်ခုန်နေမိ၏။ ဘာနှင့်တူသလဲဆို. . .

ဆယ်တန်းစာမေးပွဲ သွားဖြေမည့် ကျောင်းသားတစ်ယောက်လိုဖြစ်နေသည်။ ကိုယ်က စာတွေဘယ်လောက်ရထားတယ်ပဲ ပြောပြော၊ မေးသည့်မေးခွန်းထဲတွင် ပါမှပါပါ့မလားဆိုပြီး တွေးပူနေရသလိုမျိုး။

အမှန်တော့ ဆယ်တန်းစာမေးပွဲဆိုတာ သင်ရိုးညွှန်းတမ်းကို အကုန်ကျက်ထားလျှင် ဘယ်လောက်မေးခွန်းလှည့်လှည့် အေးအေးဆေးဆေးဖြေလို့ရနိုင်၏။ အခုဟာက သင်ရိုးညွှန်းတမ်းပြဋ္ဌာန်းမထားသော အချစ်စာမေးပွဲ။

ကိုယ်ထင်ထားတာတွေ ဖြစ်ချင်လည်းဖြစ်သွားနိုင်သည်။ လုံးဝလွဲချော်ချင်လည်း လွဲချော်သွားနိုင်၏။





မတတ်နိုင်တော့။

လာမည့်အေးသာ ပြေးတွေ့ဖို့ဆုံးဖြတ်ရင်း ထိုညက နာရီသံတစ်ချက်ချက်အောက်မှာ ကျွန်တော်ကြိတ်မှိတ်အိပ်လိုက်ရပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ည က အိပ်တစ်ဝက် နိုးတစ်ဝက်နှင့် မနက်ခုနစ်နာရီခွဲလောက် နိုးလာသည်။ နိုးနိုးချင်း မျက်နှာသစ်ပြီး ရေချိုးကာ အဝတ်အစားလဲဖို့ ဗီရိုကိုဖွင့်လိုက်၏။ ဘာဝတ်ရင်ကောင်းမလဲဟုစဉ်းစားတာ ငါးမိနစ်လောက်ကြာသွားသည်။ အရင်သူမအိမ်ရှေ့သွားတုန်းက ကိုယ့်ဘာသာကိုယ် ဘာဝတ်လို့ဝတ်ခဲ့လဲ မစဉ်းစားမိခဲ့သော ကျွန်တော်သည် အခု ထိုအဝတ်အစားဝတ်ဆင်မှုကိစ္စအတွက် ခေါင်းရှုပ်သွားရသည်။

ဒါ. . ထူးဆန်းသောစိတ်ခံစားမှုကို ကျွန်တော့်ကိုယ်ကျွန်တော် ပထမဦးဆုံး သတိပြုမိခြင်းပင်။ ယခုကနှင့်မတူတော့တာကို ဆိုလိုပါသည်။ အခုလို သူမနှင့် အဝေးတစ်နေရာမှာတွေ့ဖို့ကို ကျွန်တော် စတင်ရင်ခုန်ခြင်းဖြစ်ကောင်းဖြစ်နိုင်၏။

နောက်ဆုံးတော့ ပုဆိုးအပြာကွက်အစိပ်လေးနှင့် ရှပ်အင်္ကျီအဖြူလေးကိုဝတ်ကာ ကျွန်တော်ထွက်ခဲ့တော့၏။

ဧည့်ခန်းရောက်တော့ အမေက ကျွန်တော့်ကိုကြည့်ကာ. .

"သား ဘယ်သွားမလို့လဲ"

"အလှူသွားမလို့ပါ"





"ဟဲ့. . ငါလည်း မသိပါလား. . . ဘယ်သူ့အလှူလဲ"

ဒါမျိုးကျတော့ စဉ်းစားစရာမလိုဘဲ ခေါင်းထဲကချက်ချင်းထွက်၏။

"အထက်တန်းတုန်းက သူငယ်ချင်းတစ်ယောက်ရဲ့ အိမ်တက်ပါ. . . ဟိုနေ့ကတွေ့တော့ သားကိုဖိတ်သွားလို့"

အမေက ဘာမှဆက်မမေးတော့ဘဲ . . .

"ကားယူသွားမှာလား"

"ဟုတ်"

ကျွန်တော်ပြန်ဖြေရင်း အိမ်ကထွက်ခဲ့ပါတော့သည်။

သူမတို့သင်တန်းက (၃၈) လမ်းမှာဖြစ်၍ မြို့ထဲဘက်ကို ကျွန် တော်မောင်းထွက်ခဲ့သည်။ ဒီနေ့ သူမ ကျွန်တော့်ကိုတွေ့လျှင် အံ့သြသွားမှာ သေချာသည်။ ကျွန်တော် ဒီလိုမျိုး သူမသင်တန်းကို ရောက်လာမည်ဟု သူမထင်ထားမှာမဟုတ်။ ကျွန်တော်ကလည်း ကြို ပြောမထား။ သူမသင်တန်းနေရာကိုမေးတုန်းက စကားကြုံလို့ မေးမိသလိုမျိုး ဟန်ဆောင်မေးခဲ့၍ သူမ ကျွန်တော့်အကြံအစည်တွေကို ရိပ်မိမှာမဟုတ်ပေ။

ဒီလိုနှင့် တွေးနေရင်း (၃၈) လမ်းထိပ်ရောက်လာ၍ ကားချိုးဝင်ကာ လွတ်တဲ့တစ်နေရာမှာ ကားရပ်လိုက်သည်။ ထို့နောက် သူမတို့သင်တန်းရှိရာ တိုက်ခန်း၏ခပ်လှမ်းလှမ်းတစ်နေရာက မုန့်ဟင်းခါးဆိုင်မှာ ကျွန်တော်ထိုင်စောင့်နေလိုက်၏။

ရှစ်နာရီခွဲသာရှိသေး၍ နည်းနည်းစောသေးသည်။ သူမ ဒီ အချိန်ဆို ရောက်မှာမဟုတ်သေး။ လမ်းမှာပဲရှိနေဦးမည်။ ထို့နောက် မုန့်ဟင်းခါးတစ်ပွဲမှာစားကာ သင်တန်းရှိရာဘက်သို့လှမ်းကြည့်ရင်း စောင့်နေလိုက်ပါတော့သည်။

ခဏနေတော့ သူမ၏ကား ရောက်လာသည့်ကိုတွေ့ရ၏၊



www.burmeseclassic.com

www.burmeseclassic.com



သူမအဖေ လိုက်ပို့ခြင်းဖြစ်သည်။ ကားကိုလမ်းလယ်မှာပင် ခေတ္တရပ်ကာ သူမကားပေါ်က ခပ်သုတ်သုတ်ဆင်းသွားသည်ကိုတွေ့လိုက်ရသည်။

ကျွန်တော်လည်း မုန့်ဟင်းခါးလက်ကျန်ကိုတောင် ဆက်မစားနိုင်တော့ဘဲ ပိုက်ဆံအမြန်ရှင်းကာ သူမတက်သွားသော လှေကားအတိုင်း လိုက်တက်လိုက်ပါတော့သည်။ သူမသင်တန်းက ပထမအထပ်မှာဖြစ်၍ တံခါးဝမှာပင် ကျွန်တော်လှမ်းတွေ့လိုက်တော့ . . .

"ခရေ"

နာမည်ခေါ်သံကြားတော့ သူမရုတ်တရက် အနောက်လှည့်ကြည့်သည်။ ကျွန်တော့်ကိုတွေ့တော့ အံ့သြသွားကာ . . .

"ဟယ် . . ကိုအာကာ"

ကျွန်တော်ပြုံးပြလိုက်ရင်း . . .

"သင်တန်းတက်တော့မလို့လား"

အမှန်တော့ ထိုစကားသည် အပိုစကားသက်သက်သာဖြစ်သည်။ သင်တန်းလာတာမြင်ရဲ့သားနှင့် သင်တန်းတက်မလို့လားဆိုတော့ မေးတဲ့လူက ငပေါကြီးလိုဖြစ်နေ၏။ သို့သော် ရုတ်တရက် စတွေ့တွေ့ချင်း ဒီစကားပဲပြောစရာရှိ၍ဖြစ်၏။

ကောင်မလေးက

"ဟုတ်တယ် . . . အစ်ကိုက ဘယ်လာတာလဲ"

ကျွန်တော် ပေါ်တင်ပဲပြောချလိုက်သည်။

"ခရေ့ဆီကိုလာတာ"

ကောင်မလေးက မျက်လုံးလေးပြူးကာ . . .

"ညီမဆီ"

"ဟုတ်တယ် . . . ခရေ့ဆီကိုပဲ လာတာပါ"





"ဘာဖြစ်လို့လဲဟင်"

"လာလည်တာပေါ့"

ကောင်မလေးကရယ်၍ . . .

"အစ်ကိုကတော့ လုပ်တော့မယ် . . . ဒီမှာ ခရေပန်းကောက်စရာမှ မရှိတာ"

ကောင်မလေး၏ရွှတ်နောက်နောက်စကားကို ကျွန်တော်က ရယ်ပြလိုက်ရင်း . . .

"ခရေပန်းကောက်မှ လာလည်ရမှာလား"

ကောင်မလေးက ရယ်၍သာနေသည်။ ဘာမှလည်း ပြန်မပြောပေ။ ထိုအချိန်မှာ သင်တန်းသူသင်တန်းသားတွေ အဝင်အထွက်ရှုပ်နေ၍ ကျွန်တော်တို့နှစ်ယောက် စကားပြောရတာ အခက်တွေ့နေသည်။ ထိုကိစ္စကို အကြောင်းပြု၍ ကျွန်တော်က

"ခရေ . . . တစ်ခုခုသွားစားရအောင် အချိန်လေးများရမလား မသိဘူး"

ကောင်မလေးက လက်ကနာရီကိုကြည့်လိုက်ကာ . . .

"သင်တန်းချိန်ကနီးနေပြီ . . မရလောက်တော့ဘူး ထင်တယ်"

ကျွန်တော် အကျပ်ရိုက်သွားသည်။ ဘာဆက်ပြောရမှန်း မသိအောင်လည်း ဖြစ်သွားမိ၏။ သင်တန်းပြန်သည့်အချိန်ကျမှ သွားရအောင်လည်း သူမအိမ်ကကားက ကြိုရောက်နှင့်နေမည်ဖြစ်၍ မဖြစ်နိုင်။ ဘာလုပ်ရရင်ကောင်းမလဲ စဉ်းစားရင်း မထူးတော့ပြီမို့ ပွင့်ပွင့်လင်းလင်းသာ ပြောလိုက်ရပါတော့သည်။

"ဟိုဟာလေ . . ကိုယ်က ခရေ့ဆီကိုလာတာ . . . ပြောစရာလေးတွေ ရှိနေလို့ပါ . . . ပြီးတော့ ခရေနဲ့ အေးအေးဆေးဆေး ဆိုင်တစ်ဆိုင်မှာ စားရင်းသောက်ရင်းပြောချင်လို့ . . . အဲ . . အဲဒါ ဒီနေ့ သင်တန်းလေးများ ဖျက်လို့ရမလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



ရတ်တရက် သူမငြိမ်ကျသွား၏။ ရဲတင်းလွန်းသော ကျွန်တော့်စကားကြောင့် အံ့ဩသွားတာလည်းဖြစ်နိုင်သည်။ သို့သော် မတတ်နိုင်တော့။

ခဏကြာတော့ . . .

"အရမ်းအရေးကြီးလို့လား"

ကျွန်တော်ခေါင်းကို ဖြည်းညင်းစွာညိတ်ပြလိုက်ကာ

"အဲဒီလိုလည်း ပြောလို့ရတယ်. . . မဟုတ်ဘူးဆိုလည်း ရတယ်. . . ဘယ်လိုပြောရမလဲ. . . ကိုယ် ပွင့်ပွင့်လင်းလင်းပဲပြောပါရစေနော်. . . တစ်မျိုးတော့ မထင်ပါနဲ့. . . ကိုယ်က ဒီနေ့ ခရေနဲ့ အပြင်ကဆိုင်လေးတစ်ခုမှာထိုင်ရင်း စကားပြောချင်လို့ လာခဲ့တာပါ . . . အဲဒီအိပ်မက်လေးတစ်ခုတည်းနဲ့ ညကတောင် အိပ်လို့မပျော်ဘူး. . . တကယ်ပါ. . . ကိုယ့်ဘဝမှာ ဒါမျိုးလည်း တစ်ခါမှမလုပ်ခဲ့ဖူးပါဘူး. . . သူငယ်ချင်းတွေကလွဲလို့ သူစိမ်းမိန်းကလေးတစ်ယောက်နဲ့လည်း ဒါမျိုးမသွားဖူးပါဘူး. . . ခရေသာခွင့်ပြုမယ်ဆို ညက ကိုယ်တစ်ညလုံးအိပ်ရေးပျက်ရကျိုး နပ်ပါပြီ"

ကောင်မလေးက ကျွန်တော့်ကိုငေးသွားသည်။ ကျွန်တော်လည်း ကျွန်တော့်စကားလုံးတွေကို ကျွန်တော်ပြန်ငုံ့ကြည့်မိ၏။ ကိုယ့်ကိုယ်ကိုယ်တောင် မယုံနိုင်တော့။

ခဏကြာတော့ . .

"ရပါတယ်. . . ဒါပေမဲ့ သင်တန်းမပြီးခင် ဒီပြန်ရောက်မှ ရမှာ"

"အဲဒါတော့ စိတ်ချပါ. . . ခရေ့ကို ကိုယ်နားလည်ပါတယ် . . . ပြီးတော့ ဒီလိုခွင့်ပြုလို့ အရမ်းကျေးဇူးတင်တယ်"

ထို့နောက် ကျွန်တော်တို့ လှေကားပေါ်ကဆင်းလာခဲ့တော့၏။



ကာန် ရေပြင်ကို တိုက်ခတ်လာသောလေညင်းသည် ကျွန်တော်တို့ထိုင်နေသောဆိုင်လေးထဲသို့ ဖြည်းလိမ့်စွာ တိုက်ခတ်နေ၏။ ကောင်မလေးခေါင်းမှ ဆံနွယ်လေးများသည် လေညင်းရှိသမ်တွင် စီးမျောစွာ ဝေ့ဝဲနေသည်။

ကျွန်တော်ကတော့ ချွေးပျံနေ၏။ ဒီလို တစ်ခါမှမကြုံဖူး၍ ရင်တွေခုန်နေ၍ ပျံသောချွေးဖြစ်မည်။ အခုလိုပြောလိုက်လို့ ကောင်မလေးကတော့ အတွေ့အကြုံရှိနေ၍ အေးအေးဆေးဆေး ဖြစ်နေသည်ဟု မဆိုလိုပါ။ သူမကြည့်ရတာလည်း တော်တော်လေး ရင်ခုန်နေပုံရသည်။ ကျွန်တော်က ယောကျ်ားလေးဖြစ်၍ တော်ရုံတန်ရုံ ခံနိုင်ရည်ရှိသော်လည်း သူမကတော့ ကျွန်တော့်ထက်လည်း ငယ်သည်။ ပြီးတော့ ဒီလိုမျိုး သူစိမ်းယောကျ်ားလေးတစ်ယောက်နှင့် နှစ်ယောက်တည်း ထိုင်ဖူးပုံမရ။ ပြီးတော့ အဆိုးဆုံးက ကိုယ်က ချစ်ခွင့်ပန်ထားသည့်လူ။

ထို့ကြောင့် သူမက စထိုင်ကတည်းက ကြံရာမရဖြစ်ပြီး စားပွဲပေါ်က တစ်ရှူးဗူးကို မမြင်ဖူးသည့်ပစ္စည်းတစ်ခုလို ကိုင်ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကစ၍ . .

"ခရေ. . ဘာသောက်မလဲဟင်"

ကျွန်တော့်စကားသံကြားတော့မှ သူမအသိဝင်လာကာ မော့ကြည့်၍ . .

"အအေးပဲသောက်တော့မယ်"

"တစ်ခုခုစားပါဦးလား"

"အိမ်ကစားလာခဲ့လို့ ဗိုက်မဆာဘူး"

ကျွန်တော် စားပွဲထိုးလေးကိုလှမ်းခေါ်လိုက်ကာ ကိုကာကိုလာနှစ်ဗူးမှာလိုက်သည်။ ထို့နောက် စိတ်နည်းနည်းတည်ငြိမ်သွားအောင် စီးကရက်တစ်လိပ် ထုတ်သောက်ဖို့လုပ်လိုက်၏။ ပြီးမှ သူမကိုသတိရသွားကာ . . .

"ကိုယ် ဆေးလိပ်သောက်လို့ရမလားဟင်"

သူမက . . .

"ရပါတယ်. . . ဘာလို့လဲ"

"သြော်. . ဘာမှတော့ မဟုတ်ပါဘူး. . . တချို့တွေက ဆေးလိပ်နံ့ မခံနိုင်လို့ပါ"

သူမက တစ်ချက်ပြုံးလိုက်သည်။

"ညီမက ဆေးလိပ်နံ့မခံနိုင်ဘူးဆိုရင်ကော. . . အစ်ကိုက မသောက်ဘဲနေမှာလား"

ဒါ စာမေးပွဲမေးခွန်း၏ ပထမဆုံးပုစ္ဆာဖြစ်နိုင်သည်။ ကိုယ့်ဘက်က 'အင်းပေါ့'ဆိုပြီး လွယ်လွယ်နှင့် အဖြေပေးရောကတိပေးလို့ မဖြစ်မှန်းနားလည်၏။ တစ်ရက်နှစ်ရက်လောက် မသောက်ဘဲနေပြီး နောက်နေ့တွေကျမှသောက်မိလျှင် ကတိကိုလွယ်လွယ်ပေးတတ်သူဟု ထင်ခံရနိုင်သည်။ ထို့ကြောင့် . .

"အဲဒါဆို ဟိုဘက်နားမှာ သွားသောက်ပေးမှာပေါ့"





သူမက ပြုံးပြုံးလေးသာ ကျွန်တော့်ကိုကြည့်နေပါသည်။ ကျွန်တော့်ဘက်က ပြန်စိုက်ကြည့်တော့ သူမမျက်လွှာချကာသွား၏။

ထိုအချိန်မှာပင် မှာထားသည့်အအေးနှစ်ဗူးရောက်လာ၍ ကျွန်တော်က တစ်ဗူးကိုဖောက်ကာ သူမအတွက် ဖန်ခွက်ထဲကိုထည့်ပေးရင်း . . .

"ခရေက လောကကြီးမှာ ဘာကိုအမုန်းဆုံးလဲ. . . ဘာကိုအချစ်ဆုံးလဲ"

"ဘာကိုဆိုလိုတာလဲဟင်"

"သြော်. . လူတွေမှာ အမုန်းဆုံးနဲ့ အချစ်ဆုံးအရာတွေ ရှိတတ်ကြတယ်လေ. . . အဲဒါကြောင့် မေးကြည့်တာပါ"

"အစ်ကို အရင်ပြော"

ကျွန်တော် တစ်ချက်စဉ်းစားလိုက်သည်။ အမှန်တော့ အမုန်းဆုံးနှင့် အချစ်ဆုံးအရာဟူ၍ ကျွန်တော့်မှာ ဒီအရွယ်အထိမရှိသေးပေ။ သို့သော် ကိုယ်က သူများကိုသွားမေးပြီးနေ၍ ကိုယ့်ဘက်က တော့မရှိလျှင် အဓိပ္ပာယ်မရှိရာရောက်၏။ ထို့ကြောင့် လတ်တလော စဉ်းစားမိသော . . .

"မူးယစ်ဆေးဝါးနဲ့ ခရေ"

"ရှင်"

သူမက တအံ့တသြမျက်လုံးပြူးကြည့်နေ၍

"အမုန်းဆုံးက မူးယစ်ဆေးဝါး. . . အချစ်ဆုံးက ခရေ"

နောက်စကားကို သူမကိုလက်ညှိုးထိုးကာ ပြောမိ၏။ သူမ ရှက်သွားကာ မျက်နှာလေးဟိုဘက်လှည့်သွားသည်။ တော်တော်ကြာသည်အထိ ပြန်လှည့်မလာ၍ ကျွန်တော်စိုးရိမ်သွား၏။

"ခရေ စိတ်ဆိုးသွားတာလားဟင်"

သူမ ကျွန်တော့်ဘက်ပြန်လှည့်လာကာ . . .



www.burmeseclassic.com

www.burmeseclassic.com



"မဆိုးပါဘူး"

ကျွန်တော်တို့နှစ်ယောက်ကြား ခဏတိတ်ဆိတ်သွားသည်။ သူရော ကျွန်တော်ရော အအေးကိုသာသောက်နေမိ၏။

အတော်လေးကြာတော့မှ ကျွန်တော်က . . .

"ခရေ . . ကိုယ့်အပေါ် ဘယ်လိုသဘောထားလဲဟင်"

ကောင်မလေးက မော့ကြည့်၍ . . .

"ဘာကိုလဲဟင်"

"ဟိုဟာလေ. . . ကိုယ် ဖွင့်ပြောထားတဲ့ကိစ္စ"

ကျွန်တော့်စကားဆုံးတော့ ကောင်မလေးက သက်ပြင်းချကာ ခေါင်းငုံ့သွားသည်။ တော်တော်လေးကြာမှ . . . .

"ဖေဖေနဲ့ အစ်ကိုတို့က သဘောတူမှာမဟုတ်ဘူး. . . အခုလို အစ်ကိုနဲ့နှစ်ယောက်တည်းတွေ့တာသာသိရင် ခရေအသတ်ခံရမှာ"

ကျွန်တော် စိတ်ညစ်သွားသည်။

"ကိုယ့်မှာ ခရေတို့အဖေတွေ သဘောမတူနိုင်စရာ ဘာရှိလဲဟင်"

သူမခေါင်းခါပြကာ . . .

"သူတို့က မရဘူး. . . ခရေ့ကို ဒီအရွယ်နဲ့ရည်းစားထားလို့ မရဘူးတဲ့. . . ပြီးတော့ သူတို့သဘောတူတဲ့လူနဲ့မှ ပေးစားမှာတဲ့"

ကျွန်တော် ရင်တုန်သွားသည်။

"ခရေ့မှာ သဘောတူထားတဲ့လူရှိလား"

သူမ ခေါင်းညိတ်လိုက်ချိန်တွင် ကျွန်တော့်ကမ္ဘာတစ်ခုလုံး တုန်လှုပ်ချောက်ချားသွား၏။

"တကယ်"

"ဟုတ်တယ်. . . သူက အခုစက်ာပူမှာပါ"





"ခ. . ခရေကရော သူ့ကိုကြိုက်လား"

"မကြိုက်ဘူး. . . သူ့ကိုမကြိုက်ဘူးလို့ အဖေတို့ကိုပြောတယ်"

"အန်ကယ်တို့က ဘာပြောလဲ"

"လျှာမရှည်နဲ့တဲ့. . . လူကြီးတွေစီစဉ်တာ နာခံရမယ်လို့ ပြောတယ်"

ကျွန်တော့်ရင်ထဲမှာ မုန်တိုင်းနှစ်စင်း အပြိုင်ကြဲနေသည်။

ကောင်မလေးကို မပိုင်ဆိုင်ခင်ကတည်းက လက်လွှတ်လိုက်ရမလိုဖြစ်နေသည်။

ဒီလိုတော့ ကျွန်တော်လက်မခံနိုင်။

ဘယ်အရာက အရေးကြီးဆုံးလဲလို့ ကျွန်တော်စဉ်းစားသည်။

ကောင်မလေးဆီက အချစ်ကိုရဖို့က အရေးကြီးဆုံးဖြစ်သည်။ ထို့ကြောင့် ကျွန်တော်ပြတ်ပြတ်သားသားဆုံးဖြတ်လိုက်ကာ သူမလက်ကို ဖျတ်ခနဲဆွဲကိုင်လိုက်၏။

ရုတ်တရက်ဆိုတော့ ကောင်မလေး တော်တော်လန့်သွားကာ ကျွန်တော့်ကို မျက်လုံးအဝိုင်းသားလေးနှင့်ကြည့်နေ၏။

"ကိုယ့်ကို ဒီလိုလုပ်လိုက်လို့ ခွင့်လွှတ်ပါ ခရေ. . . ကိုယ့်ဘဝမှာ ခရေတစ်ယောက်တည်းကိုပဲချစ်ခဲ့ဖူးတယ်ဆိုတာ ယုံပါ. . . ကိုယ် ခရေနဲ့မဝေးနိုင်တော့ဘူးကွာ. . . ကိုယ့်အချစ်ကို ခရေလက်ခံပါနော်. . ခရေသာ ကိုယ့်အချစ်ကိုလက်ခံမယ်ဆိုရင် ကိုယ် အရာရာကို ရင်ဆိုင်ရဲပါတယ်"

ကောင်မလေး ကျွန်တော့်ကို ကြောင်တောင်တောင်လေး ကြည့်နေတုန်းပင်။

"ပြောလေ ခရေ. . . ခရေက စင်္ကာပူကလူကိုမချစ်ဘူးဆို"

သူမက ခေါင်းညိတ်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကဆက်ပြီး ....

"ကိုယ့်ကိုတော့ ချစ်ပါနော်"

ခေါင်းညိတ်တာလား၊ ခေါင်းငုံ့သွားတာလားတော့ မသိ၊ ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ သူမဘေးပြေးကပ်လိုက်ကာ ..

"စမ်းသာလိုက်တာ ခရေရယ်. . . ကိုယ်ပျော်လိုက်တာ"

"ဘာ. . ဘာပြောလိုက်လို့လဲဟင်"

"ခရေ ခေါင်းညိတ်လိုက်တာလေ"

"မညိတ်ပါဘူး"

"ဟာ. . ကိုယ်မြင်ပါတယ်. . . မလိမ်နဲ့. . . ဒီလို ဒီလိုညိတ်လိုက်တာ"

"ဟာ. . ဟုတ်ပါဘူး"

"ဟုတ်ပါတယ်. . . လိမ်ရဘူး. . . မရဘူး"

ကျွန်တော် ဘူးတစ်လုံးမက ဘူးအလုံးတစ်ရာဆောင်လိုက်သည်။ ပြီးတော့ သူမဘေးနားကခုံမှာကပ်ထိုင်လိုက်ပြီး. . .

ကျွန်တော် ....

"အို. . အစ်ကိုနော်"

"မခွဲနိုင်တော့လို့ပါ ခရေရယ်"

ကောင်မလေးက မရုန်းပါ။

ကျွန်တော် သိပါသည်။ သူမမှာ ရုန်းဖို့အင်အားတွေမရှိတော့ဘူးဆိုတာ. . .။

မိုးဆက်လင်းထက်

www.burmeseclassic.com